# ဓမ္မစကြာ

## အမေးအဖြေ

လှသမိန်

၈၁၁၆
၂၉၄-၃၁၂

# ဓမ္မစကြာ
## အမေးအဖြေ

လှူသမိန်

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာ ... ိုက်



ဗုဒ္ဓမြတ်စွာဘုရား ဓမ္မစကြာတရား ဟောကြားနေပုံ

# ဓမ္မစကြာအမွှန်း

ဒွိပဒုတ္တမ၊ တြိုဥက္ကဋ္ဌ၊ သုံးလောကမှန်ကူ၊ သယမ္ဘူစိန္တေယျသည်၊ လောကတွင်အထွတ်၊ တမွတ်ဥက္ကဋ္ဌ၊ မြတ်သည်ထက် မြတ်တော်မူ၍၊ ဝဋ္ဋအပူရတက်ဝဲ၍၊ တသက်စွဲ သံသာမရှည်တော့ဘဲ၊ ဉာဏ်ပါရမီ တရားအစစ်ပေါက်သဖြင့်၊ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင်၊ မာရ်ရန်သူ ဟူသမျှကို၊ ဘုန်းတော်ရောင် ဂုဏ်လွှဖြင့်၊ ဖြတ်ချဖျက်ချေကာ၊ ကနက်ဗွေ အပရာဇိတတွင်၊ ဘဂဝါဇိနဟူ၍၊ မဂ်ဉာဏ်ဝင်ပြီးသော်၊ တက်စံရှင် သတ္တဋ္ဌာနဋ္ဌ၊ မှတ်စရာတာဝ၊ အလီလီပြောင်း၍၊ နဝစာလီရှည်ညောင်းအောင် စံတော်မူလေသတည်း။

ထိုအခါ သမ္မာသမ္ဗုဒ္ဓ၊ သုဂတသည်၊ သုံးလောက အမိုက်သတ္တဝါတို့အား၊ အမြိုက်မမွှာ မြတ်တရားကို၊မှတ်သားစေ မြွက်ဟောပြသော်လည်း၊ ရမ္မက်မောဟ အဝိဇ္ဇာဖက်သဖြင့်၊ အမိပ္ပါယ်မထွက်၊ နက်နဲမတန်အောင်၊ ခက်ခဲဟန် အကြောင်း မြင်သောကြောင့်၊ တသောင်းခွင် လောကီတိုက်တွင်၊ အမြိုက်တရား၊ မဟောကြားပြီဟု၊ စဉ်းစားဉာဏ်ယူ၊ ဈာန်ချမ်းသာကိုသာဝင်စားတော် မူလေသတည်း။

ထိုရောအခါ၊ ဗြဟ္မာသဟံ၊ အမြင်သန်သည့် ဉာဏ်ဝိဒူက၊ ပူပင်သောက၊သတ္တဝါအားလုံးအတွက်၊ ညှိုးချုံးလှသဖြင့်၊နဿတိဝတ

ဘောလောကောဟု၊ လောကအများ၊ ပျက်စီးလားကို၊ မြွက်ကြားဟစ်အော်၊ ညည်းပြီးသော်တည့်၊ သုံးဘော်ဝိပတ်၊မြတ်မုနိအား၊ ကပ်ဘိမကြာ၊ ရှိသေစွာလျှင်၊ ဒေသနာတရား၊ စဉ်သနားသဖြင့်၊ဟောကြားတော်မူပါဟု၊ဒေသေတု ဘဂဝါ ဓမ္မံနှင့် ပါဠိသံစာအရှိလျှင်သုံးကြိမ်ထိ၊တောင်းပန်တော်မူလေသတည်း။

ဗြဟ္မာသဟံ၊ သို့တောင်းပန်လျှင်၊ အရဟံဇိနော်၊ ကရုဏာမျှော်၍၊ ဉာဏ်တော်စက္ခု၊ ထင်ရှားရှုလေသော်၊ တခုသောနေရာ သေလာရဂုံ၊ မိဂဒါဝုန်၌၊ ခိုလှုံပေါင်းဖက်၊ ပဥ္စဝဂ္ဂီ၊ အသီငါးဦး၊ တရားထူးကြံဖေါ်၊ ပုဂ္ဂိုလ်ကျော်တို့အား၊ မြင်တော်မူလေရာ၊ ဒေသနာ ဓမ္မစက်၊ ဟောဖေါ် မြွက်မည်ဟု၊ စက်တော်ပါဒ၊ မြှောက်ချီကြွ၍၊ ဒေသစာရီ၊ ဖြန့်ချီတော် မူခဲ့ပြီးကာ၊ မဟာသက္ကရာဇ်၊ တွက်စစ်မှတ်ကျုံး၊ တရာ့သုံးတွင်၊ ပုန်းညက်စိုစို၊ လဝါဆို၏၊ ဗဟိုတည့်ညီ၊ ပုဏ္ဏမီ၌၊ မဟီတသောင်း၊ တိုက်အပေါင်းမှ၊ ခ,ညောင်းရောက်လာ၊ နတ်ဗြဟ္မာတို့အား၊ သစ္စာလေးချက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ဟောကြားဟော် မူလေသတည်း။

ဤသို့ဦးစွာ၊ ဒေသနာဟော်မြတ်ရှေး၊ ဒွေးမေဘိက္ခဝေ၊ ဖေါ် ညွှန်းလေသား၊ လေးထွေသစ္စာ၊ မြတ်ဓမ္မစကြာကို၊ ၃ါကာလ၊ စုဝေးရောက်လာကြကုန်သော၊ ဓမ္မသဘာ၊ သူတော်စွာတို့သည်၊ သဒ္ဓါဟုန်အဉ္စလီဖြင့်၊ ဦးထိပ်မှာတင်ချီ၍၊ စုံအညီကော်ရော်တွား ပါလို့၊ ရွတ်ပွားသရဇ္ဈာယ်တော်မူကြပါကုန်လော။

# ဓမ္မစကြာနေ့ဘွဲ့

## (ပါဒထပ်တွန့် ရှစ်ဆယ်ပေါ် တေးထပ်)

နွှဲကာ၊ ငဲ့ကာ၊ ဖွဲ့ကာခက်သမို့၊
တွဲ့ကာပြိုင်ယှက်၊ ပုန်းညက်ဖြာ၊
လဲ့ကာခိုင်ဆက်၊ ချွဲဖြာဆိုင်ထွက်၊ သွဲ့ညှာကြိုင်လျက်၊ ကုန်း
ထက်ဝနာငယ်၊
မှုန်းလျက်ချယ်ရော၊ မိဂဒါတနန်း။
မြတ်ရှင်တုမရ၊သဗ္ဗညုတ၊ ထွတ်တင်သုဂတ၊ စောမြတ်ရှင်ငယ်
ဟောရွက်ထင်ထင်၊ မြိုက်ဦးဓမ္မစက်ညွှန်း။
ဆိုက်ကျူးဘဂဂ်ထွန်း။ ။
တဖြုတ်စာလူ့ဘဝ၊ ယုတ်စွာအမှုအစ၊ ဒုက္ခာသမုဒယ'
အစစ်တရားမြင်ကာ၊
ရှစ်ပါးမဂ္ဂင် ထင်စွာထွန်း၊
မခြားနားမိတ်ဟူ၊ ငါးပါးဘိက္ခူ၊ ပွားများစိတ်တူ၊ ဖြူစင်
လန်းလို့၊
ဖြူမင်မသန်းဘို့ တရားဒေသနာ။
ထူးတင့်ပြောင်ဝေ၊ မြူး ပွင့် မှောင် သွေ၊ မှူးရှင့်ရောင်ရွှေ
ဆောင်မွေ့ကွန့်လို့၊

ထောင်ကုဋေအဝှန်း၊ အင်္ကနိဋ္ဌထိအောင်ဖြာ။
အထက်နိမိတ် ရဝိထောင်ပမာ။ ။

ဝင်္ဂတဏှာမီးလှုင့်၊ ကျွတ်ကွာပြီးခွင့်၊ လွတ်ရာခရီးအဖွင့်၊
လေးသစ္စာကို၊
ကြွေးလှစ်ဖွင့်ရာ၊ ခါအလိုဆ,လို့၊
ဝါဆိုမာသ၊ ခါအလိုသာစွ၊ ဝနာစိုကာလ၊ တည့်ထွန်း
မပျက်နွယ်ဝင်၊
ပြည့်စန်းရက်ဝယ်တွင်။

တသက်တာမမေ့မှု၊ဆက်ကာအလေ့ပြု၊မမ္မစကြာနေ့ဟု၊
ရှေ့ရှုဆင်သည်၊
ယနေ့ဇမ္ဗူခွင် အမြိုက်တရား ရှင်ဘုိ့ရေး။
မမေ့လူရှင် စရိုက်မှားမဝင်ဘို့လေး။ ။

(လှသမိန်)



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဓမ္မစကြာ

## အမေး-အဖြေ

၁။ မေး။ ။ဓမ္မစကြာဟူသည် အဘယ်သို့သော တရားတော် ဖြစ်သနည်း။

ဖြေ။ ။ဓမ္မစကြာဟူသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော် အနှစ်စု ဖြစ်သော သစ္စာလေးပါး တရားတော် ဖြစ်ပါသည်၊ ထိုတရားတော်သည် တရားဟူသမျှ၏ အခြေခံ ဖြစ်၍ နိဗ္ဗာန်ရောက်ကြောင်း တရားလမ်းစဉ်ဖြစ်ပါသည်။

၂။ မေး။ ။ဓမ္မစကြာသုတ်ဟူ၍ အဘယ်ကြောင့် ခေါ်ဆိုပါသနည်း။

ဖြေ။ ။ကျမ်းဂန်၌ ဓမ္မ - စက္က - ပဝတ္တနသုတ်ဟု ခေါ်ပါသည်၊ အဓိပ္ပါယ်မှာ ဉာဏ်တော် စက်ဝန်း လည်သော တရားဟုဆိုလိုပါသည်၊ သစ္စာလေးပါးကို ဖွင့်ထုတ်ဟောကြားတော်မူရာ၌ ဉာဏ်အလင်းရောင် ထိန်လင်းစွာ ထွန်းညှိပေးလိုက်သည့်အလား လူ နတ် ဗြဟ္မာတို့၏ အမိုက်တိုက်တွင် ဉာဏ်တော် အလင်းရောင်ဖြင့် ဖြန့်ချဲ့ထိန်လင်း စေပါသည်၊ ထိုတရားတော်သည် မြတ်စွာဘုရား ကိုယ်တော်မြတ်၏ ကြည်လင်သော ဉာဏ်တော် ဖြန့်ချဲ့ ဟောကြားတော် မူသော အလင်းရောင် တရားမြတ်ဖြစ်သဖြင့် ဉာဏ်စက်ဝန်းကြီး လှည့်ပတ်တော်မူသည့်သဘောလက္ခဏာဖြင့် တင်စား၍ ထိုတရားတော်ကို ဉာဏ်စက်လှည့်တရား(ဝါ) ဓမ္မစကြာတရားဟူ၍ ခေါ်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

၃။ မေး။ ။ဓမ္မစကြာ တရား၏ အမှတ်အသားကို မည်သို့အထိမ်းအမှတ် ပြုခဲ့ကြပါသနည်း။

ဖြေ။ ။ဉာဏ်စက်လှည့်ခြင်းကို အကြောင်းပြု၍ ဓမ္မစက္ကဟူသော ပုဒ်အရ(လှည်းဘီး) စက်ဝန်းသဏ္ဍာန်ကို အထိမ်းအမှတ်ပြုကြပါသည်၊ မြတ်စွာဘုရား၏ တရားဒေသနာတော် ဟူသမျှကိုပင် စက်ဝန်းသဏ္ဍာန်ဖြင့် အမှတ်အသားပြုကြပါသည်၊မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ရုပ်ပွားဆင်းတုတော်များ မထုလုပ်ကြသေးမီက တရားရတနာ၏ အမှတ်အသား ဖြစ်သော စက်ဝန်းပုံကို အလေးအမြတ်ပြု၍ ရည်မှတ်ပူဇော်ကြပါသည်။

၄။ မေး။ ။ဉာဏ်တော်စက်ဝန်း လှည့်သည်ဟုဆိုရာ၌ အဘယ် ဉာဏ်တော်များ အဖြစ် မှတ်သားရပါအံ့နည်း။

ဖြေ။ ။ပညာတော်ဖြင့် ဆင်ခြင်အပ်သော မိမိကိုယ်တော် မြတ်အဖို့ အရိယဖိုလ်သို့ ပို့ဆောင် တတ်သော လောကုတ္တရာဉာဏ်တော်သည် **ပဋိဝေဓဉာဏ်** တော်ဖြစ်ပါသည်၊ ကရုဏာတော်ဖြင့်ဆင်ခြင်အပ်သော သာဝကတို့၏ အရိယဖိုလ်ကို ဆောင်တတ်သော လောကီ ဉာဏ်တော်သည် **ဒေသနာဉာဏ်** တော်ဖြစ်ပါသည်၊ ထိုဉာဏ်တော် နှစ်ပါးအားဖြင့် ချုပ်၍မှတ် သားနိုင်ပါသည်၊ သစ္စာလေးပါးကို ထိုးထွင်းသုံးသပ်၍သိခြင်း သည် ပဋိဝေဓဉာဏ်ဖြစ်၍ သစ္စာလေးပါးကို ဖွင့်ထုတ်ဟောကြား ခြင်းသည်ဒေသနာဉာဏ်တော်ဖြစ်သည်ဟုဆိုနိုင်ပါသည်၊ထိုဉာဏ် တော်တို့ စက်ဝန်းလှည့်ခြင်းဟု ဆိုလိုပါသည်။

၅။ မေး။ ။မြတ်စွာဘုရား၏ ဉာဏ်တော် ၁၀ ပါးဟု သိမှတ် ရပါသည်၊ အဘယ်ကြောင့် နှစ်ပါးဟုသာ ဖော် ပြပါသနည်း။

ဖြေ။ ။နှစ်ပါးဟု ဖော်ပြသည်မှာ ဉာဏ်တော်များကို တပါးစီ သရုပ်ခွဲခြားခြင်း မဟုတ်ဘဲ အမျိုးအမည် အားဖြင့် ခွဲကန့်၍အစုပြုခြင်း သဘောသာ ဖြစ်ပါသည်၊ မြတ်စွာ ဘုရား၏ ဉာဏ်တော်သည် အတိုင်းအဆမရှိ ကြီးမားလှပါသည်၊ များလှစွာသော ဉာဏ်တော်အနန္တတို့တွင် ထင်ရှားသော ဉာဏ် တော်များကို သချ်ာတပ်၍သာလျှင် ဉာဏ်တော်အား ၁၀ ပါး ဟူ၍ ရေတွက်ခြင်း ဖြစ်ပါသည်။

၆။ မေး။ ။ဉာဏ်တော် ၁၀ ပါးကိုလည်း သိလိုပါသည်၊ ရှင်းပြပါ။

## မမွှစကြာ အမေး - အဖြေ

ဖြေ ။ ။ဒသနိပါတ်အင်္ဂုတ္တိုရ်ကျမ်းအရဉာဏ်တော် ၁၀ ပါး မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ဌာနာဌာနကောသလ္လဉာဏ်၊ အကြောင်းဟုတ် မဟုတ် သိသောဉာဏ်၊

၂။ ဝိပါကဉာဏ်၊ ကောင်းကျိုး မကောင်းကျိုးကိုသိသော ဉာဏ်၊

၃။ သဗ္ဗတ္ထဂါမိနီဉာဏ်၊ သတ္တဝါတို့ လားရာ သွားရာကို ကုန်အောင် အစုံသိသောဉာဏ်၊

၄။ နာနာဓါတုဉာဏ်၊ အထူးထူးသောဓါတ်တို့ကိုသိသော ဉာဏ်၊

၅။ အဓိမုတ္တိဉာဏ်၊ အလိုဆန္ဒဟူသမျှကိုသိသောဉာဏ်၊

၆။ အိန္ဒြိယပရောပရိယတ္တိဉာဏ်၊ အိန္ဒြေ အနု အရင့်ကို သိသော ဉာဏ်၊

၇။ ဈာနာဒိသံကိလေသဉာဏ်၊ ဈာန်၊ ဝိမောက္ခ၊ သမာဓိ သမာပတ် စသည်တို့၏ ညစ်ညူးကြောင်းကို သိသော ဉာဏ်၊

၈။ ပုဗ္ဗေနိဝါသဉာဏ်၊ ရှေးဖြစ်ဟောင်း ဘဝခန္ဓာစဉ်ကို သိသောဉာဏ်၊

၉။ ဒိဗ္ဗစက္ခုဉာဏ်၊ နတ်မျက်စိကဲ့သို့ အလင်းရောင်ခြည် စူးယှဉ်ထက်မြက် လှမ်းခြုံနိုင်သောဉာဏ်၊

၁၀။ အာသဝက္ခယဉာဏ်၊ အရဟတ္တမဂ်ဉာဏ်၊

၇။ မေး။ ။ဉာဏ်တော် ၁၀ ပါးကို သိရပါသည်၊ တရားအားထုတ် သူတို့ ပစ္စက္ခ၌ ဉာဏ်အမြင် ပေါက်နိုင်သည် ဆိုသည့် ဉာဏ် ၁၀ ပါးမှာ ထိုဉာဏ်များ ဖြစ်ပါသလား။

ဖြေ။ ။ထိုဉာဏ်များ မဟုတ်ပါ၊ တရားအဆင့်မြင့်သော ဉာဏ် ၁၀ ပါးမှာ ဝိပဿနာ ဉာဏ် ၁၀ ပါးသာ ဖြစ်ပါသည်၊ ဝိပဿနာဉာဏ် ၁၀ ပါးကို အောက်ပါအတိုင်း မှတ်သားပါ။

၁။ **သမ္မသနဉာဏ်**၊ ရုပ်နာမ်တရားစုကို လက္ခဏာသုံးပါး တင်၍ ဆင်ခြင်သုံးသပ်သောဉာဏ်၊

၂။ **ဉဒယဗ္ဗယဉာဏ်**၊ ရုပ်နာမ်တရားတို့၏ ဖြစ်ပုံ ပျက်ပုံကို ရှုသောဉာဏ်၊

၃။ **ဘင်ဉာဏ်**၊ ရုပ်နာမ်တရားစု၏အပျက်ကိုရှုသောဉာဏ်၊

၄။ **ဘယဉာဏ်**၊ ရုပ်နာမ်တို့၏ ကြောက်မက်ဖွယ် ဘေးကို ရှုသောဉာဏ်၊

၅။ **အာဒီနဝဉာဏ်**၊ ရုပ်နာမ်တို့၏ အပြစ်ကိုရှုသောဉာဏ်၊

၆။ **နိဗ္ဗိဒါဉာဏ်**၊ ရုပ်နာမ်တို့၌ ငြီးငွေ့သောဉာဏ်၊

၇။ **မုစ္စိတုကမျတာဉာဏ်**၊ သင်္ခါရတို့မှ လွတ်မြောက်လိုသော ဉာဏ်၊

၈။ **ပဋိသင်္ခါရဉာဏ်**၊ ထိုသင်္ခါရတို့၌ လက္ခဏာရေးသုံးပါး ဖြင့် ထပ်မံ၍ ရှုသောဉာဏ်။

၉။ **သင်္ခါရုပေက္ခာဉာဏ်**၊ သင်္ခါရတို့၌ လျစ်လျူရှုနိုင်သော ဉာဏ်။

## ၁၀။ အနုလောမဉာဏ်၊ ဉာဏ်စဉ်နှင့်တကွ မဂ်ဖိုလ်တရားတို့ကို လျှော်စွာရှုသောဉာဏ်။

၇။ မေး။ ။ဓမ္မစကြာတရားကို မည်သူဟောကြားတော် မူပါသနည်း။

ဖြေ။ ။ဓမ္မစကြာတရားကို ဂေါတမမြတ်စွာဘုရား ဟော ကြားတော်မူပါသည်။ ဂေါတမမြတ်စွာဘုရားသည် ဘဒ္ဒကမ္ဘာ ခေတ်ကာလတွင်ပွင့်ပြီး ဘုရားလေးဆူအနက် နောက် ဆုံးပွင့်ခဲ့သော ဘုရားရှင်ဖြစ်၍ ဤဘဒ္ဒကမ္ဘာတွင် အရိမေတ္တေယျ မြတ်စွာဘုရားတဆူ ထပ်မံ ပွင့်တော်မူဦးမည် ဖြစ်ပါသည်။ ပွင့်တော်မူပြီး ဘုရားလေးဆူမှာ အစဉ်အတိုင်းအားဖြင့် ကကုသန် မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရားများ ဖြစ်ပါသည်။

၈။ မေး။ ။ဓမ္မစကြာတရားကို ဂေါတမမြတ်စွာဘုရား သာ လျှင် ဟောနိုင်ပါသလား၊ ယခင်အထက်က ပွင့်ပော် မူပြီး ဘုရားရှင်များ မဟောခဲ့ဘူးလား။

ဖြေ။ ။မြတ်စွာဘုရားဟူသမျှသည် သစ္စာလေးပါးတရားကို သိမြင်ပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူမြဲဖြစ်ပါ သည်။ ထို့ကြောင့် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူခဲ့ကြသော ဘုရားရှင်တို့သည် ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရား (သစ္စာလေးပါး တရားဦး)ကိုပင် ဟောကြားတော်မူခဲ့မြဲဖြစ်ပါ သည်။ နောင်ပွင့်တော်မူမည့် အရိမေတ္တေယျစသော ဘုရားရှင်

လည်း ဓမ္မစကြာတရားကိုပင် ဦးဦးဖျားဖျား ဟောကြားတော်မူပါလိမ့်မည်။

၁၀။ မေး။ ။ဓမ္မစကြာတရားကို ဘုရားဖြစ်တော်မူပြီးလျှင် ပြီးချင်း ဟောတော်မူခဲ့ပါသလား။

ဖြေ။ ။ ဓမ္မစကြာတရားကို ဘုရားဖြစ်တော်မူပြီးနောက် နှစ်လကြာမှ ဟောကြားတော်မူပါသည်။ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်များကို ပေါက်မြောက်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်ပါသည်။ ဘုရားဖြစ်ပြီးသော် ခုနစ်ဌာန၌ ခုနစ်ရက်စီ စံတော်မူပါသေးသည်။ သတ္တဌာနစံသည်ဟုဆိုရပါမည်။ ထို့နောက်မှ ဗောဓိမဏ္ဍိုင်မှ ၁၈-ယူဇနာကွာဝေးသော ဗာရာဏသီသို့ ခြေလျင်ခရီးကြွသွားတော်မူပြီး မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်နေ့တွင်မှ ဓမ္မစကြာသုတ်အကျဉ်းကို ဟောကြားတော်မူပါသည်။ လပြည့်ကျော် ၁-ရက် ၂-ရက်၊ ၃-ရက်၊ ၄-ရက်နေ့များ၌ ဓမ္မစကြာသုတ် အကျယ်ကို ဟောတော်မူပါသည်။

၁၁။ မေး။ ။ဓမ္မစကြာတရားသည် မည်သို့ထူးခြားပါသနည်း။

ဖြေ။ ။ဓမ္မစကြာ တရားမှာ ဘုရားဖြစ်တော်မူပြီးနောက် အဦးဆုံးဟောကြားတော်မူသော တရားဦး ဖြစ်ပါသည်။ နောင်အခါ ၄၅-ဝါပတ်လုံး ဟောကြားတော် မူသမျှ

တရားအားလုံးမှာ သစ္စာလေးပါး ဓမ္မစကြာ တရားသာလျှင် အခြေခံ ဖြစ်ပါသည်။ ဗုဒ္ဓတရားတော်၏ အခြေခံ သဘောတရားလည်း ဖြစ်ပါသည်။ လောကကို ရှုမြင်သုံးသပ်ပုံနှင့် လောကမှ ထွက်မြောက်ရာလမ်းကို တွေ့မြင်ပုံတို့သည် ဗုဒ္ဓဘာသာဝင်(ဝါ) ဗုဒ္ဓ၏တပည့်များအတွက် အလင်းရောင်တရားလမ်းစဉ် ကျင့်ထုံးကျင့်နည်းမှန်များ ဖြစ်သဖြင့် တလောကလုံးကို ထွက်ရပ်လမ်းပြသော တရား၊ ကယ်တင်နိုင်သော တရားဖြစ်ပါသည်။ မြတ်စွာဘုရား ပွင့်တော်မမူမီက မည်သူမျှ တွေးတော ကြံစည်ဖေါ်ထုတ်ဘူးသော တရားမဟုတ်ပါ၊ မြတ်စွာဘုရားကိုယ်တိုင် သိမြင်ပြီး ဖွင့်ထုတ်ဟောကြားမှ သိကြနာကြရသောတရား ဖြစ်သဖြင့် ဗုဒ္ဓမြတ်ရှင်၏ တရားဦးသာမက လောက၏တရားဦးလည်း ဖြစ်ပါသည်။

၁၂။ မေး။ ။မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် မိမိသိမြင်သော တရားတော်ကို ချက်ချင်း အဘယ်ကြောင့် မဟောပါသနည်း။

ဖြေ။ ။ထိုခေတ်ထိုအခါက ဗုဒ္ဓမြတ်ရှင်တဦးတည်း ထိုးထွင်း သိမြင်တော်မူသော သစ္စာလေးပါး တရားတော်သည် မသိဘူး၊ မပေါ်ဘူးသေးသော တရားဖြစ်ကြောင်း ဆိုခဲ့ပါပြီ။ ယို တရား တော် သည် အလွန် လေးနက် လှသဖြင့် ကိလေသာ ထူပြောလှသော လူ,နတ်,ဗြဟ္မာတို့အား ဟောကြားသော်လည်း သဘောပေါက်နားလည် လက်ခံရန် ခက်ခဲလိမ့်မည်ဟု သိမြင်တော်မူသဖြင့် မိမိတပါးတည်း တရားအရသာ သမာပတ် ချမ်းသာကို ခံစားနေတော် မူရန်အကြံရှိခဲ့ပါသည်။

ထိုအကြံကို သဟမ္ပတိ ဗြဟ္မာကြီးက သိသောအခါ "ဤလောကကြီးသည် ပျက်စီးလေပြီ၊ သတ္တဝါအားလုံး ဆုံးရှုံးကြရလေပြီ" (နဿတိ ဝတဘော လောကော၊ နဿတိ ဝတဘော လောကော) ဟူ၍လည်း ညည်းညူပြီးနောက် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ သတ္တဝါတို့အား သနားသဖြင့် တရားဟောတော်မူရန် တောင်းပန်ပါသည်။ ထိုအခါမှ လောက၌ ကျွတ်ထိုက်သော သတ္တဝါတို့ကို ရှုကြည့်တော်မူလျက် တရားဟောတော်မူမည်ဟု ပဋိညာဉ် ပြုခဲ့ပါသည်။ ထို့ကြောင့် မိဂဒါဝုန်တောသို့ ကြွတော်မူပြီးမှ ဟောကြားခြင်းဖြစ်ပါသည်။

၁၃။ မေး။ ။မြတ်စွာဘုရားရှင်သည် အဘယ်သူအား ဓမ္မစကြာ တရားဦးကို ဟောသနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မမူမီက အတူတကွ တရားရှာဘူးသော အပေါင်း အဖော်များဖြစ်သည့် ငါးဦးသော ပုဂ္ဂိုလ်စု (ပဉ္စဝဂ္ဂီငါးဦး) ကို တရားဦးဟောတော် မူပါသည်။ ထိုပုဂ္ဂိုလ်ငါးဦးမှာ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိတို့ ဖြစ်ပါသည်။

၁၄။ မေး။ ။မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့နှင့် မတွေ့မီ အခြား လူပုဂ္ဂိုလ်များနှင့် တွေ့ဘူးပါသလော၊ တွေ့လျှင် ထိုသူတို့အား အဘယ်ကြောင့် ဓမ္မစကြာတရားကို မဟောကြားပါသနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် ဗောဓိပင်နှင့် ရွှေပလ္လင်တော်၌ စံတော်မူပြီးနောက်၊ ပဌမ သတ္တာဟဟု ဆိုအပ်သော အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံးစဉ်၊ မာရ်နတ်၏ သမီး ၃-ယောက်တို့ကို ဖယ်ရှားပြီးနောက် ဟုံဟုံက အမည် ရှိသော ဒေါသကြီးသော ပုဏ္ဏားကြီးတယောက် လာရောက်ပါသည်။ သို့ရာတွင် တရားနာကြားရန်မဟုတ်ဘဲ အ ဘယ် သို့ သောသူကို ဗြာဟ္မဏဟု ခေါ်ဆိုထိုက်သနည်းဟူသော ပြဿနာကို မေးမြန်း သဖြင့် မြတ်စွာဘုရားက၊ ဒေါသကိုသိမ်းဆည်းနိုင်သူ၊ သတ္တဝါ တို့အား သနားချစ်ခင်သူကိုသာလျှင် ဗြာဟ္မဏဟူ၍ ခေါ်ထိုက် ကြောင်း ဖြေကြားလိုက်ပါသည်။

သတ္တမသတ္တာဟဖြစ်သော လင်းလွန်းပင်ရင်း၌ စံနေတော်မူပြီး သောအခါ၊ ဥက္ကလာဇနပုဒ်၊ ပေါက္ခရဝတီမြို့မှ တပုဿနှင့်အလ္လိက ကုန်သည်ညီနောင်တို့ လာရောက်ဖူးမျှော် ကြပါသည်။ ထိုအခါ ဘုရားရတနာနှင့် တရားရတနာတို့ကို ဆည်းကပ်ရန် သရဏဂုံ ၂-ပါး (ဒွေဝါစိကသရဏဂုံ)ကို ဟော ကြား လိုက် ပါသည်။ ထိုနောက်မှ သဟမ္ပတိ ဗြဟ္မာကြီး၏ တရားဟောရန် တောင်းပန် ချက်ကို လက်ခံတော်မူခြင်း ဖြစ်ပါသည်။

တရားဟောရန် ဝန်ခံတော်မူပြီးနောက် တရားဟောရန် ရှေး ဘုရားရှင်တို့ တရားဦးဟောမြဲ နေရာမြတ်လည်းဖြစ်သော ပဉ္စဝဂ္ဂီ ငါးဦးရှိရာ မိဂဒါဝုန်တောသို့ ကြွတော်မူရာတွင် ဗောဓိပင်နှင့် ဂယာသီသအကြားတွင် ဥပကအမည်ရှိသော တိတ္ထိတက္ကတွန်း တဦးနှင့် တွေ့ဆုံရပါသေးသည်။ ဥပက,က မြတ်စွာဘုရားအား အမည်နှင့် ဆရာကို မေးမြန်းပါသည်။ မြတ်စွာဘုရားက မိမိကိုယ်

တိုင် ထိုးထွင်းကြံစည် သိမြင်တော်မူပုံနှင့် အနန္တဇိနဟုအမည်ရှိပုံကို ပြန်ကြားမိန့်ဟတော်မူပါသည်။ ဥပကလည်း ဟုတ်ပေလိမ့်မည်ဟု ဦးခေါင်းညိတ်ကာ မိမိသွားမြဲ ဝင်္ကဇနပုဒ်သို့သာ ထွက်ခွာသွားပါသည်။ ဥပကသည် ထိုအချိန်၌ အကျွတ်တရား ရချိန်မဟုတ်သေးပါ။ (ဆာဝါနှင့် အိမ်ထောင်ကျပြီး၊ သားတယောက်ရခါမှ မြတ်စွာဘုရားထံသို့ လာရောက်တရား နာကြားကာ အနာဂါမ် ဖြစ်ရသည်။) ထို့ကြောင့် မြတ်စွာဘုရားသည် တရားဟောတော် မမူခဲ့ပါ။

၁၅။ မေး။ ။ပဥ္စဝဂ္ဂီတို့ထက်ဦး၍ မြတ်စွာဘုရား၏ တရားဦးကို နာကြားထိုက်သူ အခြား မည်သူ ရှိပါသေးသနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် တရားဦးဟောရန်၊ အာဠာရရသေ့နှင့် ဥဒကရသေ့တို့ကို ရှေးဦးစွာ သတိရမိတော်မူပါသည်။ သို့ရာတွင် ထိုရသေ့နှစ်ပါးစုတေနှင့်ပြီ ဖြစ်သောကြောင့် တရားဟောခွင့် မရတော့ပါ။ ပဥ္စဝဂ္ဂီတို့သာလျှင် ဦးစွာ နာကြားခွင့် ရရှိကြပါသည်။

၁၆။ မေး။ ။ပဥ္စဝဂ္ဂီ ငါးဦးတို့သည် မြတ်စွာဘုရားနှင့် အဘယ်ကဲ့သို့ ဆက်စပ်ခဲ့ကြဘူးပါသနည်း။

ဖြေ။ ။ဘုရားလောင်း သိဒ္ဓတ္တမင်းသားသည် လောကီစည်းစိမ်ကိုစွန့်၍ သဗ္ဗညုတဉာဏ်ကိုရှာရန် တောထွက်သွားသည့်နောက်တွင်၊ ဘုရားလောင်း ဖွားမြင်တော်မူစဉ်က လက္ခဏာဖတ် ပုဏ္ဏားရှစ် ဦး တို့ အနက် အငယ်ဆုံး ဖြစ်သော

ကောဏ္ဍညပညာသည် မိမိ သူငယ်ချင်းများဖြစ်သော ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့နှင့်အတူ တရားရှာရန် တောထွက် ရဟန်း ပြုခဲ့ကြပါသည်။ ထိုငါးဦးသော ပဉ္စဝဂ္ဂီတို့သည် ဥရုဝေလ တော၌ မြတ်စွာဘုရားအလောင်းကို တွေ့မြင်ကြ၍၊ မကြာခင် ဘုရားဖြစ်မည့် ပုဂ္ဂိုလ်ပေတကားဟု ဆည်းကပ်အလုပ်အကျွေး ပြုကာ အတူတကွ တရားရှာကြပါသည်။ မြတ်စွာဘုရား အလောင်းသည် ခြောက်နှစ်ကြာမျှဆင်းရဲပင်ပန်းခံကာ ခြိုးခြံစွာ ကျင့်သုံး၍ တရားအလင်းရောင်ကိုမရလျှင် မိမိကိုယ်ကို အာဟာရ ဖြင့် ခိုင်မြဲစေပြီးမှ သမာဓိစျာန်ကိုရအောင် ကြံစည်ကြိုးစားအံ့ဟု သေနနိဂုံးသို့ထွက်၍ ဆွမ်းခံပါသည်။ ထိုအခါ ပဉ္စဝဂ္ဂီတို့က ဘုရား အလောင်းသည် ခြိုးခြံသော အကျင့်ပျက်၍ လုံ့လ လျော့ကာ အာဟာရကို မှီဝဲချေပြီဟုကဲ့ရဲ့ကြလျက် မိဂဒါဝုန်တောသို့ ထွက် ခွာသွားခဲ့ကြပါသည်။

မြတ်စွာဘုရားသည် အမြင်မှား၍ မိမိအား စွန့်ခွာသွားကြ သော်လည်း၊ မိမိအား ဆည်းကပ်ပြုစုခဲ့သော တရားရှာဖော်များ ဖြစ်၍၊ မိမိတရားအလင်းရောင်ရသောအခါ တရားဦးဖြင့် အလင်း ပြရန် အားထုတ်တော်မူခြင်း ဖြစ်ပါသည်။

၁၇။ မေး။ ။ပဉ္စဝဂ္ဂီငါးဦးသည် မြတ်စွာဘုရားကို အလွယ် တကူ ယုံကြည်အားထားကြပါသလား။

ဖြေ။ ။ပဉ္စဝဂ္ဂီတို့သည် မြတ်စွာဘုရားအား အထင်အမြင် သေးခဲ့သူများဖြစ်၍ မိမိတို့ထံသို့ ကြွလာသော အခါမဆက်ဆံကြရန်ပင်လျှင် အချင်းချင်းမှာထားခဲ့ကြပါသည်၊

သွားရာတွင် မြတ်စွာဘုရားကို ဖူးမြင်ရသောအခါ ရှိသေစွာ ဝတ်ကြီးဝတ်ငယ် ပြုစုကြိုဆို မိကြပါသည်။ ထိုအခါ မြတ်စွာဘုရားရှင်က မိမိ တရားအလုံးစုံကို သိတော်မူပြီ ဖြစ်ကြောင်း မိန့်ကြားတော် မူပါသည်။ ပဉ္စဝဂ္ဂီတို့ကမူ အယူသီးနေခဲ့သဖြင့် ခြိုးခြံစွာကျင့်စဉ်ခါက တရားမရဘဲလျက် ယခုမှ တရားရသည်ကို မယုံကြည်ကြပါ။ ထိုအခါ မြတ်စွာဘုရားသည် တရားအလင်းရောင်ကို အစွန်းနှစ်ဖက်သို့ ရောက်အောင် ကျင့်တိုင်း မရနိုင်၊ အလယ်အလတ်အားဖြင့် ဆင်ခြင်ကြံဆခြင်းဖြင့်သာ အမြင်မှန် တရားအလင်းရောင်ရပုံကို ရှင်းလင်းသိရှိစေရန် ဓမ္မစကြာတရားဦးကို ဟောတော်မူရပါသည်။ ထိုအခါမှ ပဉ္စဝဂ္ဂီတို့ တရားအမြင်မှန် ရရှိကြပါသည်။

၁၈။ မေး။ ။ပဉ္စဝဂ္ဂီငါးဦးတို့သည် တပြိုင်တည်းတရားကို မြင်ကြပါသလား။

ဖြေ။ ။တပြိုင်တည်းမရပါ၊ တရားတော်ကို နာကြားရသူများတွင် လက်ခံနိုင်သော ဉာဏ်အတိမ်အနက်ကိုလိုက်၍ ရှေးဦးစွာ သဘောပေါက်နားလည်သူက နားလည်ပါသည်။ နောက်မှ သဘောပေါက် နားလည်သူက နားလည်ပါသည်။ ပဉ္စဝဂ္ဂီငါးဦးအနက် အရှင်ကောဏ္ဍညသည် ဝါဆိုလပြည့်နေ့ည၌ ပထမဦးစွာ သောတာပတ္တိမဂ်ဉာဏ်ကို ရရှိပါသည်။ အရှင်ဝပ္ပသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ဓမ္မစကြာတရားကို အကျယ်ဟောတော်မူစဉ်၌ မဂ်ဉာဏ်ကို ရရှိပါသည်။ အရှင်ဘဒ္ဒိယသည် ဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ရင်း၊ အရှင်မဟာနာမ်သည် ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ရင်း၊ အရှင်

အသဇိသည် ဝါဆိုလပြည့်ကျော် ၄-ရက်နေ့၌ရှင်း အသီးသီး-မဂ်ဉာဏ်ကို ရရှိကြပါသည်။

၁၉။ မေး။ ။ပဉ္စဝဂ္ဂီ ငါးဦးတို့သည် ဓမ္မစကြာတရားကို နာကြားပြီးသောအခါ ရဟန္တာ ဖြစ်သွားကြပါသလား။

ဖြေ။ ။ဓမ္မစကြာတရားကို ကြားနာပြီး၍ ပဉ္စဝဂ္ဂီငါးဦးလုံး အရိယမဂ်ဉာဏ်ကို ရရှိပြီးသော အခါတွင် ဝါဆိုလပြည့်ကျော် ၅-ရက်နေ့၌ အနတ္တလက္ခဏသုတ်တရားကို တပေါင်းတည်း ဟောကြားတော်မူပါသည်၊ ထိုအခါတွင်မှ ပဉ္စဝဂ္ဂီငါးဦးလုံး အာသဝေါကုန်ခန်း၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ရဟန္တာများဖြစ်ကြရပါသည်။

၂၀။ မေး။ ။ထိုအခါက ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်၊ ဟူသော သာဝကကြီးနှစ်ပါး အဘယ်မှာ ရှိနေပါသနည်း၊ အဘယ်ကြောင့် တရားဦးနာကြားရာ၌ မပါကြသေးသနည်း။

ဖြေ။ ။ပဉ္စဝဂ္ဂီငါးဦးနောက်တွင် ရာဇဂြိုဟ်ပြည်မှ အမျိုးသမီး ကာနီ၊ အရှင်နာဠက၊ ယသလုလင်၊ ယသလုလင်၏ ဖခင်၊ မိခင် သုဇာတာ၊ ယသလုလင်၏ မိတ်ဆွေ ငါးသယ်၊ ဘဒ္ဒဝဂ္ဂီသုံးကျိပ်၊ ဥရုဝေလကဿပ ရသေ့ညီနောင် သုံးဦးနှင့် ပရိသတ်ထောင် စသည်တို့ အမြိုက်တရား ရကြပြီးမှ သာဝက နှစ်ဦးသည် မြတ်စွာဘုရားထံတော်မှောက်သို့ ရောက်

လာခဲ့ကြပါသည်၊ အရှင်သာရိပုတ္တရာ အလောင်းဖြစ်သော ဥပတိဿ ပရိဗိုဇ်သည် အရှင်အဿဇိကို တွေ့မြင်ကြည်ညိုရာမှ "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစချီသော တရားတော်ကို ကြားနာခွင့်ရလေရာ တရားဂါထာမဆုံးမီ သောတာပန်တည်ပါသည်၊ ထို့နောက် ဥပတိဿသည်မိမိအဖေါ်ဖြစ်သောအရှင်မောဂ္ဂလာန် ဖြစ်သော ကောလိတ ပရိဗိုဇ်ကို အကြောင်းပြန်ကြားပြီး အတူတကွ မြတ်စွာဘုရားသီတင်းသုံးရာ ဝေဠုဝန် ကျောင်းတော်သို့ သွားရောက်ကြပါသည်၊ ထိုအခါမှသာ တရားတော်ကို နာကြားကြရပါသည်၊ မြတ်စွာဘုရားပွင့်တော်မမူမီက တရားရှာ တောထွက်ကြသူများမှာ တယောက် တဆရာ ကွဲပြားကြ၍ အစုအဖွဲ့ သီးခြားနေထိုင်ကာ တတ်သိသမျှ ကောင်းနိုးရာ အကျင့်ကိုကျင့်သုံး၍ တရားရှာနေခဲ့ကြပါသည်၊ ထို့နောက်မှ ဗုဒ္ဓမြတ်စွာဘုရားက တရားသိမြင်တော်မူပြီး တဆင့် ဟောကြားတော်မူရာသို့ ကြားသိရာ တရားရှာသူ ပရိဗိုဇ်ရဟန်းများ အသီးသီးလာရောက် ဆည်းကပ်ကြခြင်း ဖြစ်ပါသည်၊ ထို့ကြောင့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် ပညာဉာဏ် ကြီးကျယ် ကြသော်လည်း မြတ်စွာဘုရားကို ဖူးတွေ့ရာ၌ နောက်ကျကြသဖြင့် တရားဦး နာကြားခွင့် မကြုံခဲ့ကြပါ။

၂၁။ **မေး။** ။မိဂဒါဝုန်တောမှာ အဘယ်အရပ်၌ ရှိသနည်း။

**ဖြေ။** ။ အိန္ဒိယနိုင်ငံ(မဇ္ဈိမဒေသ)ဗာရာဏသီပြည်အနီး၌ ရှိပါသည်။ ဗောဓိပင်မှ ၁၈-ယူဇနာ ကွာဝေးပါသည်။ သား သမင်တို့ကို ဘေးမဲ့ပေးရာ ဘေးမဲ့တော ဖြစ်၍ မိဂဒါဝုန်ဟု ခေါ်ပါသည်။

၂၂။ မေး။ ။ဣသိပတန တောဟု အချို့ဆိုကြ ပါသည်။ အဘယ်စကား မှန်ပါသနည်း။

ဖြေ။ ။မိဂဒါဝုန်တောကိုပင် ဣသိပတနတောဟု ခေါ်ပါသည်။ အဓိပ္ပါယ်မှာ ရသေ့တို့ ဈာန်ပျံတက်ရာ ဈာန်ဖြင့်ဆင်းရာတောဟု အဓိပ္ပါယ် ရှိပါသည်။ ပစ္စေကဗုဒ္ဓါတို့သည်လည်း နန္ဒမူလိုဏ်မှ ကောင်းကင်ခရီးဖြင့် ကြွလာ၍ ဤတောအုပ်၌ ဆင်းသက် စည်းဝေးကြ ပါသည်။ ဂန္ဓမာဒနတောင်သို့ ပြန်ကြွသောအခါ၌၎င်း၊ မြို့တွင်းသို့ ဆွမ်းခံရန် ဂန္ဓမာဒနတောင်မှ ကောင်းကင်ခရီးဖြင့် ပြန်ကြွလာသော အခါ၌၎င်း၊ ထိုတောအုပ်မှသာ တက်ကြ သက်ကြသဖြင့် ပစ္စေကဗုဒ္ဓါနှင့် ဈာန်ရ ရသေ့တို့ ဆင်းသက်ရာ ရသေ့ကျ တောဟု ခေါ်တွင်ခြင်းဖြစ်ပါသည်။

၂၃။ မေး။ ။ဓမ္မစကြာ တရားကို ဟောကြားတော်မူသောအခါ ပဉ္စဝဂ္ဂီ ငါးဦးအပြင်၊ မည်သူတို့ နာကြားကြရပါသေး သနည်း၊ မည်မျှလောက် ကျွတ်တမ်း ဝင်ကြပါသနည်း။

ဖြေ။ ။ဓမ္မစကြာတရားကို ဟောကြားတော်မူသော ဘုရားရှင်၏ အသံတော်သည် မိဂဒါဝုန်တောအရပ်သာမက၊ အထက် ဘဝဂ်၊ အောက် အဝီစိ အထိ စကြာဝဠာတသောင်းတိုက်သို့ ပျံ့သွားရကား၊ တဆယ့်ရှစ်ကုဋေ မျှသောနတ်ဗြဟ္မာတို့ စုဝေးလာရောက်၍ တရားနာကြားကြသဖြင့်

ကျွတ်တမ်းဝင်ကြပါသည်။ စင်စစ်သော်ကား ထိုတရားပွဲကြီးသည် နတ်ဗြဟ္မာ ပရိသတ်၏ တရားပွဲကြီးမျှသာ ဖြစ်ပါသည်။

၂၄။ မေး။ ။ဓမ္မစကြာ တရားတော်ကို အဘယ်ပုဂ္ဂိုလ်က ကျွန်ုပ်တို့ ကဲ့သို့သော မြတ်စွာဘုရားသက်တော် ထင်ရှားရှိချိန်ကို မမှီလိုက်သူများအတွက် ပြန်၍ ဟောကြားခဲ့ပါသနည်း။

ဖြေ။ ။ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားပရိနိဗ္ဗာန်စံလွန်ပြီးနောက် ၃-လလွန်မြောက်သော မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၊ ဝါခေါင်လဆန်း ၅-ရက်နေ့၌ ရာဇဂြိုဟ်ပြည် စရည်းပင်ပေါက်ရာ လိုဏ်ဂူ၌ ရဟန္တာ ၅၀၀-နှင့် တကွ ပထမ သင်္ဂါယနာတင်သောအခါ အရှင်မဟာ ကဿပက မေးမြန်းသဖြင့် အရှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားတော်မူသမျှ တရားကို ပြန်လည်နာကြား မှတ်သားခွင့်ရရှိသူ ဖြစ်သည့်အတိုင်း ပြန်လည်ရွတ်ဆို ဟောပြတော် မူခဲ့ပါသည်။ အရှင်အာနန္ဒာ ပြန်လည်ဟောပြသည့်အတိုင်း သင်္ဂါယနာ တင်ခဲ့သဖြင့် ယခုအခါ ဓမ္မစကြာ ဒေသနာတော်ကို သုတ်တဆူအဖြစ် သိမှတ်နာကြားခွင့် ရခဲ့ကြပါသည်။

၂၅။ မေး။ ။ဓမ္မစကြာတရားကို ပိဋကတ်သုံးပုံတွင် အဘယ်ကကျမ်း၌ ထည့်သွင်းထားပါသနည်း။

ဖြေ။ ။ ဓမ္မစကြာ ဒေသနာတော်မှာ ဝိနည်း မဟာဝါပါဠိတော်၊ မဟာခန္ဓက၊ ပဉ္စဝဂ္ဂိယကထာ ဝါရ၌၎င်း၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် ၁-၂။ သစ္စသံယုတ်-၂၊ ဓမ္မစက္ကပ္ပဝတ္တန

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး။
၇၄၆၀

ဝဂ်၌ရှင်း၊ မှတ်သွင်းခဲ့ကြပါသည်။ [ဝိနည်း မဟာဝါ ပါဠိတော် (၁၄-၁၈) သံယုတ်ပါဠိတော် တတိယအုပ် (၃၆၈-၃၇၃) ပဋိသမ္ဘိဒါမဂ် ပါဠိတော် (၃၂၉-၃၃၅)တို့တွင် ရှုပါ။]

၂၆။ မေး။ ။ဓမ္မစကြာ တရားတော်၏ အစမှာ မည်သို့စချီပါသနည်း။

ဖြေ။ ။ဓမ္မစကြာ တရားတော်၏ ပါဠိတော်ရင်း အစချီမှာ "ဒွေမေဘိက္ခဝေ၊ အန္တာပဗ္ဗဇိတေန၊ နသေဝိတဗ္ဗာ" ဟူ၍ ဖြစ်ပါသည်။ သို့ရာတွင် ဓမ္မစကြာ တရားကို အရှင်အာနန္ဒာသည် မိမိကြားလိုက်ရသည့် အတိုင်း ပြန်၍တင်ပြရာ၌ နိဒါန်းအဖြစ်ဖြင့် "ဧဝံမေသုတံ၊ ဧကံသမယံ" အစရှိသော နိဒါန်း ဂါထာပိုဒ်ကိုပါ ထည့်သွင်းထားပါသည်။

၂၇။ မေး။ ။ဓမ္မစကြာသုတ်ကို ရွတ်ဆိုသည့်အခါ "**ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ၊ ဣသိပတန နာမကေ၊ မိဂဒါယေ**" အစချီ၍ ရွတ်ဆိုသည်ကို နာကြားရပါသည်။ ဤအပိုင်းများ အဘယ်သို့ ပါရှိနေပါသနည်း။

ဖြေ။ ။"ဘိက္ခုနံ ပဉ္စဝဂ္ဂိနံ"အစချီသောပါဠိ ၃-ဂါထာမှာ ဘုရားဟော ဂါထာများ မဟုတ်ပါ။ ဓမ္မစကြာနိဿ ပြန်ဆိုတော်မူသော ဒႉင်းဝမြို့ မဟာအောင်မြေဘုံစံ အင်္ဂကျောင်း၊ ဆရာတော် ဦးဗုဒ်က အမွှမ်းအဖြစ် ဖြည့်စွက်ပူဇော်ထားသော ဂါထာများ ဖြစ်ပါသည်။ သို့ရာတွင် ဓမ္မစကြာသုတ်နှင့် အလွန်လျော်ကပ်သဖြင့် ဆရာစဉ်ဆက် ဤဂါထာများကိုပါ တပေါင်းတည်း ကျက်မှတ်သင့် ပါသည်။ ဘုရားဟောနှင့်

ဘုရားဟော ပါဠိတော်ရင်း မဟုတ်သည်ကိုကို ကွဲကွဲပြားပြား မှတ်သားသင့်ပါသည်။

၂၇။ မေး။ ။သစ္စာလေးပါး တရားဟူသည်မှာ အဘယ်နည်း၊ အဘယ်ကြောင့် သစ္စာဟု ခေါ်ပါသနည်း။

ဖြေ။ ။သစ္စာလေးပါးမှာ- ဒုက္ခသစ္စာ၊ သမုဒယ သစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂ သစ္စာ ဟူ၍ ဖြစ်ပါသည်။ မဖောက်မပြန် အစဉ်ထာဝရ မှန်ကန်သောတရားဖြစ်ခြင်းကြောင့် သစ္စာဟု ခေါ်ပါသည်။ မြန်မာဘာသာအားဖြင့် အမှန်တရားဟု ဆိုနိုင်ပါသည်။

၂၉။ မေး။ ။သစ္စာလေးပါးတရားကို မဟောမီ မြတ်စွာဘုရား သခင်သည် ပဉ္စဝဂ္ဂီတို့အား ခံယူချက် ဖြောင့်မှန်စေရန် တရားစစ်တရားမှန် ရှာဖွေပုံ နည်းလမ်းမှန်ကို မည်သို့ရှင်းပြပါသနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် ထိုခေတ်က တရားထူးရှာကြံရာ၌ အယူမှားနေခဲ့ကြသော အစွန်းကြီးနှစ်ဖက်သို့ မကျရောက်စေသင့်ဘဲ အလယ်အလတ်လမ်း (မဇ္ဈိမပဋိပဒါ) ဖြင့် တရားရှာဖွေမှ ရရှိနိုင်ပုံကို ပဉ္စဝဂ္ဂီတို့အား ဦးစွာ သွန်သင်ဟောပြပါသည်။

၃၀။ မေး။ ။ထိုအစွန်းနှစ်ဖက် ဟူသည်မှာ အဘယ်နည်း။

ဖြေ။ ။အစွန်းနှစ်ဖက်ဆိုသည်မှာ (၁) **ကာမသုခလ္လိကာနုယောဂ** နှင့် (၂) **အတ္တကိလမထာနုယောဂ** တို့ဖြစ်ပါသည်။ မြတ်စွာဘုရား ပွင့်တော်မမူမီ ကာလက လူတို့

သည် တရားထူး တရားမြတ်ကို ရှာဖွေကြပါသည်။ ထိုအခါ ရှာဖွေပုံ လမ်းစဉ်အမျိုးမျိုး ရှိကြသည့်အနက် အချုပ်အားဖြင့် လမ်းစဉ်ကြီး နှစ်မျိုးကို လက်ခံခဲ့ကြပါသည်။ တဖက်သော သူတို့က ကာမဂုဏ် တရားများသည် စက်ဆုတ် မလိုလားဘွယ် တရားများဖြစ်သည်။ သို့သော် ထိုတရားများ ကင်းစင်လွင့်ပျောက် စေရန်မှာ ကာမဂုဏ်ကို အစွမ်းကုန် စံစားခြင်းအားဖြင့် နောက်ထပ်စံစားလိုစိတ် မရှိတော့ဘဲ ငြီးငွေ့ ပြတ်တောက် သွားစေနိုင်မည်၊ သို့ဖြစ်၍ ကာမဂုဏ် အာရုံငါးပါးကို အစွမ်းကုန် မမွေ့လျော် စံစားခြင်းဖြင့် နောက်ဆုံး တရားထူးရနိုင်မည်ဟု ခံယူကြပါသည်။ တဖက်သော သူတို့ကမူ ကာမဂုဏ်တရားကို စံစားလက်ခံခြင်းဖြင့် ကုန်ခန်း ငြီးငွေ့နိုင်ဘွယ်ရာ မရှိနိုင်၊ မိမိကိုယ်၌ တဏှာ ကာမဂုဏ် မကပ်ရောက် မဝင်စားရလေအောင် မိမိခန္ဓာကိုယ်ကို အမျိုးမျိုး အလုပ်ပေး ညှဉ်းဆဲ နှိပ်ကွပ်ခြင်းဖြင့် ကာမဂုဏ်တရားကို ကာဆီးယားနိုင်လိမ့်မည်၊ သို့မှသာ တရားအထူးကို မြင်နိုင်လိမ့်မည်ဟု ခံယူကြပါသည်။ ဤသို့သော ကျင့်စဉ် နှစ်လမ်းသည် တရားမှန်နှင့် ဝေးကွာသော အစွန်းနှစ်ဖက် ဖြစ်နေပါသည်။ ကာမ စည်းစိမ်ကို ခံစားရမည်ဆိုသော သြဝါဒ လမ်းစဉ်သည် ကာမသုခလ္လိကာ နုယောဂ အစွန်းပင် ဖြစ်ပါသည်။ မိမိခန္ဓာကို နှိပ်စက်ရမည်ဆိုသော ဝါဒ လမ်းစဉ်မှာ အတ္တကိလမထာ နုယောဂအစွန်းပင် ဖြစ်ပါသည်။

၃၁။ မေး ။ အစွန်းဟုဆိုသည်မှာ အဘယ်ပါဠိကို ထောက်၍ ပြနိုင်ပါသနည်း။

ဖြေ ။ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန" ဟူသော ပါဠိ အရ အန္တသဒ္ဒါသည် အစွန်းဟူသော အဓိပ္ပါယ်

ကို ရစေပါသည်။ တဖက်ဖက်သို့ ရောက်လွန်းသဖြင့် ထိုအစွန်းနှစ်ခုမှလွတ်သော မဇ္ဈိမပဋိပဒါ အလယ်လမ်းကို ဘိက္ခဝေ မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ”ဟူသော ပါဠိဖြင့် ပြသဖြင့်လည်း၊ အစွန်းဟူ၍ ဆိုခြင်းသည် ယုတ္တိသင့်သည်ဟု ယူဆပါသည်။

၃၂။ မေး။ ။အချို့က အယုတ်တရားနှစ်ပါးဟု ဆိုကြပါသည်၊ ဆိုနိုင်ပါမည်လော။

ဖြေ။ ။အယုတ်တရားဟုလည်း ဆိုနိုင်ပါသည်။ “အန္တ” သဒ္ဒါသည် “အယုတ်၊ အစွန်း၊ အဖို့အစု”ဟူသော အနက်များကိုလည်း ပြဆိုပါသည်။ အချို့က အဖို့အစု(ဝါ)အမျိုးအစု ဟူသော သဘောဖြင့်လည်း ယူဆကြပါသည်။ မည်သို့ပင်ဖြစ်စေ ထိုအစွန်းတရားနှစ်ပါးကို မြတ်စွာဘုရားက ရှုတ်ချတော်မူ၍ “ဟီနော၊ ဂါမ္မော၊ ပေါထုဇ္ဇနိကော” ဟူ၍ ယုတ်ညံ့ကြောင်းကိုငင်း၊ “အနရိယော၊ အနတ္ထသံဟိတော”ဟူ၍ အရိယာတို့၏ အကျင့်မဟုတ်ကြောင်း၊ အကျိုးမရှိကြောင်းကိုငင်း ဖေါ်ပြတော်မူပြီး ပြ၍ မည်သည့်အနက်ဖြင့် ယူသည်ဖြစ်စေ၊ မလိုလား မလိုက်မှားအပ်သော တရားနှစ်ပါး ဖြစ်ကြောင်း တရားကိုယ်အရ မှတ်ပါ။

၃၃။ မေး။ ။ထိုအယုတ်တရား (ဝါ) အစွန်းတရား နှစ်ပါးကို မြတ်စွာဘုရားရှင်က ရှုတ်ချပုံကို အပြည့်အစုံ ပြပါ။

ဖြေ။ ။ကာမသုခ်လ္လိကာနုယောဂ အပန်းဝါလဲလဲ မှီဝဲလိုက်စားအား ထုတ်ခြင်းသည် ယုတ်ညံ့ပါသည်၊ တရားမရှာသော

ရွာသူ ရွာသား ဃရာဝါသ လူသားတို့၏ အမှုမျိုးသာဖြစ်၏၊ ကိလေသာထူပြောသော လူညံ့စား ပုထုဇဉ်တို့၏ အလေ့အထ သာလျှင်ဖြစ်သည်၊ တရားရှာသော အရိယာ သူတော်သူမြတ် တို့၏ အကျင့်ကောင်း အကျင့်မှန်မျိုးမဟုတ်၊ အကျိုးစီးပွား ဖြစ်စေနိုင်သော အကျင့်လည်းမဟုတ်၊ မိမိကိုယ်ကို ညစ်နွမ်းပူပင် အောင် အဖန်တလဲလဲ နှိပ်စက်ညှဉ်းဆဲခြင်းသည်လည်း ဆင်းရဲမှု သက် ပက်သာ ဖြစ်သည်၊ တရားရှာသော အရိယာ သူတော် သူမြတ်တို့၏ အကျင့်ကောင်းအကျင့် ့န်မျိုးမဟုတ်၊အကျိုးစီးပွါး ဖြစ်စေနိုင်သော အကျင့်လည်းမဟုတ်ဟူ၍ ကဲ့ရဲ့ဟောမူပါသည်။

၁၄။ မေး။ ။ထိုအယုတ်တပေါး၊ အစွန်းတရားနှစ်ပါးကို ကဲ့ရဲ့ တော်မူသော မြတ်စွာဘုရားသည် ခြောက်နှစ် ပတ်လုံး ပင်ပန်းဆင်းရဲခံ၍ ဒုက္ကရစရိယာ ကျင့်တော်မူသည်ကို မည်သို့ဆိုမည်နည်း။

ဖြေ။ ။မြတ်စွာဘုရား အလောင်းသည် ခြောက်နှစ် ပတ်လုံး ပင်ပန်းဆင်းရဲခံ၍ ဒုက္ကရစရိယာ ကျင့်ခဲ့ သည်မှာ မှန်ပါသည်။တောမထွက်မီက၊ ကာမချမ်းသာကိုလည်း ၁၃-နှစ်တိုင်တိုင် စံစားခဲ့ပါသေးသည်။ ဤကဲ့သို့ ကိုယ်တိုင်တွေ့ ကြုံပြီးမှ တရားအလင်းရောင်ကို မြင်သဖြင့် ဒုက္ကရစရိယာမှထ၍ အာဟာရခံယူသုံးဆောင်ကာ တရားမှန်ကို မဇ္ဈိမပဋိပဒါ အလယ် အလတ်လမ်းဖြင့် ရှာကြံစဉ်းစားခဲ့ပါသည်။ ထိုအခါမှ သစ္စာ လေးပါး အမြင်တရား ပေါက်ရောက်တော်မူ၍ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိခဲ့ပါသည်။ ထို့ကြောင့် ဘုရားအဖြစ်သို့

ရောက်တော်မူစက“ငါသည် ဤအကျိုးမရှိလှသော ဒုက္ကရစရိယာ အကျင့်မှ အလွတ်ကြီး လွတ်လေပြီတကား”ဟု စိတ်အကြံတော် ဖြစ်ဘူးပါသည် (သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ မာရသံယုတ် စာမျက်နှာ-၁၀၄၊ ဆဋ္ဌမူ)။

၃၅။ မေး။ ။သစ္စာတရားကို မဟောကြားမီ၊ တရားရှာဖွေ သင့်သည့်လမ်းစဉ်မှန်နှင့် အစွန်းတရား လမ်းစဉ် မှားများကို အဘယ်ကြောင့် ပဉ္စဝဂ္ဂီတို့အား စတင်၍ ရှင်းလင်း ဟောပြောရပါသနည်း။

ဖြေ။ ။ပဉ္စဝဂ္ဂီတို့သည် မြတ်စွာဘုရားမဖြစ်မီက အတူ တရားရှာဖေါ်များ ဖြစ်၍ ဘုရားလောင်းသည် ဒုက္ကရစရိယ ကျင့်တော်မူ၍ တရားရှာရာမှ အာဟာရ ခံယူ သုံးဆောင်သည်ကို တွေ့မြင်ကြရသောအခါ အကျင့်ပျက်လေပြီ ဟု အထင်အမြင်သေးခဲ့သော အစွဲအလန်း ရှိနေပါသည်။ ဘုရားအဖြစ်ရောက်၍ တရားတော်စစ်ကို တွေ့သိပြီဟု ဆိုသည်ကို ပင် အလွယ်နှင့်မယုံကြည်ကြသေးပါ။ သို့ဖြစ်၍ ဒုက္ကရစရိယာမှ ထွက်ခြင်းသည် အကျင့်ပျက်ခြင်းမဟုတ်၊ မှားသော အကျင့်ကို စွန့်ပယ်ခြင်းသာဖြစ်သည်။ ဒုက္ကရစရိယာသည် တရားမှန်ရှာသော နည်းလမ်းကောင်းမဟုတ်၊ နည်းလမ်းမှန် ဟူသည်မှာ အစွန်း နှစ်ဖက်မှလွတ်သော အလယ်လမ်းစဉ်သာ ဖြစ်သည်ဟူ၍ အခြေခံ သဘောမှန် ကိန်းအောင်းလေအောင် ရှင်းလင်းပြရပါသည်။ ထိုသို့ရှင်းလင်း၍ ပဉ္စဝဂ္ဂီတို့၏ သံသယကို ချေဖျက်ပြီးမှ သစ္စာ တရားကို ကောင်းစွာလက်ခံစဉ်းစား၍ အမြင်မှန် ရကြလိမ့်မည်

ဖြစ်ကြောင်း မြတ်စွာဘုရားသည် ကြိုတင် သိမြင်တော်မူခြင်းကြောင့် ဤသို့အစွန်းတရားနှစ်ပါး အကြောင်းကို ရှေးဦးစွာ ဟောကြားခြင်းဖြစ်ပါသည်။

၃၆။ မေး။ ။အယုတ်တရား အစွန်းတရားနှစ်ပါးသည် အဘယ် တရားကိုယ်များဟု ဆိုနိုင်ပါသနည်း။

ဖြေ။ ။ကိလေသာ ကာမ စံစားမှုသည် တဏှာလောဘ ပင် ဖြစ်၍၊ မိမိကိုယ်ကို ညှဉ်းဆဲမှုမှာ ဒေါသပင် ဖြစ်ပါသည်။ နှစ်ရပ်စလုံးကို အသိဉာဏ် ခေါင်းပါး မိုက်မဲ၍ ပြုကျင့်ကြခြင်း ဖြစ်သောကြောင့် မောဟနှင့်လည်း မကင်းကြပါ။

၃၇။ မေး။ ။အလယ်အလတ် လမ်းစဉ်သည် မည်သို့ ထူးမြတ် သော လမ်းစဉ်ဖြစ်သည်ဟု ဟောကြားတော် မူပါသနည်း။

ဖြေ။ ။အလယ်အလတ်လမ်းစဉ်သည်

၁။ သစ္စာလေးပါးကို မြင်စေနိုင်သော ပညာမျက်စိကိုလည်း ပြုပြင်စီရင်နိုင်စွမ်းသည်။ (စက္ခုကရဏီ)

၂။ အသိဉာဏ်အမြင် ပွင့်လင်းအောင်လည်း ပြုပြင်စီရင်နိုင်စွမ်းသည်။ (ဉာဏကရဏီ)

၃။ ကိလေသာအပူမီး ငြိမ်းအေးစေရန်လည်း တတ်စွမ်းသည်။ (ဥပသမာယ)

၄။ ဉာဏ်ထက်သန်ကွန့်မြူး၍ တရားထူးကို သိမြင်စေရန်လည်း တတ်စွမ်းသည်။ (**အဘိညာယ**)

၅။ မဖေါက်မပြန် မှန်ကန်စွာ သိနားလည်စေနိုင်စွမ်းသည် (**သမ္ဗောဓါယ**)

၆။ ဒုက္ခအားလုံးကင်းငြိမ်း ဇာတ်သိမ်း၍ နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်သည် (**နိဗ္ဗာနာယ**)

ဟူ၍''ဟောကြားတော်မူပါသည်။

၃၀။ မေး။ ။ထိုအလယ်အလတ် လမ်းစဉ်ကား အဘယ်နည်း။

ဖြေ။ ။အလယ်အလတ်လမ်းစဉ်မှာ မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါသည်။ မဂ္ဂင်ရှစ်ပါးမှာ ဖြောင့်မှန်သော ခရီးလမ်းကြောင်း ရှစ်မျိုးဟုဆိုလိုပါသည်။ ထိုလမ်းရှစ်သွယ်မှာ—

၁။ အမြင်မှန်ရအောင် ရှုမြင်ခြင်း၊ **သမ္မာဒိဋ္ဌိ**။

၂။ ကောင်းသော ကုသိုလ် အကြံအစည် များကိုသာ ကြံ့ဆည်ခြင်း၊ **သမ္မာသင်္ကပ္ပေါ**။

၃။ ကောင်းသောစကားကို ပြောဆိုခြင်း၊ **သမ္မာဝါစာ**။

၄။ ကောင်းသော အပြုအမူကိုသာ ပြုမူခြင်း၊ **သမ္မာကမ္မန္တော**။

၅။ ကောင်းသောအသက်မွေးမှုပြုခြင်း၊ **သမ္မာအာဇီဝေါ**။

၆။ မှန်ကန် ကောင်းမြတ်သော အားထုတ်မှု ပြုခြင်း၊ **သမ္မာဝါယာမော**။

၇။ ကောင်းသောသတိ အမှတ်ရအောင် ဆင်ခြင်ခြင်း၊ **သမ္မာသတိ**။

၈။ ကောင်းသောစိတ်၏ တည်ကြည်မှုရအောင် ပွားခြင်း၊ **သမ္မာသမာဓိ**။ ဟူ၍ ဖြစ်ပါသည်။

၃၉။ မေး။ ။အလယ်အလတ် လမ်းစဉ်ဟူ၍ အဘယ်ကဲ့သို့ ကောက်ယူနိုင်ပါသနည်း။

ဖြေ။ ။ကာမဂုဏ်ခံစားသော ကာမသုခလ္လိက အကျင့်သည် ဟီနဖြစ်၍ ယုတ်လွန်း လျော့လွန်းပါသည်၊ ကိုယ်ကို နှိပ်စက်သော အတ္တကိလမထ အကျင့်မှာလည်း ဒုက္ခဖြစ်၍ တင်းလွန်းပါသည်။ လျော့လွန်းကလည်း နိဗ္ဗာန်ရောက်ကြောင်း လမ်းကို မပေါက်ရောက်လာပါ။ တင်းလွန်းကလည်း နိဗ္ဗာန် ရောက်ကြောင်း လမ်းကိုလျှမ်းကျော်၍ လွန်ထွက်သွား တတ်ပါသည်။ ထို့ကြောင့် လျော့လွန်းခြင်း၊ တင်းလွန်းခြင်း ကင်းသော မလျော့မတင်း လမ်းဖြစ်၍ အလယ်အလတ်လမ်း ဟူ၍ ကောက်ယူခြင်း ဖြစ်ပါသည်။

၄၀။ မေး။ ။သစ္စာလေးပါး တရားသည် အမှန်တရားဟု ဆိုပါသည် အဘယ်ကဲ့သို့ မှန်ကန်ပါသနည်း။

ဖြေ။ ။လောကတွင် ဆင်းရဲခြင်း ဆိုသော ဒုက္ခမှာ တကယ်ဆင်းရဲသော အပျက်တရား ဖြစ်ပါသည်။ စိတ်ကဆင်းရဲသည်ထင်၍ ဆင်းရဲခြင်းမျိုး မဟုတ်ပါ။ မည်သည့် ချမ်းသာ သုခမျိုးပင်ဖြစ်စေ လောကီချမ်းသာ ဟူသမျှသည်

အခိုက်အတန့် အထင်အမှတ်မျှသာဖြစ်၍ မုချအားဖြင့် ဆင်းရဲမှုများ အတိပြီးပါသည်။ ဆင်းရဲမှုများကိုပင် မောဟဖုံးလွှမ်း၍ သာယာမှုထင်မှတ်နေကြပြီး၊ စင်စစ်တွင် ဆင်းရဲမြဲ ဆင်းရဲနေကြပါသည်။ ဆင်းရဲခြင်းသည် တင်စားပြောနေသော ပညတ်လည်း မဟုတ်ပါ။ တကယ် အဓိပ္ပါယ်မရှိသော ဝေါဟာရ စကားလုံးသက်သက်လည်း မဟုတ်ပါ။ အမှန်တကယ် တွေ့ကြုံခံစားရသော အနိဋ္ဌာရုံများဖြစ်၍ လောကတွင် ဆင်းရဲမရှိဟူ၍ မည်သူမျှ ငြင်းခုံနိုင်စွမ်း မရှိပါ။ တကယ်ရှိ၊ တကယ်ဖြစ်ပျက်၍ တကယ်ခံစားကြရသော တရားဖြစ်၍ ပကတိအားဖြင့် မှန်ကန်သော တရားဖြစ်ပါသည်။ ထို့ကြောင့် ဒုက္ခသစ္စာတရားဟု ဆိုရပါသည်။

ထိုနည်းတူပင် ဒုက္ခအမှန်ရှိကြောင်း သိနားလည်သောအခါ ဒုက္ခကို ဖန်တီးသော လက်သည်ကိုလည်း တဆက်တည်း မြင်ရပါမည်။ ဒုက္ခကို ဖန်တီးသူမှာ ဒုက္ခ၏အကြောင်းရင်းဖြစ်သော မူလသမုဒယတဏှာပင် ဖြစ်ပါသည်။ တဏှာရှိ၍ ဒုက္ခဖြစ်ရပါသည်။ တဏှာသာ မပေါ်ပေါက်ခဲ့လျှင် ဒုက္ခသည် ပေါ်ပေါက်စရာ အကြောင်းမရှိပါ။ သမုဒယတဏှာသည်အကြောင်း၊ ဒုက္ခသည် အကျိုးဖြစ်ပါသည်။ မီးတောက်ကို ချေမှုန်း၍မရဘဲ မီးစာကိုပါ ချေဖျက်မှ မီးတောက်ငြိမ်းနိုင်ပါသည်။ ထို့အတူ ဒုက္ခကိုချေဖျက်၍ မရဘဲ၊သမုဒယတဏှာကို အရင်းမှချေဖျက်မှ ဒုက္ခပျောက်ငြိမ်းနိုင်ပါသည်။ သမုဒယသည် ဒုက္ခကိုဖန်တီးနေသည်မှာ တကယ့်အမှန်တရား ဖြစ်ပါသည်။ သမုဒယသည် တကယ် နှောင်ဖွဲ့နေသော တရားဖြစ်၍ ဤအချက်သည်လည်း အမှန်တရားတခု ဖြစ်ပါသည်။ ထို့ကြောင့် သမုဒယ သစ္စာတရားဟု ဆိုရပါသည်။

တဖန် မီးစာလောင်စာကို ဖျက်ဆီးဖယ်ရှားပစ်၍ ရပါသည်။ မီးစာကိုဖျက်ပစ်လျှင် မီးတောက်ထစရာ၊ လောင်စရာမရှိနိုင်တော့ပါ။ မီးကိုငြိမ်းသတ်လျှင် တကယ်ငြိမ်းနိုင်ပါသည်။ တကယ်ငြိမ်းအောင် သတ်တတ်ရန်နှင့် တကယ်သတ်ရန်သာ လိုပါသည်၊ ထိုနည်းဘူပင် ဒုက္ခကိုဖမွးထုတ်နေသည့် သမုဒယကို ချုပ်ငြိမ်းအောင် ပြုလုပ်၍ ရနိုင်ပါသည်။ ချုပ်ငြိမ်းမှုကို ပြုတတ်လျှင် တကယ်ချုပ်ငြိမ်းနိုင်ပါသည်။ မြတ်စွာဘုရား၏ တရားတော်သည် လက်တွေ့မှန်ကန်အောင် တင်ပြနိုင်သောတရားဖြစ်၍ သမုဒယ တကယ် ချုပ်ငြိမ်းနိုင်ကြောင်းကို အခိုင်အမာ ဆိုပါသည်။ ချုပ်ငြိမ်းမှု နိရောဓသဘောသည် စိတ်အထင်အတွေးသာမဟုတ်၊ တကယ်ဖြစ်သော တကသ့်အမှန်တရားဖြစ်ပါသည်။ ထို့ကြောင့် ချုပ်ငြိမ်းခြင်းဟူသည် မုချရှိသည်။ မုချဖြစ်နိုင်သည်ဟူ၍ ချုပ်ငြိမ်းခြင်းကို သမုဒယသစ္စာတရားဟု ဆိုရပါသည်။

တဖန်ချုပ်ငြိမ်းမှုရှိလျှင် ချုပ်ငြိမ်းမှုတို့ကို ပေးစွမ်းနိုင်သော နည်းလမ်း ရှိရပေမည်။ ထိုနည်းလမ်းသည် မဂ္ဂင်ရှစ်ပါးဟူသော မဂ္ဂင်တရားပင်ဖြစ်သည်။ မဂ္ဂင်တရားကို တကယ်လိုက်စား အားထုတ်လျှင် တကယ်ပင် သမုဒယ ချုပ်ငြိမ်းနိုင်၍ ဒုက္ခလည်း ကင်းပျောက်နိုင်သည်။ ဤအချက်သည် ယုံတမ်း၊ အတွေးအထင် စိတ်ကူးယဉ်မဟုတ်ချေ။ တကယ့်အမှန်တရားပင် ဖြစ်ပါသည်။ သမုဒယချုပ်ငြိမ်းရာ နိရောဓကို ပို့ဆောင်သည့် မဂ္ဂ ခရီးလမ်းစဉ်သည် မရှိမဟုတ်၊ တကယ်ရှိနေသော အမှန်တရားသာ ဖြစ်ပါသည်။ ထို့ကြောင့် ခရီးလမ်းစဉ် မုချ ရှိကြောင်း အမှန်တရားကိုလည်း မဂ္ဂသစ္စာတရားဟူ၍ ဆိုရပါသည်။

၄၁။ မေး။ ။သစ္စာလေးပါးတွင် အဓိက မြတ်စွာဘုရားဟော လိုရင်းတရားမှာ အဘယ်သစ္စာ ဖြစ်ပါသနည်း။

ဖြေ။ ။အဓိက သစ္စာတရားသည် လောကီမှ ထွက်ရပ်လမ်း မဂ္ဂသစ္စာတရားပင်ဖြစ်ပါသည်။ သို့ရာတွင် မဂ္ဂသစ္စာတရားကို အကြောင်းမဲ့ လူတို့လိုလားကြမည် မဟုတ်၊ သမုဒယကို ချုပ်ငြိမ်းစေနိုင်သော အကြောင်းတရားဖြစ်သည်ဟု သိမှ၊ နိရောဓဟူသော ချုပ်ငြိမ်းခြင်းသဘော ရှိကြောင်းကိုလည်း သိမှ မဂ္ဂင်၏တန်ဘိုး၊ မဂ္ဂင်၏ အသုံးဝင်ပုံ၊ မဂ္ဂင်၏ လိုအပ်ပုံကို သဘောပေါက်နိုင်ပါသည်။ ထို့ကြောင့် အကျိုးနိရောဓ ချုပ်ငြိမ်းမှုကို ရှေ့ကတင်ပြပြီးမှ ချုပ်ငြိမ်းစေနိုင်သောနည်းရှိကြောင်း မဂ္ဂသစ္စာကို နောက်ဆုံး ဖေါ်ထုတ်ဟောကြားခြင်း ဖြစ်ပါသည်။

ထိုနည်းဘူစွာပင် ချုပ်ငြိမ်းမှုသဘောကိုမပြမီ ဒုက္ခကိုဖြစ်စေပါတ်သော သမုဒယလက်သည်ရှိပုံ၊ ထိုလက်သည် ချုပ်ငြိမ်းရန် လိုအပ်ပုံ၊ ချုပ်ငြိမ်းစေသင့်ပုံကို ထင်မြင်စေရန် ဒုက္ခဖြစ်ရာ ဖြစ်ကြောင်း သမုဒယသစ္စာကို ရှေ့ကတင်ပြရပါသည်။ထိုသမုဒယ အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဒုက္ခတရားများမှာလည်း လူတိုင်းခံစားနေရသော တကယ့်လက်တွေ့ အနိဋ္ဌာရုံများ ဖြစ်ခြင်းကြောင့် ထိုဒုက္ခကို ရှေးဦးစွာ ထုတ်ဖေါ်ဆွဲကိုင်၍ ဒုက္ခကို ဒုက္ခမှန်းသိအောင် ပြရပါသည်။

ထို့ကြောင့် မဂ္ဂသစ္စာကို ဟောလိုရင်းဖြစ်သော်လည်း အရင်းအခြေခံမှစတင်၍ ဒုက္ခဆိုသောအရာ တကယ်ရှိသည် ဒုက္ခအကျိုးတရားကို ဖန်တီးသော သမုဒယအကြောင်းတရားက နောက်၌

ရှိနေသည်။ ထိုသမုဒယကို ချုပ်ငြိမ်းလမ်းပြတ်အောင် နှိပ်ကွပ်၍ ရနိုင်သည်။ ချုပ်ငြိမ်းခြင်း အကျိုးတရားကို ပေးစွမ်းနိုင်သည့် မဂ္ဂအကြောင်းတရားကား ဤသို့တည်းဟူ၍၊ ဒုက္ခသစ္စာမှ စတင်ကာ အဆင့်ဆင့် ဟောကြားခြင်း ဖြစ်ပါသည်။

၄၂။ မေး။ ။သစ္စာလေးပါးကို အကြောင်းသစ္စာ၊ အကျိုးသစ္စာ ခွဲနိုင်သည်ဟု ဆိုပါသလား။

ဖြေ။ ။အကြောင်းအကျိုး ခွဲနိုင်ပါသည်။ တရားသဘော၌ လက်ရှိအကျိုးတရားကို သိမြင်လွယ်ကြပါသည်။ အကျိုးနောက်မှ ထိုအကျိုး ဖြစ်ပေါ်စေသည့် အကြောင်းမူလ တရားကို ဥာဏ်စူးယှဉ်၍ မြင်ခဲကြပါသည်။ ထို့ကြောင့် ရှေးဦးစွာ ဒုက္ခဟူသော အကျိုးကိုပြပြီးမှ သမုဒယဟူသော ဒုက္ခ၏အကြောင်းခံကို ဟောပြပါသည်။ ထို့အတူပင် ဒုက္ခရှိသော် ဒုက္ခပျက်သဉ်း ချုပ်ငြိမ်းခြင်းရှိပုံ အကျိုးတရားကို ကြားနာရသူက သဘောသက်ဝင် လိုလား လက်ကမ်းချင်ကြလေအောင် ရှေးဦးစွာဟောပြပါသည်။ ထို့နောက်မှ ချုပ်ငြိမ်းမှုကို လိုသော် ကျင့်ဆောင်အပ်သည့် ချုပ်ငြိမ်းမှုအကျိုးကို ဖန်တီးနိုင်သည့် အကြောင်းတရား မဂ္ဂင်ခရီးလမ်း အကျင့်ကို ဟောပြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အကျိုးရှေ့ပြ၊ အကြောင်းနောက်ပြသော သဘောကို သုံးသပ်ခြင်ဆင်နိုင်ပါသည်။ ဤနည်းဖြင့် ဒုက္ခသစ္စာ၊ နိရောဓသစ္စာတို့သည် အကျိုးသစ္စာ ဖြစ်ပါသည်။သမုဒယသစ္စာ၊ မဂ္ဂသစ္စာတို့သည် အကြောင်းသစ္စာများ ဖြစ်ပါသည်။

သမုဒယသစ္စာသည် ဒုက္ခသစ္စာနှင့် အကြောင်း အကျိုးစပ်၍ ဒုက္ခသည် အကျိုး၊ သမုဒယသည် အကြောင်း ဖြစ်ပါသည်။

ထို့အတူ နိရောဓသစ္စာသည် မဂ္ဂသစ္စာနှင့် အကြောင်း အကျိုး စပ်၍ နိရောဓသစ္စာသည် အကျိုး၊ မဂ္ဂသစ္စာသည် အကြောင်း ဖြစ်ပါသည်။

၄၃။ **မေး။** ။မြတ်စွာဘုရားသည် ဒုက္ခသစ္စာကို မည်ကဲ့သို့ ထင်မြင်အောင် ရှင်းလင်းထုတ်ဖေါ် ခွဲခြားပြတော်မူပါသနည်း။

**ဖြေ။** ။ဒုက္ခဟူသည်မှာ တမျိုးတည်း မဟုတ်ပါ။ အမျိုးမျိုး ရှိပါသည်။ သတ္တဝါတို့ လောက၌ အကြီးမားဆုံးသော စာရင်းချုပ်နိုင်သည့် ဒုက္ခကြီးများကို ဤသို့ ခွဲခြားတင်ပြတော် မူခဲ့ပါသည်။

၁။ သံသရာ၌ အကြိမ်ကြိမ် အဖန်ဖန် ဘဝဖြစ်ရမြဲဒုက္ခ။ **(ဇာတိဒုက္ခ)**

၂။ ဘဝဖြစ်လေသမျှ၌ အဖန်ဖန် အိုရမြဲဟူသော ဒုက္ခ။ **(ဇရာဒုက္ခ)**

၃။ ဘဝတိုင်း၌ အဖန်ဖန် နာရမြဲဒုက္ခ။ (ဗျာဓိဒုက္ခ)

၄။ သေရခြင်းဒုက္ခ။ (မရဏဒုက္ခ)

၅။ ချစ်ခင်သူများနှင့် ခွဲခွာကြရမြဲ ဒုက္ခ။ **(ပိယေဟိ ဝိပ္ပယောဂဒုက္ခ)**

၆။ မချစ်ခင်သူများနှင့်လည်း အဖန်ဖန် ပေါင်းသင်းတွေ့ဆုံရမြဲဒုက္ခ။ (အပိယေဟိသမ္ပယောဂဒုက္ခ)

၇။ အလိုရှိပါလျက်နှင့် လိုရာမရနိုင်သော ဒုက္ခ။ (ယံပစ္ဆံ နလဘတိဒုက္ခ)

ဤဒုက္ခများသည် အသေးစိတ် ဒုက္ခဟူသမျှ အကြုံးဝင်ပြီး ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်က အကျဉ်းချုပ်အားဖြင့် ပေါင်းခြုံ၍ ပြပါသေးသည်။ ဥပါဒါန်တရားတို့၏ စွဲလန်းရာ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲခြင်းအစစ်ပင် ဖြစ်သည်ဟူ၍ ဟောကြားခဲ့ပါသည်။

၄၄။ မေး။ ။ဇာတိဒုက္ခကို ပို၍ရှင်းလင်းအောင် ဖွင့်ဆိုပြပါ။

ဖြေ။ ။လူ့ဘဝသည် ဖွားမြင်မြောက်သည်မှစ၍ ဆင်းရဲအမျိုးမျိုးကို တွေ့ကြုံကြရပါသည်။ ဖွားမြင်သည်မှ ဖြစ်ပေါ်သောဒုက္ခကို အပထား၍ မဖွားမြင်မီ၊ မိခင်ဝမ်းတွင်း၌ ကြီးပွား စွဲဝသည် ရကဘည်းကပင်လျှင် ကျဉ်းမြောင်းကြပ်တည်းလှသော မိခင်၏ ဝမ်းတွင်း၌(၉)လကျော်၊ (၁၀)လအထိ မလှုပ်မရှက်သာဘဲ ကွေးကျုံ့၍ ကိန်းအောင်း နေကြရပါသည်။ ဤကဲ့သို့ အမိဝမ်းတွင်း၌ စွဲနေရသော ဇလာဗုဇ ပဋိသန္ဓေမျိုးသာမက ဥခွံအတွင်း၌ မှီတွယ်ကြီးပွားရသော အဏ္ဍဇပဋိသန္ဓေမျိုးနှင့် အညစ်အကြေးကိုမှီ၍ ပဋိသန္ဓေနေရသော သံသေဒဇ ပဋိသန္ဓေမျိုး၌လည်း ဆင်းရဲမှုများရှိပါသည်။ ဤသို့ဆိုရာ၌ နတ်၊ ဗြဟ္မာတို့ကဲ့သို့ ရုပ်ဒြပ် ထင်ရှား တချက်ထည်း ဖြစ်ပေါ်ရသော ဥပပါတ် ပဋိသန္ဓေမျိုးတွင် ဇာတိဒုက္ခမရှိနိုင်ဟု ထင်မှားစရာ ရှိပါသည်။ စင်စစ်အားဖြင့် ထိုသို့သော ပဋိသန္ဓေကို နေရခြင်းဒုက္ခထက် ပို၍ ခိုင်မာထင်ရှားသော ဒုက္ခမှာ ဘဝဟူ၍ဖြစ်ရခြင်း ပင်ကိုယ်ကပင်လျှင် ဒုက္ခဖြစ်ပါသည်။ ဘဝရှိ၍ ဒုက္ခများခံစားစရာ ရုပ်နာမ်ခန္ဓာ ဖြစ်ပေါ်လာရပါသည်။ ဘဝသာ မဖြစ်ပေါ်လျှင် ဒုက္ခကိုခံစားရမည် မဟုတ်ပါ။ ဘဝဟူ၍ ဖြစ်လာကတည်းက ဒုက္ခကိုခံရန် ခရီး

စခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဘဝသစ်ဖြစ်ရခြင်း ဇာတိသဘောတရားသည်ပင်လျှင် ဒုက္ခဘုံထဲသို့ ဝင်ရခြင်း ဒုက္ခအစဖြစ်ပါသည်။ ဥပမာအားဖြင့် ကြွေးမြီဆပ်ရခြင်း ဒုက္ခသည် ကြွေးယူချိန်ကတည်းက စခဲ့ပါသည်။ ကြွေးမယူလျှင် ဆပ်စရာအကြောင်း မပေါ်ပါ။ ဆပ်ရမည်လည်း မဟုတ်ပါ၊ ကြွေးယူကတည်းက ဆပ်ရမည့်ဒုက္ခသည် တပြိုင်တည်း စတင် စွဲဝင် ခဲ့ပါသည်။ ထို့ကြောင့် ကြွေးဆပ်ရခြင်းကို ဒုက္ခဟုနားလည်လျှင် ကြွေးယူရခြင်းသည်ပင် ဒုက္ခဖြစ်ကြောင်းကို ဦးစွာ သဘောပေါက် သင့်ပါပါသည်။ ထို့ကြောင့် ဇာတိဒုက္ခကို ပဋိသန္ဓေနေရခြင်း ဒုက္ခသာမည မျှသာ မမှတ်ယူဘဲ၊ သံသရာ၌ ဘဝပြတ်စဲခြင်း မရှိသေးသမျှ ကာလပတ်လုံး ၃၁-ဘုံတွင် ဘဝသစ်ဟူ၍ ဘဝတခုခု၌ အစပြန်၍ ဝင်ရခြင်း ဇာတိသည်ပင်လျှင် ဒုက္ခဟူ၍ ကွဲကွဲပြားပြား နှလုံးသွင်းသင့်ပါသည်။

၄၅။ မေး။ ။ဇရာဒုက္ခကိုလည်း ရှင်းလင်းအောင် ဖွင့်ဆိုပြပါ။

ဖြေ။ ။ အိုခြင်းဆင်းရဲ ဟူသည်မှာ အသက် ၄၀-ကျော်မှ အိုသည့် ဆင်းရဲမျိုးသာ ဆိုလိုသည် မဟုတ်ပါ၊ အိုခြင်းဟူရာ၌—

ဆံဖြူသွားကျိုး၍ အသားအရေတွန့်ကာ အာရုံကြောများ ပျက်စီးသည်အထိ ထင်းရှားစွာ အိုမင်းလာသော ပါကဋဇရာ က တမျိုး။

ရုပ်ဟူ၍ဖြစ်သည်မှစ၍ အသွင်တခုမှတခုသို့ရင့်ရော်ကူးပြောင်းနေရခြင်း၊ ပကတိဖြစ်စ ရုပ်၌မတည်ဘဲ ရင့်ရော်ရခြင်း အဆင့်ဆင့်ဖြစ်သည့် အပါကဋ ဇရာ က တမျိုး။

တနည်းအားဖြင့် အိုသည်ဟု အသိအမှတ်ပြု၍ **စကား တင်စား** လောက်အောင် ပကတိ မျက်မြင်အိုသော **သမ္မုတိဇရာ ကတမျိုး**။

ရုပ်နာမ်တရားတို့သည်၊ ဥပဒ်၊ ဌီ၊ ဘင်၊ ဟူ၍ စက္ကန့်နှင့် အမျှ ရုပ်သစ် ကလာပ်သစ် ဖြစ်၊ ဖြစ်ဆဲ၊ ချုပ်၊ ဖြစ်၊ ဖြစ်ဆဲ၊ ချုပ်၊ ဟူ၍ ရွေ့လျှားပြောင်းလဲနေသောအစဉ်၌ "ဌီ" အခိုက်ပြောင်း လဲမှု အစဉ်အဆင့်ဆင့်တည်းဟူသော **ခဏိကဇရာ** က တမျိုးဟူ၍ နှစ်မျိုး ရှိပါသည်။

ထို့ကြောင့် ငါးနှစ်၊ ဆယ်နှစ်အရွယ် ကလေးငယ်သည် ဇရာ ဒုက္ခ လုံးဝမရှိဟု မဆိုသာပါ။ မည်သည့်အရွယ်၌မဆို၊ ဇာတိ၊ ဇရာ၊ဗျာဓိ၊မရဏတို့သည် ဝင်ရောက်နိုင်သည်ကို သတိပြုရပါမည်။ ငါးနှစ်ရွယ်၌ သေဆုံးသွားသော ကလေးငယ်သည် ဇာတိဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့ကိုသာ တွေ့ရ၍၊ ဇရာဒုက္ခမှ လွတ်သွား သည်ဟု မထင်မှတ်သင့်ပါ။ ဇာတိနှင့် မရဏအကြား၌ ဇရာနှင့် ဗျာဓိတို့သည် မပြတ်မလပ် ဖြစ်ပေါ်နေသည်ကို သိသင့်ပါသည်။ သို့မှသာ ဇရာဒုက္ခကို ကွက်ကွက်ကွင်းကွင်း မြင်သာပါမည်။

၄၆။ မေး။ ။ဗျာဓိဒုက္ခကို ရှင်းလင်းပြပါဦး။

ဖြေ။ ။လူတို့သည် မိမိရုပ်ခန္ဓာ တည်မြဲမှုအတွက်ရင်း၊ ကောင်းစွာ ပွားစည်းကြီးထွားမှု အတွက်ရင်း၊ နေ့စဉ် ပြုပြင်ဖန်တီး စီရင်နေရပါသည်။ ထိုသို့ စီရင်ရငြားသော် လည်း မိမိမပိုင်သော အနတ္တခန္ဓာနာမ်ရုပ်တို့သည် မိမိလိုသလို ဖန်တီးသလို မဖြစ်ပါ။ မဖြစ်ဖြစ်အောင်၊ မလှလှအောင်၊ မဝ ဝအောင် အားထုတ် နေရသော **သင်္ခါရဒုက္ခ** တို့သည် **အစဉ်**

ဖြစ်ပွားနေပါသည်။ထိုမျှမက ရုပ်နာမ်ခန္ဓာကြီးသည် အတည်မမြဲ ဖောက်လွဲ ဖောက်ပြန် သွေးလေသလိပ်၊ သည်းခြေအပူအအေး၊ မမှန်ကန်ဘဲ အနာအမျိုး ၉၆-ပါးတို့ ကပ်ငြိခံစားရပါသေးသည်။ ဤသို့ ဖောက်ပြန်ပျက်စီးသော ဝိပရိဏာမဒုက္ခ တို့သည် အစဉ်အမြဲ အိပ်ရာထက်တွင် လဲနေသည်အထိ မဟုတ်စေကာမူ၊ နှာချေဏတ်ခြင်း၊ သန်းခြင်းမှအစ ဒုက္ခဖြစ်ပေါ်နေပါသည်။ ဤသို့ဖြစ်ပေါ်ခံစားနေရသော သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခတို့သည် ဗျာဓိဒုက္ခ များပင် ဖြစ်ပါသည်။ ဘေးဒဏ်ဥပါဒ် ထိခိုက်မိသောအခါတွင်လည်း ဒုက္ခဟူသော ဆင်းရဲမှုကို ခံစားရသည်သာဖြစ်ပါသည်။

၄၇။ မေး။ ။မရဏဒုက္ခကိုလည်း ဆက်၍ရှင်းပြပါ။

ဖြေ။ ။သတ္တဝါတို့သည် ဘဝကို ခင်မင်တွယ်တာကြသောကြောင့် ဘဝကခုပြီးတခုဖြစ်ပေါ်၍ သံသရာရှည်ခဲ့ကြပါသည်။ ဘဝဖြစ်ပေါ်သောလျှင် ဘဝကို ခုံမင်သော ဘဝတဏှာသည် အလွန်ကြီးမားခိုင်မြဲရင့်သန်လာမြဲဖြစ်ပါသည်။ ထိုဘဝကို မပျောက်ဆုံးရအောင် အားထုတ်လုံ့လ ပြုကြရပါသည်။ သို့ရာတွင် ဘဝအဖြစ်ရှိလျှင် အချုပ်ရှိမြဲ ဖြစ်သည့်အတိုင်း အစသည် အဆုံးသို့ ရွေ့လျားမြဲ ဖြစ်ပါသည်။ နောက်ဆုံးတနေ့တွင် မိမိတပ်မက်လှသော ဘဝကိုစွန့်ခွာ၍ သေဆုံးကွယ်လွန်ရစမြဲဖြစ်ပါသည်။ ဤသို့ တပ်မက်လှသော ဘဝဆုံးရှုံးရခြင်းသည် ဒုက္ခသာ ဖြစ်ပါသည်။ မဆုံးရှုံးရမို့၊ ဆုံးရှုံးရမည်ကို ကြောင့်ကြပူပန်ရသောဒုက္ခ၊ တားဆီးကာကွယ်နေရသည့် ဒုက္ခတို့သည် မရဏဒုက္ခကို အကြောင်းပြုသော ဒုက္ခများပင် ဖြစ်ပါသည်။ ဤမျှ

ကြောက်ရွံ့ထိတ်လန့်မုန်းတီးသော သေခြင်းတရားသည် သတ္တဝါတို့အတွက် ဒုက္ခစင်စစ်ပင် ဖြစ်ပါသည်။

စင်စစ်အားဖြင့် ဇရာသဘောမှာကဲ့သို တကယ်အဆုံးစွန် သေလွန်သော **သမ္မုတိမရဏ** နှင့် ရုပ်နာမ်ကလာပ်စည်းတို့သည် စက္ကန့်နှင့်အမျှ ချုပ်ပျောက်ပျက်စီးကာ၊ ရုပ်သစ်ဖြစ်သမျှ ရုပ်ဟောင်းကွယ်နေသော "ဘင်"ကာလများကဲ့သို့ **ခဏိကမရဏ** ဟူ၍ နှစ်မျိုးရှိပါသည်။ အသက်တမ်းကုန်၍ သေခြင်း၊ **အာယုက္ခယ** ဖြစ်စေ၊ ကံ၏အကျိုးပေးကုန်၍ သေခြင်း၊ **ကမ္မက္ခယ** ဖြစ်စေ၊ အသက်တမ်းရောက် ကံပါကုန်၍ သေခြင်း၊ **ဥဘယက္ခယ** ဖြစ်စေ၊ လောလော လတ်လတ် ပိုင်းဖြတ်သောအမှု၊ ဥပါဒ်ဘေးဒဏ် ဟာခုခုကြောင့် သေခြင်း၊ **ဥပစ္ဆေဒက** ဖြစ်စေ၊ တနည်းနည်းဖြင့် မလွတ်တမ်း သေခြင်းမျိုးနှင့် ခန္ဓာအစဉ် ချုပ်ပျက်နေသော ရွေ့ပြောင်းခြင်း ခဏိကမရဏတို့သည် ဒုက္ခချည်းသာဖြစ်ကြောင်း သတိပြုသင့်ပါသည်။

၄၇။ မေး။ ။ကျန်သော ဒုက္ခသုံးပါး၏ သဘောကိုပါ ရှင်းပြပါ။

ဖြေ။ ။ကျန်သော ဒုက္ခများမှာ ချစ်သူနှင့်ကွေကွင်းမှသော ဒုက္ခသည်၊ သေကွဲ ကွဲခြင်း၊ ရှင်ကွဲ ကွဲခြင်း ဟူ၍ နှစ်မျိုးရှိပါသည်။ တဏှာဥပါဒါန်၏ နှိပ်စက်မှုကြောင့် ဖြစ်သော ဆင်းရဲမျိုးပင်ဖြစ်ပါသည်။ မချစ်သောသူနှင့် အတူနေရခြင်းသည်လည်း ခံနိုင်ခက်ခဲသော ဆင်းရဲမျိုး ဖြစ်ပါသည်။ ဤဆင်းရဲတို့ကို သာဝမပြတ်သော ကာလပတ်လုံး ခံစားရမည်ပင်

ဖြစ်ပါသည်။ လိုရာတောင့်တသော်လည်း မရနိုင်သောဆင်းရဲမှာ ဆင်းရဲတို့၏ အချုပ်ပင်ဖြစ်ပါသည်။ သတ္တဝါတို့သည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့ကို မလိုလားကြပါ။ ဘဝဟူသည်ကိုပင် တရားသဘော မြင်လာသည့်အခါ မလိုလားကြတော့ပါ။ သို့ရာတွင် မဂ်ဖိုလ်ဆိုက်အောင် တဏှာအာလယ ကင်းကုန်ကြသည်မဟုတ်သေးသဖြင့် အနတ္တဂ္ဂလာက၊ သခ်ါရလောကထဲတွင် ဟဝဲလည်လည် ကျင်လည်နေရ၍ တောင်းတတိုင်း ပြည့်ဝနိုင်ကြသည်မဟုတ်ပါ။ ထို့ကြောင့် တောင်းတပါလျက် မပြည့်ဝသောဒုက္ခကို အစဉ်အမြဲ ခံစားနေကြရသည်သာ ဖြစ်ပါသည်။ ဒုက္ခသည် ရုပ်ခန္ဓာအား ထိပါးသဖြင့် ထိုးကျင့်ကိုက်ခဲအောင့်အဉ်းနာကျင် ပူလောင် မြေစသည်ဖြင့် အနိဋ္ဌအာရုံ အသီးသီးဖြင့် ရုပက္ခန္ဓာကိုနှိပ်စက်သော **ကာယိကဒုက္ခနှင့်**၊ ညစ်နွမ်းပင့်ဖို ငိုကြွေးလှိုက်လှဲ့ လွမ်းဆွတ် ကြေကွဲခြင်းဖြင့်၊ စိတ်၏ပင်ပန်း ဆင်းရဲခြင်း စေတသိက ဒုက္ခဟူ၍ နှစ်မျိုးရှိရာ၊ ဤဒုက္ခများမှာ **စေတသိက ဒုက္ခ**တွင် ပါဝင်ပါသည်။ ထိုဒုက္ခနှစ်မျိုးသည် ဆက်စပ်နေ၍ စိတ်ဆင်းရဲသော် ကိုယ်ဆင်းရဲ၍ ကိုယ်ဆင်းရဲသောအခါ၌လည်း စိတ်ဆင်းရဲခြင်း ဖြစ်ရတတ်ပါသည်။

ဤဆင်းရဲခြင်းသဘော အားလုံးကိုခြုံ၍ ဒုက္ခသစ္စာဟု ဟော ကြားခြင်း ဖြစ်ပါသည်။

၄၉။ မေး။ ။ဒုက္ခဆင်းရဲခြင်း ဟူသည်မှာ အမှတ်သညာ အားဖြင့် ဒုက္ခဟုထင်နေသူအဖို့ ဒုက္ခဖြစ်ပြီး သုခဟုထင်သူအဖို့ သုခ မဖြစ်နိုင်ပါသလော။

ဖြေ။ ။ဒုက္ခသည် တွေးထင်သူ၏ စိတ်ထင်ရာအလိုက် ဒုက္ခဖြစ်သည်၊ သုခဖြစ်သည်ဟူ၍ အပြောင်းအလဲမရှိပါ။ ဒုက္ခသည်စင်စစ်ဒုက္ခသာဖြစ်ပါသည်။ ထို့ကြောင့်သာ ဒုက္ခသစ္စာဟုဆိုပါသည်။ ဒုက္ခမဟုတ်သုခဟုထင်ခြင်းမှာ ထင်မှားသူ၏ သန္တာန်၌ ကိန်းအောင်းသော အဝိဇ္ဇာ မောဟက မျက်လှည့်ပြခြင်း ဖြစ်ပါသဖြင့် စိတ်ထင်၏ သညာ သဘောအားဖြင့်သာ ပြောင်းလဲပါသည်။ တကယ် ပရမတ္ထ သဘောအားဖြင့် ဒုက္ခကို သုခဟုထင်မှတ်ရစေကာမူ တရွေ့ရွေ့ တဖြည်းဖြည်းဖြင့် ဒုက္ခ၏ သရုပ်သဏ္ဍာန်များပေါ်လာ၍ နောက်ဆုံးဒုက္ခဖြစ်ကြောင်း သိမြင်ရပါသည်။ ပုထုဇဉ်နှင့် ရဟန္တာတို့၏ ကွဲလွဲခြားနားချက်တွင် ပုထုဇဉ်သည် ဒုက္ခကို သုခဟု မှတ်ထင်လက်ခံသာယာနေတတ်ခြင်းနှင့် ရဟန္တာတို့သည် ဒုက္ခကို ဒုက္ခမှန်းသိ၍ စက်ဆုတ် ကြောက်ရွံ့လျက် အလွတ်ရှောင်ခွာ တတ်ခြင်းပင် ဖြစ်ပါသည်။ထို့ကြောင့် ဃင်းရဲဖြစ်လျက် ဆင်းရဲဟု သာမန်ပုဂ္ဂိုလ်တို့ ပညာမျက်စိ အမြင်မမိတတ်သော သုခယောင်ဆောင်သည့် ဆင်းရဲမျိုးကို ပဋိစ္ဆန္နဒုက္ခဟု ခေါ်ပြီး၊ ဆင်းရဲမဟုတ်ဟူ၍ အထင်မှားစရာ မရှိ၊ ပကတိမြင်သော ဆင်းရဲမျိုးကို အပ္ပဋိစ္ဆန္န ဒုက္ခဟူ၍ ခေါ်ပါသည်။

၅၀။ မေး။ ။ဒုက္ခသည် အဘိဓမ္မာ သဘောအားဖြင့် အဘယ်စိတ်များ ဖြစ်သနည်း။

ဖြေ။ ။ဒုက္ခ၏ တရားကိုယ်မှာ စိတ်-၈၉၊ လောဘကြဉ်သော စေတသိက်-၅၁၊ ရုပ် ၂၈-တို့ ဖြစ်ပါသည်။

၅၁။ မေး။ ။သမုဒယသစ္စာ အကြောင်းကို ရှင်းပြပါ။

ဖြေ။ ။သမုဒယသစ္စာမှာ ဒုက္ခကို ဖန်တီး ပြုလုပ်သော ဒုက္ခ၏ အကြောင်းတရား တဏှာပင်ဖြစ်ပါသည်၊ ထို့ကြောင့် မြတ်စွာဘုရားရှင်က တဏှာကို အောက်ပါအတိုင်း ကဲ့ရဲ့တော်မူပါသည်။

၁။ သံသရာ၌ ဘဝအသစ်အသစ်ကို ဖြစ်စေတတ်သည်။ (**ယာယံတဏှာ၊ ပေါနောဗ္ဘဝိကာ**) ဘဝကို တပ်မက်မှု အစွဲ အလန်းကြောင့် ဘဝသည် အသစ်တဖန် ဖြစ်ရပါသည်။ ဘဝ အသစ်ဖြစ်အောင် အကျိုးဆက်နေသော တဏှာသည် ဒုက္ခကို အကျိုးဆက်နေသော သမုဒယပင် ဖြစ်ပါသည်။

၂။ နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေ တတ်သည်။ (**နန္ဒီရာဂ သဟဂတာ**) တဏှာကို အလွန်နှစ်သက်ကြသည်။ တဏှာရစ်ပတ် လာလျှင် လွတ်အောင်ရုန်းထွက်ရန် ခက်ခဲကြ၍ တဏှာကို တပ် မက်ခင်တွယ်စရာ အဖြစ်သာ အမြင်မှောက်မှား စွဲလန်းတတ်ပါ သည်။

၃။ ကာမဂုဏ် အာရုံတို့၌ လွန်စွာ နှစ်သက်တတ်သည်။ (**တတြတတြ အဘိနန္ဒိနီ**) တဏှာအာရုံကို ခံစားမိလျှင် ပို၍သာ စွဲလမ်းငြိတွယ်တတ်သည်။ စက်ဆုတ်ရွံရှာသွားသည် မရှိဘဲ ပို၍ သာ နှစ်မောတွယ်တာမိသည်။ တခါ ခံစား မိ လျှင် ထပ်ကာ ထပ်ကာသာ ခံစားလိုသည်။ နောက်မဆုတ်တမ်းသာ လိုက်စား မိုက်မှား မိတတ်စေပါသည်။

ထိုအကြောင်းများကြောင့် သမုဒယဖြစ်သော အကြောင်း ရင်းလက်သည် တဏှာကို ကဲ့ရဲ့တော်မူပါသည်။

၅၂။ **မေး။** ။တဏှာကို အဘယ်သို့ ခွဲခြမ်း သုံးသပ် နိုင်ပါ သနည်း။

**ဖြေ။** ။တဏှာကို သုံးမျိုးခွဲခြားနိုင်ပါသည်။ ၎င်းတို့မှာ

၁။ အာရုံခြောက်ပါး၌ တပ်မက်ခြင်း၊ **ကာမတဏှာ**။

၂။ မြဲသည်ဟူသော အယူအစွဲ (သဿတ ဒိဋ္ဌိ)ဖြင့် ဘဝကို တွယ်တာခြင်း၊ **ဘဝတဏှာ**။

၃။ အကြောင်းအကျိုး ဆက် ခြင်း မ ရှိ၊ တဏှာသည် တဏှာသက်သက်သာ ဖြစ်၍ ဒုက္ခကို ဖြစ်စေသော အရာမဟုတ်ဟူ၍ ပြတ်ပြတ်ကင်းကင်း သီးခြားမှတ်ထင်ခြင်း (ဥစ္ဆေဒဒိဋ္ဌိ) ဖြင့် သာ ယာ ခံ စား ခြင်း၊ **ဝိဘဝတဏှာ** ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် တဏှာ၏ ကုန်ခန်းပြတ်စဲကြောင်းကို ရှာသော အခါ၊ တဏှာသည် သီး ခြား ပြတ် မ နေ၊ ဒုက္ခကို အကျိုးပြု အကြောင်းဆက်၏။ တဏှာသည် အမြဲတည်သော သာယာမှု မဟုတ်၊ အာရုံခြောက်ပါး၌ တပ်မက်သော တဏှာမရှိအပ်ဟူ၍ ဝိဘဝတဏှာ၊ ဘဝတဏှာ၊ ကာမတဏှာအားလုံးကို အကြွင်းမဲ့ တပြိုင်တည်း ပယ်ရပါသည်။

၅၃။ **မေး။** ။တဏှာ၏ နယ်ပယ်သည် မည်မျှ ကျယ် ဝန်းပါ သနည်း။

**ဖြေ။** ။တဏှာသည် အာရုံရှိသမျှ ကျယ်ဝန်းပါသည်။

အဆင်းအမျိုးမျိုး၌ သာယာခြင်း၊ ရူပတဏှာ။ အသံအမျိုးမျိုး၌ သာယာခြင်း၊ သဒ္ဒတဏှာ။ အနံ့အမျိုးမျိုး၌

သာယာခြင်း ဂန္ဓတဏှာ။ အရသာ အမျိုးမျိုး၌ သာယာခြင်း၊ ရသတဏှာ။ အတွေ့အထိ အမျိုးမျိုး၌ သာယာခြင်း၊ ဖောဋ္ဌဗ္ဗတဏှာ။ နှလုံးသွင်းအမျိုးမျိုး၌ သာယာခြင်း၊ ဓမ္မတဏှာဟူ၍ တဏှာခြောက်မျိုး ခွဲခြားနိုင်ပါသည်။

၃၄။ မေး။ ။နိရောဓသစ္စာကို မြတ်စွာဘုရားသည် အဘယ်ကဲ့သို့ ဖွင့်ဆို မဟောကြားပါသနည်း။

ဖြေ။ ။နိရောဓသစ္စာသည် တဏှာ၏ ချုပ်ငြိမ်းခြင်းပင် ဖြစ်ပါသည်။ တဏှာချုပ်ငြိမ်းလျှင် ဘဝချုပ်ငြိမ်း၍၊ ဒုက္ခချုပ်ငြိမ်းမည်ဖြစ်ရာ၊ နိရောဓသစ္စာသည် ဒုက္ခ၏ ချုပ်ငြိမ်းမှုဟူ၍လည်း ဆိုနိုင်ပါသည်။ မြတ်စွာဘုရား ပွင့်တော်မမူမီက ဒုက္ခ၏ ချုပ်ငြိမ်းရာကို ရှာကြံခဲ့ကြသော်လည်း၊ ဒုက္ခသည် တကယ်စင်စစ် ချုပ်ငြိမ်းခြင်း ရှိမှ ရှိပါမည်လား။ ဒုက္ခချုပ်ငြိမ်းမှုဟူသည်မှာ တကယ်ရနိုင်ကောင်း ဖြစ်နိုင်ကောင်းသောအရာ ဟုတ်မှဟုတ်ပါလေသလား၊ စိတ်ကူးယဉ်ခြင်း၊ စိတ်ရတက် ဖြေခြင်းမျှသာ ဖြစ်လေသလားဟု သံသယ ဖြစ်ခဲ့ကြပါသည်။ မြတ်စွာဘုရားရှင်ကမူ ဒုက္ခဖြတ်လမ်း၊ မဂ္ဂင်စခန်းအဖြေကို ပိုင်ပိုင်နိုင်နိုင် ရရှိထားပြီးဖြစ်၍ ဒုက္ခဆိုသည်မှာ သမုဒယကြောင့်ဖြစ်သည်၊ သမုဒယကို မဂ္ဂင်နည်းဖြင့် ဖြတ်၍ရနိုင်ပါသည်။ ဒုက္ခဖြတ်နည်း တွေ့ရှိထားပြီ၊ ဒုက္ခဆိုသည်မှာ ပယ်ဖျောက်ရကောင်းသော အရာသာဖြစ်သည်။ ဒုက္ခချုပ်ငြိမ်းမှု တကယ်ရှိသည်ကို မယုံမှား ကြလင့် ဟူသော သဘောဖြင့် ချုပ်ငြိမ်းမှုကို ကေန်အမှန် သစ္စာတရား တခုအနေဖြင့် ရဲရဲရင့်ရင့် ထုတ်ဖော်ဟောကြား ခဲ့ပါသည်။

နိရောဓဟူသည်-

၁။ တဏှာသုံးပါး၏ ကြွင်းမဲ့ကင်းရာ ချုပ်ရာ တရား **(ယော အသေသဝိရာဂ နိရောဓော)**
၂။ တဏှာသုံးပါးနှင့် လွတ်လွတ်ရှင်းရှင်း ကင်းကွာရာ တရား **(ယော ပဋိနိဿဂ္ဂေါ)**
၃။ တဏှာ သုံးပါးတို့ စွန့်လွတ် ပယ် ရှားရာ တရား **(ယော စာဂေါ)**
၄။ တဏှာသုံးပါးမှ ထွက်မြောက်ရာ တရား **(ယာ မုတ္တိ)**
၅။ တဏှာသုံးပါး၌ တွယ်တာ ခြင်း ကင်းရာ တရား **(ယော အနာလယော)** ဟူ၍ ဒွါဒိပ္ပါယ်ဖွင့်ဆိုတော်မူခဲ့ပါသည်။

၅၅။ **မေး။** ။နိရောဓဟူသည်မှာ အဘယ်သဘော၊ အဘယ် စခန်း၊ အဘယ်သို့သော ပေါက်ရောက်မှု ဖြစ်ပါ သနည်း။

**ဖြေ။** ။နိရောဓ ဟူသည်မှာ တဏှာမှ ချုပ်ငြိမ်းသဖြင့် သံသရာ၌ ဘဝခန္ဓာအစဉ် လုံးဝမဖြစ်တော့ဘဲ ကင်းပြတ်၊ လွတ်ပျောက်ခြင်း သဘောဖြစ်၍ နိဗ္ဗာန် စခန်း၊ အသခံတဓါတ်ပင် ဖြစ်ပါသည်။

၅၆။ **မေး။** ။နိဗ္ဗာန်ဘယ်နှစ်မျိုး ရှိပါသနည်း။

**ဖြေ။** ။နိဗ္ဗာန်နှင့် ပတ်သက်သော အယူအဆသည် ကျယ် ဝန်းလှန်းလှပါသည်။ အချုပ်အားဖြင့် အန္တိမဘဝ

ခန္ဓာ အကြွင်းကျန်၍ တဏှာသမုဒယ ချုပ်ပျောက်သော သဥပါဒိ သေသနိဗ္ဗာန်နှင့်၊ ခန္ဓာပါအကြွင်းမရှိ ဘဝအဖြစ်မှ လုံးဝ ချုပ်ပျောက်သော အနုပါဒိ သေသနိဗ္ဗာန်ဟူ၍ နှစ်မျိုးရှိပါသည်။ အချို့က ဘဝသက်တမ်းအတွင်း၌ သမုဒယ ချုပ်ပျောက်သော အခိုက် မျက်မှောက်ပြုဆဲ သမာပတ်ဖိုလ်၊ ချမ်းသာ အခိုက်အတန့် ကိုပင် နိဗ္ဗာန်ဟူ၍ ယူဆကြပါသေးသည်။ ထိုသို့ မျက်မှောက်ပြုရာ တွင် အနတ္တ ဝိပဿနာဉာဏ်ဖြင့် ရင့်သန်ပွားများ၍ ဆိုက်ရောက် သော နိဗ္ဗာန်ကို သုညတနိဗ္ဗာန်ဟု ခေါ်ဆိုကြပါသည်။ အနိစ္စ ဝိပဿနာဉာဏ်ဖြင့် ဆိုက်ရောက်ပါမူ အနိမိတ္တ နိဗ္ဗာန်ဟူ၍ရင်း၊ ဒုက္ခဝိပဿနာဉာဏ်ဖြင့် ဆိုက်ရောက်ပါမူ အပ္ပဏိဟိတ နိဗ္ဗာန် ဟူ၍ရင်း ခေါ်ဆိုပါသေးသည်။

၅၇။ မေး။ ။နိရောဓသစ္စာသည် သမုဒယ၏ ချုပ်ငြိမ်းရာ ဖြစ် သကဲ့သို့ ဒုက္ခ၏ ချုပ်ငြိမ်းရာပင် ဖြစ်ကြောင်း ပါဠိတော်ရှိပါသလား။

ဖြေ။ ။ရှိပါသည်။ ဒုက္ခနိရောဓံ၊ အရိယာသစ္စာဟူ၍ရင်း၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါဟူ၍ရင်း၊ ဟောကြား တော်မူပါသည်။

၅၈။ မေး။ ။မဇ္ဈိမပဋိပဒါဖြစ်သော မဂ္ဂင်ရှစ်ပါးကို ရှေး၌ သိ မြင် ခဲ့ရပါပြီ။ ထိုမဂ္ဂင်ရှစ်ပါးသည် အဘယ်သို့ မှန်မြတ်ပါသနည်း။

ဖြေ။ ။မဂ္ဂင်ရှစ်ပါးသည် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန် သို့ ရောက်စေနိုင်သော ခရီးလမ်းစဉ်ဖြစ်ပါသည်။

ဤလမ်းစဉ်အတိုင်း လိုက်နာကျင့်ကြံလျှင် နိဗ္ဗာန်သို့ မုချရောက်ရှိနိုင်ကြောင်း မြတ်စွာဘုရားရှင်က ဝန်ခံခဲ့ပြီးဖြစ်ပါသည်။ ဤနည်းလမ်းကို အရိယာ ပုဂ္ဂိုလ်တို့သည် အမြတ်တနိုး လက်ကိုင်ပြုကြရပါသည်။

၅၉။ မေး။ ။မဂ္ဂင်ရှစ်ပါးတွင် အကျဉ်းအားဖြင့်သာ ဖော်ပြခဲ့ပါသည်။ ကောင်းသောဆိုသည့် အချင်းအင်္ဂါကို မြတ်စွာဘုရား အလိုတော်အရ ရှင်းလင်းပြဆိုပါ။

ဖြေ။ ။၁။ အမြင်မှန်ရအောင် ရှုမြင်ခြင်းဆိုရာ၌ ကံနှင့်ကံ၏အကျိုးကို သိမြင်မှု ရုပ်နာမ်ခန္ဓာတို့၏ အနတ္တသဘောကို သိမြင်မှု စသော အမှန်မြင်သိပုံမျိုး မြင်သိအောင် ရှုမြင်ခြင်းမျိုး ဖြစ်ပါသည်။

၂။ ကောင်းသော ကုသိုလ်အကြံအစည် များကိုသာ ကြံစည်ရမည်ဆိုသည်မှာ ကာမဂုဏ်သမုဒယ တရားများမှ လွတ်မြောက်၍ အများ သတ္တဝါတို့အား ကရုဏာသဘော၌တည်၍ ကောင်းမြတ်ချမ်းသာစေလိုသော စိတ်ထား အကြံအစည်မျိုး ထားရှိခြင်းဖြစ်ပါသည်။

၃။ ကောင်းသောစကားကို ပြောဆိုခြင်း ဆိုသည်မှာ၊ ဝစီကံလေးပါးမှ လွတ်မြောက် သည့်ဟုတ်မှန်သောစကား၊ ကုန်းမချောသောစကား၊ မသိမ်ဖျင်းသော စကား၊ ကြမ်းကြုတ်ဆဲရေးခြင်းမရှိသော စကား စသည့်စကား၊ တရားနှင့်စပ်သောစကားတို့ကို ပြောဆိုခြင်းမျိုး ဖြစ်ပါသည်။

၄။ ကောင်းသော အပြုအမူကိုသာ ပြုမူခြင်း ဆိုသည်မှာလည်း ကံ သုံးပါးမှ လွတ်ကင်းသည့် ကောင်းမှု၊ ကောင်းသော အပြုအမူ၊ အပြစ်ကင်းစင်သော အပြုကို ပြုမူခြင်းမျိုးပင် ဖြစ်ပါသည်။

၅။ ကောင်းသော အသက်မွေး မြူမှု ပြုခြင်း ဆိုသည်မှာ- ဒုစရိုက်တရားတို့နှင့် မစပ်၊ သူတပါး၏ နစ်နာမှုကို အရင်းပြု၊ သန့်စင် မှန်မြတ်သော မိမိ အားထုတ်မှုဖြင့် အသက်မွေး ဝမ်းကျောင်းသည့် အမှုမျိုးပင် ဖြစ်ပါသည်။

၆။ မှန်ကန်ကောင်းမြတ်သော အားထုတ်မှု ပြုခြင်းဆိုသည်မှာ- အကုသိုလ်တရားများ မယှဉ်ပါးစေရန်၊ ကုသိုလ်တရားများ ပွားများစေရန် ကောင်းမြတ်သော အကျိုးကို ရှေ့ရှုလုပ်ရှားဆောင်ရွက်သည့် လုံ့လ ပယောဂမျိုးပင် ဖြစ်ပါသည်။

၇။ ကောင်းသောသတိ အမှတ်ရအောင် ဆင်ခြင်ခြင်း ဆိုသည်မှာ- ကိုယ်ခန္ဓာ၏ ဖြစ်ပျက်ပုံ၊ ဉပါဒ်, ဌီ, ဘင် ၌ စူးယှစွာ နှလုံးသွင်းခြင်း၊ ထွက်မြောက်ကြောင်း တရားအကျင့်တို့၌ မမေ့ မလျော့ သတိစွဲမြဲစွာ အာရုံစိုက်မိခြင်းမျိုး ဖြစ်ပါသည်။

၈။ ကောင်းသောစိတ်၏ တည်ကြည်ခြင်း ဆိုသည်မှာ- ကာမဂုဏ်တို့မှ လွတ်သော တရားသဘောကို သုံးသပ်ဆင်ခြင်ရာ၌ အာရုံမကူးမပြောင်း ခိုင်မာ တည်ငြိမ်ခြင်းမျိုး ဖြစ်ပါသည်။

၆၀။ မေး။ ။မြတ်စွာဘုရားရှင်သည် ဤမဂ္ဂင်ရှစ်ပါး ကျင့်စဉ်ကို အဘယ်ကဲ့သို့ ချီးမြှောက် ဖွင့်ဆိုတော်မူပါသနည်း။

ဖြေ။ ။ မဂ္ဂင်ရှစ်ပါး တရားသည် ထူးခြား မှန်မြတ်လှပါ
သည်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးဖြစ်၍
သတ္တဝါတို့အတွက် ထွက်ရပ်လမ်း ဖြစ်ပါသည်။ ဤမျှ မှန်မြတ်
အရေးကြီးသော အောင်မြင်မှုကို အနည်းနည်းဖြင့် ချီးကျူးဖွင့်ဆို
နိုင်သည်သာ ဖြစ်ပါသည်၊ မြတ်စွာဘုရားရှင်သည် ဓမ္မစကြာ
ဒေသနာတော်တွင် အောက်ပါအတိုင်း ဂုဏ်တင်တော်မူပါသည်။

**မဂ္ဂင်တရားသည်—**

၁။ ဉာဏ်မျက်စိအမြင်ကို ပွင့်လင်းစေတတ်သည်၊ **စက္ခုကရဏီ**။

၂။ အသိဉာဏ် ပွင့်လင်းမှုကိုလည်း ဖြစ်စေသည်၊ **ဉာဏကရဏီ**။

၃။ ကိလေသာမီးကို ချုပ်ငြိမ်း စေနိုင်သည်၊ **ဥပသမာယ**။

၄။ ဉာဏ်ကွန့်မြူး၍ အထူးသိစေနိုင်သည်၊ **အဘိညာယ**။

၅။ မဖေါက်မပြန် သိစေနိုင်သည်၊ **သမ္ဗောဓာယ**။

၆။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းစေသည်၊ **နိဗ္ဗာနာယ**။

၇။ မယုတ်မလွန် အလယ်အလတ် ကျင့်စဉ်ဖြစ်သည်၊ **မဇ္ဈိမပဋိပဒါ**။

၆၁။ **မေး**။ ။သစ္စာလေးပါး တရားတို့သည် ဒရိယာသစ္စာ
ဟူသော အမည်ကို မည်သို့ရထိုက်ပါသနည်း။

ဖြေ။ ။အရိယာသူတော်စင်တို့ နှလုံးသွင်း သိမြင် ကျင့်
ဆောင်အပ်သော တရားဖြစ်၍ အရိယာသစ္စာ
ဟူ၍ ဆိုနိုင်ပါသည်။ ပါဠိအရ အဓိပ္ပါယ်ကို ကြံဆပါမူ....

၁။ အရိယာတို့ သိအပ်သောကြောင့် အရိယာသစ္စာ။

၂။ မြတ်စွာဘုရားရှင် ဟောကြားတော်မူသောကြောင့် အရိယာသစ္စာ။

၃။ အရိယာပုဂ္ဂိုလ် ဖြစ်အောင် ပြုတတ် သောကြောင့် အရိယာသစ္စာ။

၄။ မှန်မြတ်မှန်ကန်လှသောကြောင့် အရိယာသစ္စာ။

ဟူ၍ သဘောကောက်ယူနိုင်ပါသည်။

၆၂။ **မေး။** ။သစ္စာလေးပါးနှင့် ပတ်သက်၍ မြတ်စွာဘုရားရှင်၌ ဉာဏ်တော်အဆင့်ဆင့် မည်သို့ ဖြစ်တော်မူပါသနည်း။

**ဖြေ။** ။သစ္စာလေးပါး တရားနှင့် ပတ်သက်၍ ဉာဏ်အဆင့် သုံးဆင့်ရှိပါသည်။

၁။ ရှေးအခါ ဘုရားပွင့်တော်မမူမီ အခါကာလက ကြားရုံမျှ မကြားဘူးသော သစ္စာတရားများကို သစ္စာလေးပါး ဤသို့ ရှိပါ၏တကားဟူ၍ ထင်လင်းစွာ စတင်သိမြင်တော် မူခြင်းသည် သစ္စာဉာဏ်အဆင့် ဖြစ်ပါသည်။

၂။ သိအပ်သော သစ္စာလေးပါးနှင့် ပတ်သက်၍ မည်သို့ ဖြည့်ကျင့် ဆောင်ရွက်ရမည်ဟူသောကိစ္စရပ်ကို သိမြင်တော်မူခြင်းသည် ကိစ္စဉာဏ်အဆင့် ဖြစ်ပါသည်။

၃။ သစ္စာလေးပါး အားလျော်စွာ ဖြည့်ကျင့်အပ်သော ကိစ္စဟူသမျှ ပြည့်မြောက်ပြီဟူ၍ သိတော်မူခြင်းသည် ကတဉာဏ်အဆင့် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် သစ္စာလေးပါးကို သိရုံဖြင့် ပြီးသည် မဟုတ်ပါ၊ သစ္စာလေးပါးကို သိမြင်တော်မူသည့်အတိုင်း ဖြည့် ကျင့် ဆောင်ရွက်ရမည့် ကိစ္စကိုလည်း တဆက်ထည်း ဉာဏ်ပေါက် မြောက်တော်မူ၍ ဖြည့်ကျင့်ပြီးဆုံးခြင်းသို့ ရောက်ပြီဖြစ်ကြောင်း ကိုလည်း သိမြင်တော်မူပါသည်။ ဤသို့အားဖြင့် သစ္စာလေးပါး၌ တပါးတပါးလျှင် အသိဉာဏ် ၃-ပါး၊ ၃-ဆင့် ဖြစ်ပေါ်တော်မူ သဖြင့် "တိပရိဝဋ္ဋံ ဒွါဒသာကာရံ၊ ယထာဘူတံ၊ ဉာဏဒဿနံ" ဟူ၍ ဟောကြားတော်မူပါသည်။

၆၃။ မေး။ ။သစ္စာတပါးစီ၌ ဉာဏ်စဉ်တက်ပုံ ၃-ဆင့်စီကို အကျယ်ပွား၍ ရှင်းလင်းပြပါ။

ဖြေ။ ။သစ္စာလေးပါး၌ ဉာဏ်ဖြစ်ပေါ်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ။ဒုက္ခသစ္စာ၌ ဤတရားသည် ဆင်းရဲခြင်းအမှန်တရားတည်းဟု သိခြင်း။ **(သစ္စာဉာဏ်)**
ဤဒုက္ခသည် ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိရမည့်တရားတည်းဟု သိမြင်ခြင်း။ **(ကိစ္စဉာဏ်)**
ဤကဲ့သို့ ပိုင်းခြား၍ သိထိုက်သော ဒုက္ခသစ္စာ တရားကို သိပြီးပြီဟု သိခြင်း။ **(ကတဉာဏ်)**

၂။ ။သမုဒယသစ္စာ၌ ဤတဏှာသည် ဒုက္ခ၏ အကြောင်းတရားအမှန်ဟုသိခြင်း။ **(သစ္စာဉာဏ်)**
တဏှာကို စွန့်ပယ်ရမည့် တရားဖြစ်သည်ဟု သိမြင်ခြင်း။ **(ကိစ္စဉာဏ်)**

စွန့်ပယ်ရမည့် တဏှာကို စွန့်ပယ်ပြီးခဲ့ပြီဟု သိခြင်း။ **(ကတဉာဏ်)**

၃။ ။နိရောဓသစ္စာ၌ ဒုက္ခ၊ သမုဒယတို့သည် ချုပ်ငြိမ်းခြင်း ရှိသည်ဟုသိခြင်း။ **(သစ္စာဉာဏ်)**
ချုပ်ငြိမ်းခြင်းနိဗ္ဗာန်တရားကို ကိုယ်တော်တိုင်မျက်မှောက် ပြုရမည်ဟုသိခြင်း။ **(ကိစ္စဉာဏ်)**
နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးပြီဟုသိခြင်း **(ကတဉာဏ်)**

၄။ ။မဂ္ဂသစ္စာ၌၊ မဂ္ဂင်ရှစ်ပါးသည် ဒုက္ခငြိမ်းရာသို့ ပို့ဆောင်တတ်သော လမ်းစဉ်မှန်ဟုသိခြင်း **(သစ္စာဉာဏ်)**
မဂ္ဂင်ကျင့်စဉ် တရားများသည် ကျင့်ဆောင်ရမည့်တရား ဖြစ်သည်ဟုသိမြင်ခြင်း။ **(ကိစ္စဉာဏ်)**
မဂ္ဂင်တရားများကို ကျင့်ဆောင် ပွားများပြီးလေပြီဟု သိခြင်း **(ကတဉာဏ်)**

ဤသို့အားဖြင့် သစ္စာဉာဏ် ၄-ပါး၊ ကိစ္စဉာဏ်၄-ပါး၊ ကတဉာဏ် ၄-ပါး၊ ပေါင်း ၁၂-ပါးဖြစ်ပါသည်။

၆၄။ **မေး။** ။ဉာဏ်သုံးဆင့်ဖြစ်ပေါ်ရာ၌ မည်သည့်ပါဠိပုဒ်ဖြင့် ညွှန်ပြပါသနည်း။

**ဖြေ။** ။မြတ်သောအသိဖြင့် သစ္စာအမှန်တရား ဖြစ်ကြောင်းကိုသိပုံ သစ္စာဉာဏ်များ၌ **အရိယသစ္စန္တိ** ဟူ၍ချည်း ပြပါသည်။

ဒုက္ခသစ္စာ၏ကိစ္စဉာဏ်၊ ပိုင်းခြားပိုင်နိုင်စွာသိမြင်အပ်၊ သိမြင်ထိုက်ပုံကို **ပရိညေယျန္တိ** ဟူ၍ပြပါသည်။ သမုဒယသစ္စာ၏ ကိစ္စဉာဏ်၌ အကြွင်းမဲ့ပယ်အပ်ပယ်ထိုက်ပုံကို **ပဟာတဗ္ဗန္တိ** ဟူ၍ပြပါ

သည်၊နိရောဓသစ္စာ၏ ကိစ္စဉာဏ်၌ ကိုယ်တိုင် မျက်မှောက်ပြုအပ်ပုံကို **သစ္ဆိကာတဗ္ဗန္တိ**ဟူ၍ ပြပါသည်။မဂ္ဂသစ္စာ၏ ကိစ္စဉာဏ်၌ အားထုတ်ပွားများထိုက်ပုံကို **ဘာဝေတဗ္ဗန္တိ** ဟူ၍ ပြပါသည်။
(သိ-ပယ်-ဆိုက်-ပွား)

ဒုက္ခသစ္စာ၏ကတဉာဏ်၌ ပိုင်းခြားသိမြင်ပြီးပုံကို **ပရိညာတန္တိ** ဟူ၍ ပြပါသည်။သမုဒယသစ္စာ၏ ကတဉာဏ်၌ အကြွင်းမဲ့ ပယ်ပြီးပုံကို **ပဟီနန္တိ** ဟူ၍ ပြပါသည်။ နိရောဓသစ္စာ၏ ကတဉာဏ်၌ ကိုယ်တိုင် မျက်မှောက်ပြုပြီးပုံကို **သစ္ဆိကတန္တိ** ဟူ၍ ပြပါသည်။ မဂ္ဂသစ္စာ၏ ကတဉာဏ်၌ ပွားများပြီးပုံကို **ဘာဝိတန္တိ** ဟူ၍ ပြပါသည်။

၆၅။ **မေး**။ ။မြတ်စွာဘုရားရှင်သည် သစ္စာတရားတို့ကို သိမြင်တော်မူရာ၌ အဘယ်ကဲ့သို့ ခိုင်မာ ပွင့်လင်းစွာ သိတော်မူသည်ဟု ထုတ်ဖော်ပြောကြားပါသနည်း။

ဖြေ။ ။သစ္စာလေးပါးကို သိမြင်တော်မူရာ၌ သစ္စာတရားတိုင်းတွင် သေချာထင်လင်းစွာ သိမြင်တော်မူပါသည်။ ထိုသစ္စာတရားတို့ကို ဘုရားမပွင့်မီ ရှေးအခါက ကြားရုံမျှ မကြားဘူးခဲ့ကြပါ။ ထိုကဲ့သို့ မည်သို့မျှမစဉ်းစားမိခဲ့သေးသော သစ္စာတရားကို သိမြင်တော်မူခြင်းကြောင့်–

အမြင်သဘောသည် ထင်ရှားဖြစ်ခဲ့ပြီ။ (**စက္ခုဥဒပါဒိ**)
အသိဉာဏ်သည် ထင်ရှားဖြစ်ခဲ့ပြီ။ (**ဉာဏံဥဒပါဒိ**)
နှံ့စပ်စွာတတ်မြောက်ခြင်းသည် ထင်ရှားဖြစ်ခဲ့ပြီ (**ပညာဥဒပါဒိ**)ထိုးထွင်းပေါက်ရောက်ခြင်းသည် ထင်ရှားဖြစ်ခဲ့

ပြီ (ဝိဇ္ဇာဥဒပါဒိ) အမိုက်ဘာသားကင်းပျောက်၍ အသင်း ပေါက်ခြင်းသည် ထင်ရှားဖြစ်ခဲ့ပြီ၊ (**အာလောကော ဥဒပါဒိ**)ဟူ၍ ရဲရင့်စွာ ဖွင့်ဟတော်မူခဲ့ပါသည်။ (ပေဋကော ပဒေသအဋ္ဌကထာပါဠိနှင့်အညီ ဖြေ၏)။

၆၆။ မေး။ ။မြတ်စွာဘုရားရှင်သည် အဘယ်အခါတွင်မှ မိမိ ကိုယ်ကို ဘုရားအဖြစ် ရောက်ပြီဟူ၍ ဝန်ခံတော် မူပါသနည်း။

ဖြေ။ ။မြတ်စွာဘုရားသည် အရိယသစ္စာ မြတ်လေးပါး ကို သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် ပိုင်းခြား၍ ယထာဘူတကျအောင် စင်စင်ကျယ်ကျယ် မသိမမြင် သေးသမျှ ကာလပတ်လုံး ဘုရားဖြစ်ပြီဟု ဝန်မခံခဲ့ပါ။ သစ္စာ လေးပါးကို သိမြင်တော်မူသောအခါတွင်မှ လူနတ်ဗြဟ္မာတို့၏ အလယ်၌ အတုမရှိသော သမ္မာသမ္ဗောဓိ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပြီဟု ဝန်ခံတော်မူပါသည်။ သစ္စာလေးပါးကို သိမြင်တော်မူပြီးမှ ပဥ္စဝဂ္ဂီတို့ရှေ့မှောက်တွင် ဘုရားဖြစ်တော်မူပြီ ဟု ဝန်ခံ၍ ဘုရား၏ကရုဏာတော်နှင့်အညီ သစ္စာလေးပါး တရား ကို ပြန်လည်ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

၆၇။ မေး။ ။မြတ်စွာဘုရားရှင်သည် သစ္စာလေးပါးကို သိသဖြင့် သဗ္ဗညုတဉာဏ်ကို ရရှိသည်ဟု ဆိုနိုင် ပါသလား။

ဖြေ။ ။မြတ်စွာဘုရားရှင်သည် သစ္စာလေးပါးတရားကို သိသဖြင့် လောက၏ ထွက်မြောက်ကြောင်း တရား အခြေခံကို သိမြင်တော်မူခြင်းဖြစ်ပါသည်။ ထိုတရားတော်

ကို ပဉ္စဝဂ္ဂီတို့အား ဟောကြားတော်မူသည်မှာ မိမိသိမြင်တော်မူပြီးသမျှ အလုံးစုံမဟုတ်သေးဘဲ အခြေခံအကျင့်တရား၊ မဂ္ဂင်ရှစ်ပါး၊ ဓမ္မစကြာတရားမျှသာ ရှိပါသေးသည်။ မြတ်စွာဘုရားရှင်သည် ဝါတော် ၄၅-ဝါ ကာလပတ်လုံး အကျယ်ဟောကြားတော်မူသော တရားဒေသနာတော်ဟူသမျှသည် ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါကပင် အကျယ်အားဖြင့် သိမြင်တော်မူပြီးဖြစ်ပါသည်။ ထို့ကြောင့် သစ္စာလေးပါးကို သိမြင်ဟော်မူသောအခါ၌ပင် သဗ္ဗညုတ တရားအလုံးစုံ သိမြင်တော်မူသော ဗုဒ္ဓဉာဏ်တော်ကို ရရှိပြီးဖြစ်သည်ဟု သိနားလည်ရပါသည်။

၆၇။ မေး။ ။မြတ်စွာဘုရားရှင်သည် သစ္စာလေးပါးတရားကို မြင်သဖြင့် မိမိကိုယ်တော်၏ဘဝ၌ မည်သို့ ရှုမြင်သုံးသပ်တော်မူပါသနည်း။

ဖြေ။ ။မြတ်စွာဘုရားရှင်သည် ဟုတ်တိုင်းမှန်ရာမြင်သော ဉာဏ်တော် မိမိရရှိ မျက်မှောက်ပြုအပ်သော အရဟတ္တဖိုလ် ဝိမုတ္တိချမ်းသာသည် မပျက်မစီး ခိုင်ခံ့တည်မြဲပြီ ဖြစ်ကြောင်း သိမြင်တော်မူရုံမျှမက၊ "ငါဘုရား၏ ပစ္စက္ခဘဝသည် အဆုံးစွန်သော ဘဝဖြစ်သည်၊ နောက်တဖန်ထပ်မံ၍ ဘဝအသစ် ဖြစ်ဦးတော့မည်မဟုတ်ပြီ" ဟူ၍လည်း သုံးသပ်တော်မူပြီးဖြစ်ပါသည်။

၆၈။ မေး။ ။သစ္စာလေးပါး၊ သစ္စာဉာဏ်စဉ် ၁၂-ပါးတို့ကို သိရှိရပြီး ဖြစ်သော်လည်း၊ သစ္စာအနက် ၁၆-ချက်ဟူ၍ ကျမ်းဂန်တို့၌ ဖွင့်ဆိုကြသည်ဟု ကြားဘူးပါသည်။ သစ္စာအနက် ၁၆-ချက်ကို ဖွင့်ပြပါ။

ဖြေ။ ။သစ္စာအနက် ၁၆-ချက်မှာ၊ သစ္စာတပါးစီ၌ ရရှိအပ်သော အနက်သဘောတို့ကို ပိုမိုထင်ရှားအောင် ဝိသေသပြု၍ ဖွင့်ဆိုခြင်း ဖြစ်ပါသည်။ ဒုက္ခဟု ဆိုရုံနှင့် မပြီးဘဲ အဘယ်သို့သောသဘောကြောင့် ဒုက္ခဖြစ်သည်၊ အဘယ်သို့သော သဘောကြောင့် သမုဒယဖြစ်သည်-စသည်ဖြင့် အကျယ်ရှင်းလင်း ဖွင့်ဆိုခြင်း ဖြစ်ပါသည်။ သစ္စာအနက် ၁၆-ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(ဇိနတ္တပကာသနီ ပထမတွဲ၊ အခန်း ၇-တွင် အကျဉ်း ဖေါ်ပြထားပါသည်။

က။ ဒုက္ခသစ္စာ

၁။ နှိပ်စက်ခြင်း ပြုတတ်သောသဘော၊ (**ပီဠနဋ္ဌော**)
၂။ အဖန်ဖန် ပြုပြင်အပ်သော သဘော၊ (**သင်္ခတဋ္ဌော**)
၃။ ပူပန်သောသဘော၊ (**သန္တာပဋ္ဌော**)
၄။ ဖေါက်ပြန်သောသဘော(**ဝိပရိဏာမဋ္ဌော**)

ခ။ သမုဒယသစ္စာ

၅။ ဒုက္ခများအောင် ရှက်ဆောင်ဆည်းပူး တတ်သောသဘော၊ (**အာယူဟနဋ္ဌော**)
၆။ ဒုက္ခတို့ကို ပေးဆောင်တတ်သော သဘော၊ (**နိဒါနဋ္ဌော**)
၇။ ဒုက္ခနှင့်အမြဲ တွဲစပ်သောသဘော၊ (**သံယောဂဋ္ဌော**)
၈။ မလွတ်ထွက်ရအောင် နှောက်ယှက်သော သဘော၊ (**ပလိဗောဓဋ္ဌော**)

၁။ နိရောဓသစ္စာ

၉။ ဒုက္ခဝဋ်မှ ကျွတ်လွတ်ခြင်းသဘော၊ (**နိဿရဏဋ္ဌော**)

၁၀။ ဒုက္ခမီးရှိန်မှ ဆိတ်ငြိမ်ခြင်းသဘော၊ (**ဝိဝေကဋ္ဌော**)

၁၁။ ပြုပြင်မှုမှ ကင်းလွတ်ခြင်းသဘော၊ (**အသင်္ခတဋ္ဌော**)

၁၂။ သေပျက်ခြင်းမှ လွတ်ကင်းခြင်း သဘော၊ (**အမတဋ္ဌော**)

ဃ။ **မဂ္ဂသစ္စာ**

၁၃။ ဒုက္ခဝဋ်မှ ထွက်မြောက်ကြောင်း လမ်းကောင်းမှန် သဘော၊ (**နိယျာနဋ္ဌော**)

၁၄။ လောကုတ္တရာ တရားအပေါင်း၏ အကြောင်းရင်း မူလဖြစ်ခြင်းသဘော၊ (**ဟေတုဋ္ဌော**)

၁၅။ နိဗ္ဗာန်ကို ရှုမြင်စွမ်းနိုင်သောသဘော၊(**ဒဿနဋ္ဌော**)

၁၆။ အကျင့်တို့တွင် အထွတ်အထိပ်ဖြစ်သော သဘော (**အဓိပတေယျဋ္ဌော**)

၇၀။ မေး။ ။သစ္စာလေးပါးကို ဥပမာဖြင့် ရှင်းလင်းအောင် ထပ်မံနိုင်းယှဉ်ပြပါ။

ဖြေ။ ။သစ္စာလေးပါးအနက် အကယ်၍ ဒုက္ခသစ္စာကို ရောဂါဆိုးနှင့် ပမာထားအံ့။ သမုဒယသစ္စာကို ရောဂါဖြစ်စေသည့် အကြောင်းရင်းဟု မှတ်ယူနိုင်ပါ၏။ နိရောဓသစ္စာကို ရောဂါပျောက်ကင်း ချမ်းသာခြင်းဟု မှတ်ယူနိုင်ပါသည်။ မဂ္ဂသစ္စာကို ရောဂါကုသ နည်းကောင်းနှင့် ဆေးဝါးကောင်းဟူ၍ မှတ်ယူနိုင်ပါသည်။

သစ္စာလေးပါးအနက် အကယ်၍ ဒုက္ခသစ္စာကို ရန်သူနှင့် ပမာထားအံ့။ သမုဒယသစ္စာကို ရန်သူတိုးပွားစေသည့် ရန်ဖြစ်မှုအကြောင်းတရားဟု မှတ်ယူနိုင်၏။ နိရောဓသစ္စာကို ရန်ငြိမ်းခြင်းဟု မှတ်ယူနိုင်ပါသည်။မဂ္ဂသစ္စာကို ရန်ငြိမ်းစေသည့် ရန်ပြေနည်းဟု မှတ်ယူနိုင်ပါသည်။

သစ္စာလေးပါးအနက် အကယ်၍ ဒုက္ခသစ္စာကို အဆိပ်ပင်နှင့်ပမာထားအံ့။ သမုဒယသစ္စာကို အဆိပ်ပင်ရှင်စေသည့် ရေသောက်မြစ်ဟု မှတ်ယူနိုင်ပါ၏။ နိရောဓသစ္စာကို အဆိပ်ပင် သေပျက်ခြင်းဟု မှတ်ယူနိုင်ပါသည်။ မဂ္ဂသစ္စာကို အဆိပ်ပင် သေစေနိုင်သည့် နည်းလမ်းဟု မှတ်ယူနိုင်ပါသည်။

၇၁။ မေး။ ။သစ္စာလေးပါး တရားကို ဟောကြားသော မြတ်စွာဘုရား၏ ဝါဒသည် လောက၏ ဆင်းရဲကြောင်းကိုသာ ဖေါ်ပြသည့် ဒုက္ခဝါဒဟု ဆိုနိုင်ပါသလော။

ဖြေ။ ။မြတ်စွာဘုရားရှင်သည် ဒုက္ခသက်သက်၊ လောကသားတို့အား စိတ်ပျက်မှု အပျက် တရားကိုသာ ဟောကြားသည် မဟုတ်ပါ။ ဒုက္ခ၏ ထွက်မြောက်ကြောင်းကိုပါ ဟောကြားတော်မူသောကြောင့် အကြောင်းအကျိုးမျှတသော တရားဖြစ်၍ ထွက်ရပ်လမ်း တရားသာဖြစ်သည်။ ဒုက္ခကို ဒုက္ခမှန်းမသိလျှင် ထွက်မြောက်ကြောင်းကို လိုလားမည်မဟုတ်သဖြင့် ဒုက္ခနှင့် ဒုက္ခ၏ အကြောင်းရင်းတို့ကို အခြေခံ၍ ဟောကြားခြင်းဖြစ်ပါသည်။

၇၂။ မေး။ ။ဓမ္မစကြာတရားကို ပဉ္စဝဂ္ဂီတို့က လက်ခံကြပါသလား။

ဖြေ။ ။ပဥ္စဝဂ္ဂီတို့သည် ဓမ္မစကြာတရားကို အလွယ်နှင့် သဘော ပေါက်ကြ၍ များစွာနှစ်သက် ကြပါသည်၊တရားတော်ကိုလည်း အနူးအညွတ် လက်ခံကြပါသည်၊ ရှင်ကောဏ္ဍညသည် ပထမဦးစွာ တရားအမြင်ပေါက်၍ သောတာပန်တည်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ သစ္စာလေးပါးကိုသိပြီးသော တပည့်အပေါင်းတွင် အမြတ်ဆုံးအဖြစ်ဖြင့် ဧတဒဂ်အရာဖြင့် ချီးမြှောက်တော်မူပါသည်။

၇၃။ မေး။ ။ဓမ္မစကြာ တရားတော်ကို နာကြားကြရသော ဗြဟ္မာ ၁၈ ကုဋေတို့သည်အားလုံးအကျွတ်တရား ရကြပါသလော၊ နှစ်သက်ချီးကျူးကြပါ၏လော။

ဖြေ။ ။အားလုံးသော ဗြဟ္မာတို့သည် အကျွတ်တရားရရှိကြပါသည်။ တရားဟောကြား ပြီးသောအခါ ဘုမ္မစိုးနတ်တို့သည် သံပြိုင်ဟစ်အော်၍ ကောင်းချီး ပေးကြပါသည်။ ထိုကောင်းချီးပေးသံကို ကြားရသော စတုမဟာရာဇ်နတ်မင်းကြီးများသည်၎င်း၊အဆင့်ဆင့်ကြားကြရသောတာဝတိံသာ၊ ယာမာ၊ တုသိတာ၊နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ စသော အထက်နတ်ဘုံအဆင့်ဆင့်ရှိ နတ်အပေါင်းက၎င်း အသီးသီး ဟစ်ကြွေး၍ ကောင်းချီးပေးကြပါသည်။ ထိုသို့ကောင်းချီးပေးသော အသံသည် အထက်ဆုံးသော အကနိဋ္ဌ ဗြဟ္မာဘုံထိအောင် တလောကလုံး ဖုံးအုပ်ပျံ့နှံ့သွားပါသည်။ ထိုသို့တဆင့်မှတဆင့်သို့ ကောင်းချီးပေးသံ ကူးဆက်သွားသည်မှာ ထိုတရားဟောပြီးသော ဧကက္ကန့်ပိုင်း

(တခဏတွင်း၊ တလယတွင်း၊ ဟာမုဟုတ်တွင်း) အတွင်း၌ပင် ဖြစ်၍ အလွန်လျင်မြန်လှပါသည်။

၇၄။ **မေး။** ။ဓမ္မစကြာတရား ဟောကြားတော် မူပြီးသော အခါမည်သို့သော အံ့ဘွယ် အဖြစ်အပျက် များ ဖြစ်ပျက်ပါသေးသနည်း။

**ဖြေ။** ။နတ်ဗြဟ္မာတို့ ကောင်းချီး ပေးကြရုံသာမက တသောင်းသော လောကဓါတ်ကြီးတခုလုံးသည် နိမ့်တုံမြင့်တုံပြု၍ ခုန်ကာခုန်ကာ တုန်လှုပ်ပါသည်။ ယောင်လွဲသကဲ့သို့ နွဲ့ကာနွဲ့ကာလည်း တုန်လှုပ်ပါသည်။ ဤသို့မြေလျင်ကြီး တုန်လှုပ်သော်လည်း သတ္တဝါတစုံတခုမျှ ဘေးဥပါဒ်မဖြစ်စေပါ။ ထိုမှတပါး အတိုင်းအရှည် မရှိသော အလင်းရောင်ကြီးမှာလည်း ကြီးကျယ်စွာ ထိန်လင်းလျက် တဆန်းတကျယ် အံ့ဩဘွယ်ပေါ် ထွန်းလာပါသည်။ ထိုပကတိအလင်းရောင်ကြီးသည် ဓမ္မစကြာ တရားအလင်းရောင်ကြီးကို ဝိသေသဖြစ်စေပါသည်။

၇၅။ **မေး။** ။နတ်ဗြဟ္မာတို့က မည်ကဲ့သို့ ဟစ်ကြွေးကောင်းချီး ပေးကြပါသနည်း။

**ဖြေ။** ။နတ်ဗြဟ္မာတို့အဆင့်ဆင့် ကြွေးကြော်ကောင်းချီး ပေးကြရာတွင် ရှေးဦးစွာ ဘုမ္မစိုးနတ်တို့ဟစ်ကြွေး သည့် အတိုင်း အဆင့်ဆင့်ဟစ်ကြွေးပါသည်။

ဘုမ္မစိုး နတ်တို့က........

အို-နတ်များအပေါင်းတို့။ မြတ်စွာဘုရားရှင်သည် ဗာရာဏသီ ပြည်၏အနီး မိဂဒါဝုန်တောအတွင်း၌ အတုမရှိသော ဓမ္မစကြာ

တရားတော်မြတ်ကို ဟောတော်မူလေပြီ။ ဤတရားတော်မြတ်ကို ရဟန်းတစုံတဦးသည်၎င်း၊ ပုဏ္ဏားသည်၎င်း၊ နတ်သည်၎င်း၊ မာရ်နတ်သည်၎င်း၊ ဗြဟ္မာသည်၎င်း၊ အနန္တစကြာဝဠာ ကမ္ဘာလောက ဓါတ်ကြီးအတွင်း၌ မည်သူမည်ဝါမျှ မတားဆီး၊ မကန့်ကွက်နိုင်ချေ တကား (အပ္ပဋိဝတ္တိယံ) ဟူ၍ ကြွေးကြော်ပါသည်။ ဤသို့ ကြွေးကြော်ခြင်းမှာ ဓမ္မစကြာတရားကို မည်သူမျှ မသိမမြင် မဟောကြားနိုင်စွမ်းသဖြင့်၊ မည်သူတစုံတဦးမျှလည်း မဟော ကြားခဲ့ဘူးသေး၊ ဟောလည်း မဟောကြားနိုင်၊ ဗုဒ္ဓမြတ်စွာအား မဟောကြားပါနှင့် ကျွန်ုပ်ဟောကြားပါအံ့ဟူ၍၊ တားဆီးဝံ့သူ၊ တားဆီးနိုင်စွမ်းသူလည်းမရှိ၊ မြတ်စွာဘုရား မဟောကြားလေ အောင် မည်သူမျှလည်း နှောက်ယှက်ခြင်း မပြုနိုင်စွမ်း၊ မြတ်စွာ ဘုရား ဟောကြားတော်မူသော ဓမ္မစကြာတရားသည် မဟုတ် မမှန်ဟူ၍ စောဒက အငြင်းတက်နိုင်စရာလည် မရှိ။ ဤသို့သော ဂုဏ်အပေါင်းနှင့် ပြည့်စုံခြင်းကြောင့် အပ္ပဋိဝတ္တိယံ ဟူ၍ ကြွေး ကြော်ခြင်း ဖြစ်ပါသည်။

မှတ်ချက်။ ။"အပ္ပဋိဝတ္တိယံ" ဟူသော ပုဒ်ကို ဆရာတော် ဦးဗုဒ် ၏ နိဿျ၌ "မတားမြစ်နိုင်၊ မဟောနိုင်သော" ဟူ၍၎င်း၊ လယ်တီဆရာတော်၏ နိဿျ၌ "မတ ားဆီး၊ မကန့်ကွက် နိုင်ချေ" ဟူ၍၎င်း၊ ဆရာမာဃ၏ နိဿျတွင်၊ ဟောကြားခြင်းငှာ၊ မစွမ်းနိုင်ရာသော ဟူ၍၎င်း၊ နေတ္တိအရှင် ရေဝတ၏ နိဿျ၌ "မဟောနိုင်သော" ဟူ၍၎င်း အသီးသီး အနက်ဖွင့်ကြသည်။

၇၆။ မေး။ ။ဓမ္မစကြာတရား ဟောကြားတော် မူသောအခါ နိမိတ်ကြီး ၃၂ - ပါး ဖြစ်ပေါ်သည်ဟုဆိုပါ သည်။ မည်သို့သော နိမိတ်ကြီးများ ဖြစ်ပါသနည်း။

ဖြေ ။ ။နိမိတ်ကြီး ၃၂ - ပါး မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ တသောင်းသော လောကဓါတ်တုန်လှုပ်ခြင်း။

၂။ အပူအအေး မျှတခြင်း။

၃။ တသောင်းသော လောကဓါတ်၌ ရတ်တရက် အသံ တိတ်၍ ငြိမ်သက်သွားခြင်း။

၄။ လေပြင်း မုန်တိုင်း မလာခြင်း။

၅။ လေပြေလေညှင်း တိုက်ခတ်ခြင်း။

၆။ မြစ်အပေါင်းတို့၌ ရေမစီးဘဲ တံ့ရပ်ခြင်း။

၇။ သစ်ပင်အပေါင်းတို့ တပြိုင်နက် ပွင့်ခြင်း။

၈။ ကောင်းကင်၌တည်သော ရတနာတို့ ရောင်ဝါကွန့်မြူး ခြင်း။

၉။ လူ့ပြည် နတ်ပြည်တို့၌ရှိသော တူရိယာအပေါင်းတို့ တပြိုင်နက် အလိုလိုမြည်ခြင်း။

၁၀။ ကောင်းကင်၌ နတ်ပန်းမိုးရွာခြင်း။

၁၁။ တပြိုင်နက် ပွဲတင်ဟီးခြင်း။

၁၂။ ငရဲကြီးရှစ်ထပ်၌ ငရဲမီးငြိမ်းခြင်း။

၁၃။ အညစ်အကြေးကင်းစင်လျက်၊ ကောင်းကင်မှနေဝန်း အထူး ထွန်းလင်းခြင်း။

၁၄။ နေ့အခါ၌ ကြယ်တာရာတို့ကို မြင်ရခြင်း။

၁၅။ မိုးမရွာဘဲ ကောင်းကင်မှ နတ်ရေစင် သွန်းချခြင်း။

၁၆။ ဂြိုဟ်ကြီး ၇ - လုံးတို့ ကြည်လင်ထင်ရှားစွာ ပေါ်လာ ခြင်း။

၁၇။ ၂၇ - လုံးသော နက္ခတ်များလည်း ထင်ရှားစွာ ပေါ်လာခြင်း။

၁၈။ လဝန်းသည် ပြုဗ္ဗာသဠ် နက္ခတ်နှင့် ယှဉ်၍ပေါ်ခြင်း။

၁၉။ တွင်းအောင်း သတ္တဝါတို့ အပြင်သို့ထွက်ခြင်း။

၂၀။ ကိုးဆယ့်ခြောက်ပါးသော ဝေဒနာတို့ ပျောက်ကင်းခြင်း။

၂၁။ လူအပေါင်းတို့၌အလိုပြည့်စုံ၍ တင်းတိမ်ရောင့်ရဲခြင်း။

၂၂။ ဆာလောင် မွတ်သိပ်မှု ပြေပျောက်ခြင်း။

၂၃။ ပြိတ္တာအပေါင်း ဝပြောခြင်း။

၂၄။ ကိလေသာတရားတို့ ငြိမ်းခြင်း။

၂၅။ အပါယ်လေးပါး၌ ဒုက္ခဆင်းကင်းခြင်း။

၂၆။ တလောကလုံး၌ မြူအညစ်အကြေးကင်း၍ သန့်ရှင်းကြည်လင်ခြင်း။

၂၇။ မကောင်းသော ယနံ့များပျောက်ခြင်း။

၂၈။ နတ်ပန်းနံ့သာ ကြိုင်လှိုင်ခြင်း။

၂၉။ နတ်ပြည်ခြောက်ဘုံတို့နှင့် ရူပဗြဟ္မာ ၁၆-ဘုံကို အကုန်ဟင်းလင်း မြင်ရခြင်း။

၃၀။ ငရဲကြီးရှစ်ထပ်၌ ခံစားနေရသော သတ္တဝါအားလုံးကို မြင်ရခြင်း။

၃၁။ မြို့တံခါး, အိမ်တံခါးတို့ ဟင်းလင်းပွင့်ခြင်း။

၃၂။ ထိုအခါ၌ သတ္တဝါအပေါင်းတို့တွင် ဖွားသူ၊ သေသူ၊ ပဋိသန္ဓေနေသူ မရှိခြင်း။

**မှတ်ချက်။** ။ဤ ပုဗ္ဗနိမိတ် ၃၂-ပါးတို့သည် မြတ်စွာဘုရား ပဋိသန္ဓေ တည်နေသောအခါ၊ ဖွားတော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါတို့၌လည်း ဖြစ်ပေါ်သည်။ ဘုရားဖြစ်တော် မူသောအခါနှင့် ဓမ္မစကြာတရား ဟောကြားတော်မူသောအခါတို့၌ ဖြစ်သော နိမိတ်တို့သည် ပို၍ ရှည်လျားသည်ဟု ဆိုသည်၊ မြတ်စွာဘုရား ဖွားမြင်တော် မူခဏ်း၌ နိမိတ်ကြီး ၃၂-ပါးတို့ကို ဖော်ပြရာတွင် ဇိနတ္ထပကာသနီ ပထမတွဲ၊ အခဏ်း-၃၊ ပထမအုပ် စာမျက်နှာ- ၁၄-၁၇ ၌ အထက်ဖော်ပြပါ နိမိတ် အပိုဒ်-၄ နှင့် ၅-ကို တပိုဒ်တည်းပြ၍၊ ၃၂-တွင် သေသူမရှိခြင်းနှင့် ဖွားသူ ပဋိသန္ဓေ နေသူမရှိခြင်းကို နှစ်ပိုဒ်ခွဲ၍ ပြထားပါသည်။ နိမိတ်အခြားလုံး တူညီသည်၊ သို့ရာတွင် **သုမင်္ဂလဝိလာသိနီ ဒီဃနိကာယ** စာမျက်နှာ ၁၈၄-တွင် ဖော်ပြသော နိမိတ်ကြီး ၃၂-ပါး တို့ကား ကွဲလွဲသည်။ အချို့အချက်၌ တူ၍၊ အချို့အချက်၌ အထူးကွဲလွဲသည်။ **မာလာလင်္ကာရဝတ္ထုတော်ကြီး** ပထမတွဲ၊ အခန်း ၇၊ စာမျက်နှာ ၁၁-၁၃-တွင် ဗုဒ္ဓဝင်အတိုင်း ရှိသည်။ တထာဂတ ဥဒါနဒီပနီ ပထမတွဲ အခန်း-၂၆၊ စာမျက်နှာ-၁၃၁-၁၃၃-၌လည်း ဗုဒ္ဓဝင် အတိုင်းရှိသည်။ မဟာပဒါနသုတ် အဋ္ဌကထာ၊ ဇာတ်အဋ္ဌကထာ နိဒါန်းတို့မှ ညှိနှိုင်းဖော်ပြသည်ဟု ဆိုသည်။ အဋ္ဌကထာ အချို့၌ ကွဲလွဲခြင်း ဖြစ်အံ့သို့ရှိသည်။

၇၇။ **မေး။** ။ဓမ္မစကြာ တရားတော်ကို နာကြားရ၍ ဦးစွာ သိမြင်တော်မူသော အရှင် ကောဏ္ဍည အား မြတ်စွာဘုရားရှင်က မည်သို့ ချီးကျူးပါသနည်း။

**ဖြေ။** ။မြတ်စွာဘုရားရှင်က အို-လူ,နတ်,ဗြဟ္မာ သတ္တဝါ အပေါင်းတို့ ရှင်ကောဏ္ဍညသည် သစ္စာလေးပါး

တရားတော်ကို သိလေပြီ၊ကောဏ္ဍညသည်“တရားသိ ကောဏ္ဍည” (အညာသိဝတဘော ကောဏ္ဍညော) ဖြစ်လေပြီဟူ၍ ချီးကျူးပါသည်။ နောင်အခါ ကောဏ္ဍညဘွဲ့တူ ရဟန်းတော်များ ပေါ်ပေါက်လာသောအခါ ရှင်ကောဏ္ဍညအား ခွဲခြား၍ မြတ်စွာဘုရား ခေါ်တော်မူသည့်အတိုင်း အညာသိကောဏ္ဍည (တရားသိ ကောဏ္ဍည)ဟူ၍ ခေါ်ဝေါ်ကြပါသည်။

၇၀။ **မေး**။ ။တရားရပြီး အရှင်ကောဏ္ဍညသည် မည်သို့ ပြောင်းလဲ ထူးခြားသွားပါသနည်း။

**ဖြေ**။ ။တရားရပြီးသော အရှင်ကောဏ္ဍညသည် ရှေးက ပဥ္စဝဂ္ဂီငါးဦး အပါအဝင် ပုဂ္ဂိုလ်မျိုး မဟုတ်တော့ပါ။

၁။ ကိုယ်တိုင် မြင်အပ်ပြီးသော တရားနှင့် ပြည့်စုံပါသည်။ (**ဒိဋ္ဌဓမ္မော**)

၂။ ကိုယ်တိုင် သစ္စာလေးပါးတရားကို ဆိုက်ရောက် မျက်မှောက် ပြုရပြီး ဖြစ်ပါသည်။ (**ပတ္တဓမ္မော**)

၃။ ကိုယ်တိုင် သိနားလည်အပ်သော တရားရှိပြီး ဖြစ်ပါသည်။ (**ဝိဒိတဓမ္မော**)

၄။ ကိုယ်ပိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားရှိပြီး ဖြစ်ပါသည်။ (**ပရိယောဂါဠ္ဋဓမ္မော**)

၅။ ယုံမှားသံသယဖြစ်ခြင်း ၈-ပါးမှရှင်း၊ ၁၆-ပါးမှရှင်း ကင်းကွာ လွတ်မြောက်ပြီး ဖြစ်ပါသည်။ (**တိဏ္ဏဝိစိကိစ္ဆော**)

၆။ စိတ်ခွဲ ဝေမရ ဖြစ်ရခြင်းများမှ လွတ်ကင်းပြီး ဖြစ်ပါသည်။ (**ဝိဂတကထံကထော**)

၇။ ကြောက်ရွံ့ခြင်းကင်း၍ ရဲရင့်စွာ ရပ်တည်နိုင်ခြင်း၊ တရား ဟောပြနိုင်ခြင်း တို့နှင့်လည်း ပြည့်စုံပါသည်။ (ဝေသာ ရဇ္ဇပတ္တော)

၈။ တရားတော်ကို သိမြင်ပြီးဖြစ်၍ မြတ်စွာဘုရားမှတပါး မည် သူ၏ စကားကိုမျှ ယုံကြည်အားထားစရာ မလိုတော့ပါ။ (အပရပစ္စယော)

ဤသို့သော ဂုဏ်အင်္ဂါတို့သည် သောတာပန်တို့၏ ရမြဲဂုဏ်ပင် ဖြစ်ပါသည်။

၇၉။ မေး။ ။ယုံမှားခြင်း ၈-ပါးနှင့် ၁၆ ပါးတို့ကိုရှင်းပြပါ။

ဖြေ။ ။ ယုံမှားခြင်း ၈-ပါးမှာ အောက်ပါအတိုင်း ဖြစ် ပါသည်။

၁။ ဘုရား၌ ယုံမှားခြင်း။
၂။ တရား၌ ယုံမှားခြင်း။
၃။ သံဃာ၌ ယုံမှားခြင်း။
၄။ သိက္ခာ၌ ယုံမှားခြင်း။
၅။ ရှေ့အစွန်း၌ ယုံမှားခြင်း။
၆။ နောက်အစွန်း၌ ယုံမှားခြင်း။
၇။ အစွန်းနှစ်ပါး၌ ယုံမှားခြင်း။
၈။ ပဋိစ္စသမုပ္ပါဒ်တရား၊ ပဋိစ္စသမုပ္ပန္နတရား နှစ်ပါး တို့၌ ယုံမှားခြင်း။

ယုံမှားခြင်း ၁၆-ပါးမှာ တဖက်ပါအတိုင်း ဖြစ်ပါသည်။

က။ အတီတ်၌ ယုံမှားခြင်း

၁။ ငါသည် ရှေးဘဝက ဖြစ်ခဲ့ဘူးပြီလောဟု ယုံမှားခြင်း။
၂။ ငါသည် ရှေးဘဝက မဖြစ်ခဲ့ဘူးလေသလောဟု ယုံမှားခြင်း။
၃။ ငါသည် ရှေးဘဝက ဘယ်သူ၊ ဘယ်ဘဝ၌ ဖြစ်ခဲ့ဘူးသနည်းဟု ယုံမှားခြင်း။
၄။ ငါသည် မည်သူဖန်ဆင်း၍ဖြစ်ခဲ့သနည်းဟု ယုံမှားခြင်း။
၅။ ငါသည် ရှေးဘဝ၌ အမျိုးမျိုး ပြောင်းလဲဖြစ်တည်ခဲ့သလောဟု ယုံမှားခြင်း။

ခ။ အနာဂတ်၌ ယုံမှားခြင်း

၆။ ငါသည် နောက်ဘဝ၌ ဖြစ်အံ့လောဟု ယုံမှားခြင်း။
၇။ ငါသည် နောက်ဘဝ၌ မဖြစ်အံ့လောဟု ယုံမှားခြင်း။
၈။ ငါသည် ဘယ်သူ၊ ဘယ်ဘဝတွင် ဖြစ်လေမည်နည်းဟု ယုံမှားခြင်း။
၉။ ငါသည် မည်သူဖန်ဆင်း၍ ဖြစ်လေအံ့နည်းဟု ယုံမှားခြင်း။
၁၀။ ငါသည် နောက်ဘဝ၌ ဘဝအမျိုးမျိုး ပြောင်းလဲဖြစ် တည်လေဦးမည်လောဟု ယုံမှားခြင်း။

ဂ။ ပစ္စုပ္ပန်၌ ယုံမှားခြင်း

၁၁။ ငါသည် ယခုဘဝ၌ ရှိ၏လောဟု ယုံမှားခြင်း။
၁၂။ ငါသည် ယခုဘဝ၌ မရှိ၏လောဟု ယုံမှားခြင်း။

၁၃။ ငါ၏ ခန္ဓာဇီဝဟူသည် အဘယ်သို့သော သဏ္ဍာန် ရှိမည်နည်းဟု ယုံမှားခြင်း။

၁၄။ ငါသည် ရုပ်ရှိလော၊ ရုပ်မဲ့လောဟု ယုံမှားခြင်း။

၁၅။ ငါသည် အဘယ်မှ လာခဲ့သနည်းဟု ယုံမှားခြင်း။

၁၆။ ငါသည် အဘယ်သို့ သွားရအံ့နည်းဟု ယုံမှားခြင်း။

ဤသို့အားဖြင့် ယုံမှားခြင်း ၈-ပါး။ ၁၆-ပါးဟူ၍ အသီးသီး ဖြစ်ပါသည်။ (မူလပဏ္ဏာသ အဋ္ဌကထာ၊ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာများ၌ လာသည်)။

၈၀။ မေး။ ။အရှင်ကောဏ္ဍညသည် တရားရပြီး သောအခါ မြတ်စွာဘုရားအား မည်သို့လျှောက်ထားသနည်း။

ဖြေ။ ။အရှင်ကောဏ္ဍညသည် ဓမ္မစကြာတရားတော်ကို နာကြားရစဉ် အခါက ရဟန်းမဟုတ်သေးပါ။ တောတွင်း၌ အစုလိုက် တရားရှာဖွေကြသော ယောဂီမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားထံတွင် ရဟန်းပြုလိုသော ကြောင့် ရှင်အဖြစ် (ပဗ္ဗဇ္ဇာ) ရဟန်းအဖြစ် (ဥပသမ္ပဒ)ကို ရလိုပါကြောင်း ခွင့်တောင်းပါသည်။

၈၁။ မေး။ ။ထိုအခါ မြတ်စွာဘုရားရှင်က ခွင့်ပြုတော်မူပါသလော။

ဖြေ။ ။မြတ်စွာဘုရားက ဝမ်းမြောက်စွာ ခွင့်ပြုတော်မူ၍ "အိုရဟန်းလာလော့၊ ငါဘုရားသည် တရားတော်မြတ်ကို ကောင်းစွာ ဟောကြားတော်မူအပ်ပြီ၊ သံသရာဝဋ်ဆင်းရဲမှ အဆုံးတိုင်ရောက်ခြင်းငှာ ကောင်းမြတ်သော မဂ္ဂင်အကျင့်ကို ကျင့်လေတော့"ဟူ၍ ခေါ်တော်ပါသည်။ ဤသို့ ခေါ်တော်မူ

သောစကားအဆုံး၌ မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အရှင်ကောဏ္ဍညသည်၊ လူ ဝတ် ကြောင်း ၏ အသွင် ကွယ်ပျောက်၍ ဦးပြည်းခေါင်းတုံးနှင့်တကွ၊ ဖန်ရည်ဆိုးသော သင်္ကန်းဝတ်ရုံပြီး အသင့်ဖြစ်ကာ ပရိက္ခရာ ရှစ်ပါးနှင့်တကွ သိက္ခာဝါတော် ၆၀-ရပြီး မထေရ်ကြီးတို့ကဲ့သို့ ဣန္ဒြေနှင့်ပြည့်စုံစွာ အလိုအလျောက် ရဟန်းအဖြစ်သို့ ရောက်ပါသည်။

၇၂။ မေး။ ။ဤသို့ အလိုအလျောက် ရဟန်းအသွင်သို့ ကူးပြောင်းသော ရဟန်းကို မည်သို့ ခေါ်ဆို ပါသနည်း၊ ပုဂ္ဂိုလ်တိုင်း ဤသို့သော အခွင့်ထူး ရရှိနိုင်ပါသလော။

ဖြေ။ ။ဤသို့ မြတ်စွာဘုရားက "ဧဟိဘိက္ခု" ရဟန်းလာလှည့်ဟူ၍ ရဟန်းအမည်တပ်ကာ ခေါ်ရုံဖြင့် အသွင်ပြောင်း၍ ရဟန်းဖြစ်သူအား ဧဟိဘိက္ခုရဟန်းဟု ခေါ်ဆိုသည်။ ထိုသို့ ဖြစ်နိုင်သူမှာ ရှေးရှေးဘဝက ကောင်းမှုဆည်းပူးခဲ့သော ပါရမီ၊ သင်္ကန်းပရိက္ခရာ လှူဒါန်းခဲ့ဘူးသော ဒါနအကျိုးဆက် စသည်ရှိခဲ့ပြီး သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရ၍ မြတ်စွာဘုရားက ရဟန်းအဖြစ် ထိုက်သူဟူ၍ "ဧဟိဘိက္ခု" ခေါ်တော်မူမှသာ ဖြစ်နိုင်ပါသည်။ အခြားပုဂ္ဂိုလ်များ မဖြစ်နိုင်ပါ။

၇၃။ မေး။ ။ကျမ်းဂန်အရ မြတ်စွာဘုရား သာသနာတော်တွင်း၌ ဧဟိဘိက္ခု ရဟန်းပေါင်း မည်မျှရှိခဲ့ပါသနည်း။

ဖြေ။ ။ဧဟိဘိက္ခု ရဟန်းပေါင်းမှာ ဝိနည်းပိဋကတ်တော်၌ (၁၃၄)ပါး၊ နိကာယ်တို့၌ (၂၇၃၀၀)

ဟူ၍ ဖေါ်ပြသဖြင့် စုစုပေါင်း ဟေဝိဘိက္ခုရဟန်း (၂၀၆၄၁) ပါး ရှိသည်ဟု မှတ်ယူရပါသည်။

၀၄။ မေး။ ။ဟေဝိဘိက္ခု ရဟန်းများကို စာရင်းအသေးစိတ် ခွဲခြားဖေါ်ပြပါ။

ဖြေ။ ။ဟေဝိဘိက္ခု ရဟန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဝိနည်း

| | |
|---|---|
| ပဉ္စဝဂ္ဂီ | ၅-ပါး |
| ယသ သတို့သားနှင့်အဖွဲ့ | ၅၅- ။ |
| ဘဒ္ဒဝဂ္ဂီညီနောင် | ၃၀- ။ |
| ရသေ့တထောင် | ၁၀၀၀- ။ |
| အဂ္ဂသာဝက ၂-ပါး အပါအဝင် | |
| မရိုဗိုဇ် | ၂၅၀- ။ |
| အင်္ဂုလိမာလ | ၁- ။ |
| | ၁၃၄၁- ။ |

နိကာယ်။

| | |
|---|---|
| သေလပုဏ္ဏားနှင့်အဖွဲ့ | ၃၀၀ ။ |
| မဟာကပ္ပိနမင်းနှင့် အမတ်များ | ၁၀၀၀ ။ |
| ကပ္ပိလဝတ်ပြည်သား | ၁၀၀၀၀ ။ |
| ပါရာယနိကပုဏ္ဏားနှင့်အဖွဲ့ | ၁၆၀၀၀ ။ |
| | ၂၇၃၀၀ ။ |
| စုစုပေါင်း.... | ၂၀၆၄၁ ။ |

၇၅။ မေး။ ။ပဉ္စဝဂ္ဂီငါးဦးလုံးသည် ဧဟိဘိက္ခုရဟန်းဖြစ်ကြပါသလား။

ဖြေ။ ။အစဉ်ပြဆိုခဲ့ပြီးသည့်အတိုင်း ပဉ္စဝဂ္ဂီ ငါးဦးတို့သည် တရက်ပြီးတရက် အကျွတ်တရား ရရှိကြပြီးနောက် အသီးသီး သောတာပန်ဖြစ်ကြပြီးလျှင် မြတ်စွာဘုရားက ဧဟိဘိက္ခု ခေါ်တော်မူသဖြင့် အားလုံးပင် ဧဟိဘိက္ခုရဟန်းဖြစ်ကြ၍ အတူတကွဆက်လက်၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်ကြပါသည်။

၇၆။ မေး။ ။ဓမ္မစကြာတရားကို ဟောကြားပြီးကာလ၌ ထိုနာကြားရ၍ ကျွတ်တမ်းဝင်သော အခြားပုဂ္ဂိုလ်များ ရှိပါသေးသလား။

ဖြေ။ ။ရှိပါသည်၊ ဓမ္မကြာတရား ဟောတော်မူသောအခါ ဖြစ်ပေါ်လာသော နိမိတ်ကြီး ၃၂-ပါး အရ၊ဟေမဝတနှင့် သာတာဂိရိ နတ်ဘီလူးကြီးနှစ်ဦးသည် မြတ်စွာဘုရား ပွင့်တော်မူကြောင်း သိရှိရသဖြင့် နောက်ပါ နတ်ဘီလူး အခြွေအရံများနှင့်အတူ မြတ်စွာဘုရားထံသို့ လာရောက်ဖူးမျှော်ကြကာ တရားနာကြားရသဖြင့် သောတာပန် ဖြစ်ကြရပါသည်။ ထိုနတ် ဘီလူး နှစ်ဦး သည် ကောင်းကင်ယံ၌ မြတ်စွာဘုရား အကြောင်းကို အချင်းချင်း ပြောဆိုဆွေးနွေးကြသည်။ ကြားရသော ရာဇဂြိုဟ်ပြည်မှ ကာဠီအမည်ရှိ အမျိုးသမီးတဦးမှာလည်း သဒ္ဓါပေါက်၍ ဗုဒ္ဓါနုဿတိတရားကို ဖောက်မေ့ကာ ဝိပဿနာ ဉာဏ်ပွင့်၍ သောတာပန်ဖြစ်ရပါသည်။

၁၇။ မေး။ ဓမ္မစကြာသုတ် ပါဠိတော်တွင် မည်သည့်အပိုင်းများ ပါဝင်သည်ကို သရုပ်ခွဲ၍ ရှင်းပြပါ။

ဖြေ။ ။ဓမ္မစကြာသုတ်တွင် ဓမ္မစကြာအမှန်း ၃-ဂါထာ·

(က) နိဒါန်း၌

ဓမ္မစကြာဟောကြားပုံ နိဒါန်း

(ခ) တရားကိုယ်၌

အယုတ်တရား နှစ်ပါးအကြောင်း၊
အလယ်အလတ်ကျင့်လမ်းစဉ်အကြောင်း၊
ဒုက္ခ သစ္စာအကြောင်း၊
သမုဒယ သစ္စာအကြောင်း၊
နိရောဓသစ္စာအကြောင်း၊
မဂ္ဂသစ္စာအကြောင်း၊
ဒုက္ခသစ္စာ၌ သစ္စဉာဏ်ပွားပုံ၊
ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်ပွားပုံ၊
ဒုက္ခသစ္စာ၌ ကတဉာဏ်ပွားပုံ၊
သမုဒယသစ္စာ၌ သစ္စဉာဏ်ပွားပုံ၊
သမုဒယသစ္စာ၌ ကိစ္စဉာဏ်ပွားပုံ၊
သမုဒယသစ္စာ၌ ကတဉာဏ်ပွားပုံ၊
နိရောဓသစ္စာ၌ သစ္စဉာဏ်ပွားပုံ၊
နိရောဓသစ္စာ၌ ကိစ္စဉာဏ်ပွားပုံ၊
နိရောဓသစ္စာ၌ ကတဉာဏ်ပွားပုံ၊
မဂ္ဂသစ္စာ၌ သစ္စဉာဏ်ပွားပုံ၊
မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်ပွားပုံ၊

မဂ္ဂသစ္စာ၌ ကတဉာဏ်ပွားပုံ၊
ရှေးအခါက ဘုရားအဖြစ် ဝန်မခံခဲ့ပုံ၊
ဘုရားဖြစ်ကြောင်း ဝန်ခံပုံ၊
ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်ပုံ၊

(ဂ) နိဂုံး၌

ပဉ္စဝဂ္ဂီတို့ တရားကို နှစ်သက်ခြင်းအကြောင်း၊
အရှင်ကောဏ္ဍည သောတာပန်ဖြစ်ခြင်းအကြောင်း၊
နတ်ဗြဟ္မာတို့ အဆင့်ဆင့်ကောင်းချီးပေးပုံအကြောင်း၊
လောကဓာတ်တသောင်း တုန်လှုပ်ခြင်းအကြောင်း၊
အလင်းရောင်ဖြစ်ပေါ်လာခြင်းအကြောင်း၊
မြတ်စွာဘုရား ဥဒါန်းကျူးခြင်း၊
အရှင်ကောဏ္ဍည ရဟန်းဖြစ်ခွင့်တောင်းပုံ၊
ဧဟိဘိက္ခု ရဟန်းဖြစ်ခြင်းအကြောင်း၊

ဤသို့အားဖြင့် အစီအစဉ်အတိုင်း ပါရှိပါသည်။ တရားကိုယ်သည် မြတ်စွာဘုရား၏ တရားတော်ရင်းဖြစ်၍ နိဂုံးတို့သည် အရှင်အာနန္ဒာက ပြန်လည်ဟောကြားရာတွင် ပြန်လည်ရှင်းလင်းတင်ပြလျှောက်ထားချက် ဖြစ်ပါသည်။

မမ္မစကြာ အမေး-အဖြေ ပြီး၏။

# သာတာဂိရိနှင့် ဟေမဝတဝတ္ထု

သဗ္ဗညုတမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်တော၌ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦး ဓမ္မစကြာ ဒေသနာကို ဟောကြားတော်မူလေသည်။ ဓမ္မစကြာဒေသနာတော်ကို မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့်နေ့ညနေတခြမ်းဝင်၊ လတခြမ်းထွက် အချိန်မှစ၍ ဟောကြားရာ ထိုနေ့ည ပဌမယာမ်၏ အဆုံး၊ မဇ္ဈိမယာမ်၊ ညဉ့်လယ် အစ၌ပြီးဆုံးလေသည်။ မဇ္ဈိမယာမ် မိုးသောက်ဖက်သို့ အကူးတွင်ကား သာတာဂိရိနတ်မင်းနှင့် ဟေမဝနတ်မင်းတို့သည် အခြွေအရံများနှင့်တကွ မြတ်စွာဘုရားထံသို့ လာရောက် တရားနာကြားကြပါသည်။

ထိုနတ်မင်းနှစ်ဦးတို့ မြတ်စွာဘုရားထံမှောက်သို့ လာရောက်ကြပုံ နောက်ကြောင်း အဖြစ်အပျက်သည်ကား စိတ်ဝင်စားဘွယ်ကောင်း၍ သဒ္ဓါတရား တိုးပွားဘွယ်လည်း ဖြစ်လေသည်။

နတ်မင်းနှစ်ပါးသည် ကဿပဘုရားလက်ထက်အခါက အမျိုးကောင်း သားနှစ်ဦးဖြစ်ကြ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်သောအခါ ရဟန်းပြုခဲ့ကြလေသည်။ ရဟန်းအဖြစ်မှ စုတေသော် မိမိကံအကြောင်းရှိသည့် လျော်စွာ တဦးက ဟိမဝန္တာ ဟေမဝတတောင်၌ နတ်စစ်ဗိုလ်ကြီးဖြစ်ပြီးလျှင် တဦးကမူ မဇ္ဈိမဒေသအတွင်း သာတာဂိရိတောင်၌ နတ်စစ်ဗိုလ်ကြီး ဖြစ်လာလေသည်။

ထိုအခါ၌ ဟိမဝန္တာတောင်တောအတွင်း မန္ဒာဂိရိတောင်ခြေရင်း၌ တင့်တယ်စွာ စီရင်အပ်သော ဘဂလဝတီ အမည်ရှိသော

မဏ္ဍာပ်တွင် တလတကြိမ်ကျ နတ်သဘင်စည်းဝေးပွဲ ကျင်းပလေ့ရှိရာ သာတာဂီရိနတ်နှင့်ဟေမဝတနတ်တို့သည် အချင်းချင်းတွေ့ဆုံကြ၍ ဘဝဟောင်းက အတူတကွတရားအားထုတ်ဖေါ် ဓမ္မမိတ်သဟာများ ဖြစ်ခဲ့ကြသည့်အတိုင်း ဟဦးနှင့်တဦး ရင်းနှီးချစ်ခင်ကြလေသည်။

ချစ်ခင်သောကြောင့်လည်း သာတာဂီရိနတ်မင်းက၊

"ချစ်ဆွေဟေမဝတ၊ ချစ်ဆွေ၏ နေရာ ဟိမဝန္တာအရပ်သည် အံ့ဩဘွယ် ထူးဆန်းသော ဒေသဖြစ်ပါသည်။ သို့ကြောင့် ချစ်ဆွေ၏ ဒေသ၌ အထူးအဆန်း တစုံတရာ ဖြစ်ပေါ်ခဲ့လျှင် ကျွန်ုပ်အား မမေ့ဘဲအကြောင်းကြား အသိပေးစေချင်ပါသည်" ဟု ဆိုလေ၏။ ဟေမဝတနတ်မင်းကလည်း—

"ကောင်းလှပါပြီ အဆွေသာတာဂီရိ၊ အဆွေ၏ နေရာ မဇ္ဈိမတိုက်သည်လည်း ဘုရားရဟန္တာ စသော ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်သော ဌာနကြီးဖြစ်သဖြင့် အကယ်၍ ထူးမြတ်သောအကြောင်းအရာ ပေါ်ပေါက်ပါက ကျွန်ုပ်အား လည်း အကြောင်းကြားပါ" ဟု ပြန်ကြားပြောဆိုကာ နှစ်ဦးသဘောတူ ကတိက ဝတ်ပြုကြလေသည်။

နတ်မင်းနှစ်ပါးသည် ကတိကဝတ်ကို မပြတ်အောက်မေ့ကာ ကဿပဘုရားနှင့် ဂေါတမဘုရားအကြား သက်တမ်းကာလ တလျှောက်လုံး အသက်ရှည်မြဲလျက် ပျော်ရွှင်စွာ နေခဲ့ကြရာ၊ ဂေါတမမြတ်စွာဘုရား လက်ထက်တော်သို့ တိုင် လေ သည်။ ဂေါတမမြတ်စွာဘုရား အလောင်းတော် ပဋိသန္ဓေတည်သော အခါတွင်၎င်း၊ ဘွားတော်မူသောအခါတွင်၎င်း၊ ဘုရားဖြစ်တော်

မှုသောအခါတွင်ငင်း ကြီးစွာသော တိတ်နိမိတ်ကြီးများဖြစ်ပေါ် ခဲ့သော်လည်း နတ်မင်းနှစ်ပါးသည် ကာမဂုဏ်၌ မွေ့လျော်၍ အပျော်ကြူးနေကြသောကြောင့် မသိလိုက်ကြချေ။ ဓမ္မစကြာ ဒေသနာကို ဟောကြားတော်မူသော အခါတွင်ကား သုံးဆယ့် နှစ်ပါးသော နိမိတ်ကြီးများသည် ရှည်လျားစွာ ဖြစ်ပေါ်သဖြင့် သာတာဂီရိနတ်မင်းသည် ကြောင်းရင်းဥဿုံကို သိရှိရလေသည်။

သာတာဂီရိနတ်မင်းသည် ဘုရားပွင့်တော်မူကြောင်းကို သိရှိရပြီး ဓမ္မစကြာတရား ဟောကြားတော်မူကြောင်းကို ဘုမ္မစိုးနတ်တို့ မှစ၍ အဆင့်ဆင့် ကြွေးကြော်သဖြင့် သိရှိရသည်ဖြစ်ရာ မြတ်စွာ ဘုရားထံမှောက်သို့ အရောက်သွား၍ တရားနာကြားကြလေသည်။ တရားပွဲသို့ ရောက်ရသော်လည်း သာတာဂီရိနတ်မင်း၏ စိတ်ထဲတွင် ကတိကဝတ်ရှိသည့်အတိုင်း မိမိမိတ်ဆွေ ဟေမဝတ နတ်မင်းအား မြတ်စွာဘုရား တရားဟောကြားတော်မူသည်ကို နာကြားခွင့်ရ စေလိုသော ဇောစိတ်ပြင်းပြနေသည် ဖြစ်သောကြောင့် တရားနာ ပရိသတ်ထဲတွင် ဟေမဝတနတ်မင်း ပါမှ ပါပါလေမည်လောဟု စိုးရိမ်ကြောင့်ကြ ဖြစ်နေရလေသည်။

ထိုသို့ ကြောင့်ကြများရသည်နှင့်ပင် တရားကို ဖြောင့်အောင် မနာကြားနိုင်သဖြင့် တရားမရဘဲရှိလေသည်။ တရားပွဲပြီးသော အခါ ပရိသတ်ထဲတွင် ဟေမဝတနတ်မင်း မပါမှန်းသိသဖြင့် ကတိကဝတ်အတိုင်း အကြောင်းကြားရန် သွားလေမှသင့်မည်ဟု တခဏချင်းဖြင့် ဟေမဝတနတ်မင်းရှိရာသို့ ထွက်ခွာခဲ့လေသည်။

ထိုအချိန်တွင် ဓမ္မစကြာတရား ဟောကြားတော် မူပြီးခိုက် ဖြစ်၍ သုံးဆယ့်နှစ်ပါးသော နိမိတ်ကြီးများ ဖြစ်ပွားလျက်ရှိရာ

ဟိမဝန္တာ တောတခွင်တွင် ကြည်းပန်း ရေပန်းတို့သည် အခါ မဟုတ်ဘဲ ဖူးပွင့်ကြလေသည်။ ကြယ်ရောင် လရောင် ရဟနာ ရောင်တို့သည်လည်း ထိန်လင်း၍ နေလေသည်။ ဟိမဝန္တာတော တခွင်လုံး ခါတိုင်းနှင့်မတူအောင် သာယာမွေ့ကြိုင်လျက် အံ့ဩ ထူးဆန်းဘွယ် ဖြစ်ပေါ်လေရာ ဟေမဝတနတ်မင်းသည် ထိုကဲ့သို့ ထူးခြားသောအကြောင်းချင်းရာကို ကတိကဝတ်အတိုင်း သာတာ ဂိရိနတ်မင်းတွေ့မြင်စေလိုသော စေတနာဖြင့် အကြောင်းကြားမှ သင့်မည်ဟု သာတာဂိရိနတ်မင်းရှိရာသို့ တခဏချင်းဖြင့် ထွက်ခွာ လာခဲ့လေသည်။

ထိုနတ်မင်းနှစ်ပါးတို့သည် ရာဇဂြိုဟ်ပြည် အထက်ကောင်းကင် လမ်းခရီးအလယ်၌ မျက်နှာချင်းဆိုင် ဆုံမိကြသောအခါ ဝမ်း မြောက်ဝမ်းသာ နှုတ်ဆက်ကြ၍ တဦးက တဦး ကိုလာရင်း အကြောင်းမေးမြန်းသဖြင့် အပြန်အလှန် ဖြေကြားကြလေသည်။

## သာတာဂိရိ

အို အဆွေတော် ဟေမဝတနတ်မင်း၊ လောက သုံးပါး၌ အသဒိသ ထူးမြတ်လှသော ဂေါတမမြတ်စွာဘုရား ပွင့်တော်မူ လေပြီ။ ယနေ့ပင် ဓမ္မစကြာတရားကို ဟောကြားတော် မူပါ သည်။ ထိုသို့သော အခါထူးဖြစ်၍ ပွင့်ချိန်မဟုတ်သော ပန်း များ ပွင့်ခြင်းဖြစ်ပါသည်၊ တရားစစ် တရားမှန် ဟောကြားတော် မူသောမြတ်စွာဘုရားကို ကျွန်ုပ်တို့ အတူအကွ သွားရောက်ဖူးမျှော် ကြပါစို့လား။

**ဟေမဝတ**

အဆွေတော် သာတာဂိရိနတ်မင်း၊ အဆွေတော်၏ စကားကို ကြားရသဖြင့် ဝမ်းမြောက်ရပါသည်။ သဗ္ဗညုတဉာဏ်ကိုရသော သမ္မာသမ္ဗုဒ္ဓဘုရားဟူသည်မှာ ပွင့်နိုင်ခဲလှပါသည်၊ပုရာဏကဿပ၊ မက္ခလိဂေါသာလ စသော တိတ္ထိဆရာကြီးတို့လည်း မိမိကိုယ်ကို ဘုရားဟုဝန်ခံပြီး လူအများကို လှည့်ဖျားနေ ပေသည်။ မိတ်ဆွေ ဖူးတွေ့ရသည်ဆိုသော ဂေါတမပုဂ္ဂိုလ်ထူးသည် အကယ်၍ ဘုရား စင်စစ် ဧကန်ဖြစ်ရိုးမှန်က၊ လောကခံကို မတုန်လှုပ်သော တာဒိ ဂုဏ်နှင့် ပြည့်စုံရမည်ဖြစ်ပါသည်၊ အကယ်၍ ဤဂုဏ်နှင့် မပြည့်စုံ လျှင် ဘုရားဟူ၍ ကျွန်ုပ်တို့ မယုံကြည်ထိုက်ပါ။ လောကတွင် ဘုရားဟုဆိုသူ အတုအယောင်ပုဂ္ဂိုလ် ပေါများတတ်သဖြင့် ဘုရား စစ် ဘုရားမှန်မဟုတ်ဘဲ ကဲ့လဲ့မှားယွင်း၍ ဆည်းကပ်ကိုးကွယ် မိလျှင် အကျိုးနည်းတတ်ပါသည်၊အဆွေဖူးတွေ့ရသောပုဂ္ဂိုလ်ထူး ဂေါတမသည် တာဒိဂုဏ်နှင့် ပြည့်စုံပါ၏လော။

**သာတာဂိရိ**

သဗ္ဗညုတ ဉာဏ်ရသည် မရသည်ကိုကား ကျွန်ုပ်သေချာစွာ မခွဲဝေတတ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့သိရှိရသမျှ၌ ဂေါတမ မြတ်စွာဘုရားသည် အာရုံငါးပါး၌လည်း တုန်လှုပ်ခြင်းမရှိပါ။ မာရ်အပေါင်းကိုလည်း ပယ်ချိုးပြီး၍ ငြိမ်သက် တည်ကြည်လှပါ သည်။ မေတ္တာတရားဖြင့် သည်းခံတော် မူနိုင်ခြင်း၊ လောကခံ ဘရားကို တုန်လှုပ်မှုမရှိ ကြံ့ကြံ့ခံတော် မူနိုင်ခြင်းဟူသော တာဒိ ဂုဏ်နှင့်လည်း ပြည့်စုံသည်သာမက သက်ပွရာဂတို့မှလည်း ကင်း

လွှတ်သန့်စင်တော်မူသဖြင့် အဆွေပြောပြသော သဗ္ဗညုတတရား အစစ်ဟု ကျွန်ုပ်မှတ်ယူပါသည်။

ဟေမဝတ

ဝမ်းမြောက်လှပါသည်၊ သို့ရာတွင် ဘုရားစစ် ဟုတ်မဟုတ်ကို ဤရွေ့ဤမျှ စစ်တမ်းထုတ်ရုံဖြင့် မပြီးသေးပါ။ အဆွေဖူးတွေ့ရသော ဘုရားရှင်သည် သတ္တဝါတို့အား ညှဉ်းဆဲ သတ်ဖြတ်မှု၊ သူတပါးဥစ္စာကို ခိုးဝှက်မှု၊ ကာမဂုဏ်တို့၌ ပျော်ပါး မေ့လျော့မှု၊ တဏှာရမက်ဖြင့် နှစ်သက်လွန်ကြူးသော ဖြုဟ္မစာရီအမှုစသည်တို့မှ ရှင်းရှင်းပယ်ချွတ် ကင်းလွတ်တော်မူပါသလော၊ ဈာန်သမာပတ်တရားနှင့် အဘိဥာဉ် တန်ခိုးတော်များ ပြည့်စုံပါ၏လော။

သာတာဂိရိ

အဆွေတော် စစ်ဆေးခြင်းမှာ ကောင်းမွန် နည်းကျပါသည်။ ကျွန်ုပ်ဖူးတွေ့ရသော ဂေါတမ မြတ်စွာဘုရားသည် မိစ္ဆာကမ္မ၊ မကောင်းမှုများကို လုံးဝပယ်စွန့်ပြီးဖြစ်၍ လက္ခဏာတော် ကြီးငယ်တို့နှင့် တင့်တယ်တော်မူပါသည်။ ဈာန်သမာပတ် ကိုလည်း ကောင်းစွာ ဝင်စားနိုင်သော ပုဂ္ဂိုလ်ထူးဖြစ်ပါသည်၊ သာမန် ပုဂ္ဂိုလ်ဟူ၍ မထင်မှတ်ပါလေနှင့်။

ဟေမဝတ

မိတ်ဆွေနတ်မင်း၏ ဘုရားရှင်သည် ကာယဒုစရိုက် သုံးပါးကို ရှောင်ရှားတော်မူကြောင်း သိရပါပြီ၊ သို့ရာတွင် ဝစီကံလေးပါးကို ပယ်ရှားနိုင်ပါ၏လော။

သာတာဂိရိ

ပယ်ရှားနိုင်ပါသည်ကော အဆွေနတ်မင်း၊ ကျွန်ုပ် ဖူးတွေ့ရသော ဂေါတမမြတ်စွာဘုရားသည် လွန်လေပြီးသော ဘဝများစွာကပင်လျှင် မကောင်းမှု ဝစီဒုစရိုက်တို့မှ စွန့်ပယ်တော်မူခဲ့သဖြင့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော် ရှိသည်ကိုပင် ချင့်ချိန်သိပါတော့၊ အကျိုးရှိသော စကားကိုသာ ပြောကြားတော်မူသဖြင့် သီဟနာဒဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

ဟေမဝတ

ကောင်းလှပါပြီအဆွေ၊ မေးခွင့်ကုန်အောင် ထပ်ဆင့်၍သာ မေးပူါရစေဦး၊ မနောဒုစရိုက် သုံးပါးမှကော ကင်းလွတ်တော်မူပါသလော၊ ခပ်သိမ်းသောတရားတို့၌ အပိတ်အပင်မရှိ သိတော်မူပါ၏လော။

သာတာဂိရိ

ချစ်ဆွေ ဟေမဝတနတ်မင်း၊ ဂေါတမမြတ်စွာ ဘုရားသည် ကိလေသာဆယ်ပါး အယုတ်တရားတို့မှ ကင်းစင်တော်မူပါသည်၊ မာရ်နတ်သမီးတို့ ဖျက်ဆီးနှောက်ယှက် သည်ကိုလည်း ပယ်ရှားတော်မူ၍ နှလုံးနှောက်ကျိခြင်းမျှ ဖြစ်တော်မမူပါ။ တရားအလုံးစုံ သိတော်မူပါသည်။ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူမှ ကင်းစင်၍ လောကအလုံးတွင် အဆုံးမရှိ၊ တရားအလုံးစုံ သိတော်မူပါသည်။ ဤမျှနှင့် မနောကမ္မ ဒုစရိုက်တို့မှ ကင်းစင်ခဲ့သော ဓာတ်ခံတော်ကို သိရှိနိုင်လောက်ပါသည်။

**ဟေမဝတ**

မေးလွန်းသည်ဟု မမှတ်ပါနှင့် အဆွေနတ်မင်း၊ ဒုစရိုက်ဆယ်-ပါးမှ ကင်းရှံနှင့်လည်း ဘုရားဖြစ်ပြီဟု အကြွင်းမဲ့လက်မခံနိုင်သေးပါ၊ ဂေါတမမြတ်စွာဘုရားသည်၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံလေသက်ပါ၏လော၊ အဝီစိငရဲမှ အထက်ဘဝဂ်အထိ လွှမ်းခြုံတတ်သော အာသဝေါတရားတို့မှ ကင်းပါ၏လော၊ ဘဝဘဖန်ဖြစ်ခြင်း၊ ပဋိသန္ဓေတည်နေမှုမှ ကင်းလွတ်ပါပြီလော။

**သာတာဂီရိ**

မေးလည်းမေးနိုင်လှပါပေသည် အဆွေနတ်မင်း။ ဂေါတမမြတ်စွာဘုရားသည် ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံ၍၊ အာသဝေါတရား လေးပါးကိုလည်း ပယ်သတ်ပြီးသဖြင့် ဘဝသစ်တဖန် ဖြစ်ဘွယ်မရှိတော့ပါ။ ကြေနပ်ပါပြီလား အဆွေနတ်မင်း။

**ဟေမဝတ**

မိတ်ဆွေ၏ စိတ်ရှည်ရှည် ရှင်းပြချက်များအရ ဘုရားအစစ်ဖြစ်တော်မူကြောင်း သိရပါပြီ။ ဤသို့သော သတင်း ထူးကိုဆောင်ပါးလာသဖြင့် ကျေးဇူးတင်လှပါသည်။ မိတ်ဆွေကောင်းတို့၏ ကတိမြဲမြဲပေသော အဆွေတော် သာတာဂီရိ၊ ဤမျှဂုဏ်အပေါင်းဖြင့် ပြည့်စုံတော်မူသော ဘုရားရှင်ကို အမြန်သွားရောက်-ဖူးမျှော်ကြပါကုန်စို့။

ဤသို့လျှင် နတ်မင်းကြီး နှစ်ပါးသည် ပြောဆိုမေးမြန်း၍ ပြီးလျှင် မြတ်စွာဘုရားထံတော်သို့ သွား ရောက် ကြလေသည်။ တထောင်သော နတ်မင်းတို့ ခြံရံလျက် သွားရောက်ကြသော နတ်မင်းနှစ်ပါးသည် ဘုရားရှင် သီတင်းသုံးတော်မူရာသို့ ရောက်လျှင် မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးချီးမွမ်းကြပြီးမှ ဆယ်စုသော ပြဿနာတို့ကို မေးလျှောက်ကြလေသည်။

မြတ်စွာဘုရားက ပြဿနာတို့၏ အဖြေဖြစ်သော ဟေမဝတသုတ္တံကို ဟောကြားတော်မူသဖြင့်၊ တရားတော်အဆုံးတွင် နတ်မင်းကြီးနှစ်ပါးသည် သောတာပန် တည်လေသည်။ နောက်ပါ နတ် အခြွေအရံတို့လည်း သီလသရဏဂုံ တည်ကြလေသည်။

**မှတ်ချက်။** ။ဟေမဝတသုတ်ကို သုတ္တနိပါတ် ပါဠိတော်၌ တွေ့ရှိနိုင်သည်။ သာတာဂိရိနှင့် ဟေမဝတနတ်မင်း နှစ်ပါးတို့အကြောင်းကို သုတ္တနိပါတ် အဋ္ဌကထာ၌ တွေ့ရှိနိုင်သည်။ အပြန်အလှန် မေးမြန်းကြပုံ အကျယ်နှင့် ပါဠိအနက်တို့ကိုမူ ဇိနတ္ထပကာသနီကျမ်း၊ ပထမတွဲ အခန်း ၁၂၊ စာမျက်နှာ ၁၁၇-မှ၊ ၁၃၇ အထိ ရှုပါ၊ အကျယ်ရေးသား ဖေါ်ပြထား၏။

# ကာဠီ အမျိုးသမီးဝတ္ထု

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး မိဂဒါဝုန်တောဟွင် ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောကြားတော်မူသော ဝါဆိုလပြည့်နေ့ညတွင် ရာဇဂြိုဟ်ပြည်မြို့တော်ကြီး တခုလုံးတွင်လည်း ပြုဗ္ဗာသဠ်နက္ခတ် ပူဇော်ပွဲကြီးကို ဆင်ယင်ကျင်းပလေသည်။

ထိုအချိန်တွင် ကာဠီအမည်ရှိသော အမျိုးသမီး တယောက်သည် ကိုယ်ဝန် အရင့်အမာရှိသည့်အတွက် မြို့တွင်းသို့ လှည့်လည်နိုင်ခြင်းလည်း မရှိသဖြင့်၊ ကိုယ်စိတ်ပင်ပန်းမှုကို ပယ်ဖျောက်ရန် အလို့ငှာ မိမိအိမ် လေသာပြတင်းကိုဖွင့်၍ လေညှင်းခံရင်း ကြည်လင်သောစိတ်ဖြင့် အာရုံပြု၍ နေလေသည်။

ထိုအခိုက်တွင် ကောင်းကင်ယံ၌ ခရီးရင်ဆိုင် တွေ့ဆုံကြသော သာတာဂီရိ နတ်မင်းနှင့် ဟေမဝတနတ်မင်းတို့ မြတ်စွာဘုရားအကြောင်းကို အချင်းချင်း မေးဖြေပြောဆိုနေကြသည့် စကားသံကို ကောင်းစွာ ကြားလိုက်မိလေသည်။ ထိုအခါ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို တစိမ့်စိမ့်နာကြားရင်း ကြည်နူးနှစ်သက်ခြင်းဖြစ်ရာ "လောကတွင် မြတ်စွာဘုရား ပွင့်တော်မူ၍ တရားဦးဟောတော်မူချေပြီကော" ဟူ၍ တဦးတည်းရွတ်ဆိုရင်း ဗုဒ္ဓနုဿတိတရားကို ပွားများမိသဖြင့် ထိုခဏတွင်းမှာပင် သောတာပတ္တိဖိုလ်သို့ဆိုက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုရလေသည်။

မြတ်စွာဘုရားကို ကိုယ်တိုင်ဖူးမြင်ရခြင်းလည်းမရှိ၊တရားတော်မြတ်ကို ကိုယ်တိုင် နာကြားရခြင်းလည်း မရှိဘဲလျက် သတင်း

စကားကောင်း တဆင့် ကြားရရုံမျှနှင့် တရားရသော ထိုကာဋ္ဌိ အမျိုးသမီးအား မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသောအခါ-

တေဒဂ္ဂံ ဘိက္ခဝေ
မမသာ ဝိကာနံ ဥပါသိကာနံ
အနုဿဝပ္ပသန္နာနံ
ယဒိဒံကာဋ္ဌိဥပါသိကာ ကုလဃရိကာ။

ဘိက္ခဝေ-ချစ်သားရဟန်းတို့၊ မမ-ငါဘုရား၏၊ သာဝိကာနံ-တပည့်မ ဖြစ်ကုန်သော၊ အနုဿဝပ္ပသန္နာနံ- တဆင့်စကားကို ကြားကာမျှ သဒ္ဓါပို၍ ကြည်ညိုတတ်ကြကုန်သော၊ ဥပသိကာနံ-ဥပသိကာမ အပေါင်းတို့တွင်၊ ကာဋ္ဌိ- ကာဋ္ဌိ အမည် ရှိသော၊ ကုလဃရိကာ-ကုလဃရမြို့၌ နေလေ့ရှိသော၊ ယဒိဒံ-ယာသော ဥပါသိကာ-အကြင် ဒါယိကာမသည်၊ အတ္ထိ-ရှိ၏၊ တေံ သော- ဤအမျိုးသမီးသည်၊ အဂ္ဂံ-အဂ္ဂါ- အမြတ် ဆုံး ပေတည်း ဟူ၍ ကြားရုံမျှဖြင့် ကြည်ညိုသဒ္ဓါ ပွား သော အ ရာ တွင် အတုမရှိ ကြောင်း တေဒဂ် ပေးတော်မူလေသည်။

ရှေးလွန်လေပြီးသောအခါတွင် သီဟိုဠ်ကျွန်း အနုရာမြို့တော်ကြီး၏ အနောက်ပြင်အရပ်၌ အာဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော "ဟေမာ"အမည်ရှိ အမျိုးသမီးတဦး ရှိလေသည်။ ဟေမာဟူသော ပါဠိအမည်ကို မြန်မာဘာသာပြန်ဆိုလျှင် မယ်ရွှေဟူ၍ ခေါ်နိုင်ဘွယ်ရှိ၏။

ဟေမာသည် ပညာဉာဏ် ထက်မြက်သူဖြစ်သဖြင့် တရားစရပ်တွင် ဓမ္မစကြာသုတ်ကို တကြိမ်နာကြားရရုံမျှနှင့် နှုတ်တက်ရ၍ အဓိပ္ပါယ်ကိုပါ ထင်လင်းစွာ သိမြင်လေသည်၊ တရားနာပုဂ္ဂိုလ်များနှင့် ရဟန်းတော်များကလည်း ဟေမာအား ချီးမွမ်းကြလေသည်၊ဟေမာသည် ဓမ္မစကြာသုတ်ကိုပင် မပြတ် ရွတ်ဖတ်ပွားများလေ့ ရှိလေသည်။

တရံရောအခါ မဟာတိတ္ထမြို့မှ ကုန်သည်လုလင်ပျိုတယောက်သည် ဟေမာနေထိုင်ရာ အနုရာမြို့သို့ သင်္ဘော လှေများနှင့် လာရောက်၍ ကုန်ရောင်းကုန်ဝယ် ပြုလုပ်လေရာ ဟေမာသည် ထိုလုလင်ပျိုနှင့် ငယ်ရွယ်သူတို့ဘာဝ ချစ်ကျွမ်းဝင်ကြသဖြင့် မိဘများကို အသိပေးကာ တင့်တယ်စွာ လက်ထပ်လိုက်ကြလေသည်။ ကာလ အတန်ကြာသောအခါ ကုန်သည်လုလင်သည် ရောင်းရေးဝယ်တာကိစ္စအတွက် မဟာတိတ္ထမြို့သို့ သွားရန် ရှိသဖြင့် ချစ်ဇနီးဟေမာအား အနုရာမြို့တွင် ထားရစ်ကာ ထွက်ခွါ သွားရောက်ရလေသည်။ ဟေမာမှာ ဝကိုယ်တည်း ကျန်ရစ်ရှာသဖြင့် ချစ်သူအား လွမ်းတ,လျက်သာ နေရာ ချစ်လင် ခရီးထွက်ရက်ကြာလေလေ ပူဆွေးသောကရောက်လေဖြစ်ရ၍ နောက်ဆုံးတွင်

မိမိ၏ မိခင်,ဘခင်တို့ကို အကြောင်းမကြား ခွင့်မပန်မိဘဲ ချိန်ည သန်းခေါင်မှာပင် နေအိမ်မှထွက်၍ မိမိချစ်လင်သွားရာ မဟာ တိတ္ထမြို့ဆီသို့ ခရီးဦးတည်၍ စဉ်းစားသွားလေတော့သည်။

မဟာတိတ္ထမြို့နှင့် အနုရာဓမြို့မှာ ပင်လယ်ကွာခြားလျက်ရှိရာ၊ လင်၏ရတက်ဇောဖြင့် သောကမီးတောက်နေသော ဟေမာသည် ပင်လယ်ကမ်းစပ်သို့ ရောက်သောအခါ သင်္ဘောလှေတို့ကိုလည်း မတွေ့မြင်ရသဖြင့် ပင်လယ်ပြင်ကို လက်ပစ်ကူးဖြတ်တော့မည်ဟု ရေထဲသို့ ခုန်ဆင်းလိုက်လေတော့သည်။ ဟေမာသည် ကြီးမား လှစွာသော လှိုင်းတံပိုးကြားတွင် မဟာတိတ္ထမြို့ဆီသို့ ဦးတည်ကာ ကူးခတ်နေလေရာ ရေနတ်နဂါးမင်းသည် ညဥ့်အခါ ပင်လယ်ပြင် ကို တဦးတည်း စွန့်စွန့်စားစား ဖြတ်ကူးနေသော ဟေမာအား တွေ့မြင်ရသဖြင့် စိတ်ဝင်စားကာ အနားသို့လာ၍ အကြောင်းစုံကို မေးမြန်းလေသည်။

ထိုအခါ ဟေမာက လင်ကိုတွေ့မြင်ဇောဖြင့် ကူးခတ်နေ ကြောင်းပြန်ကြားပြောဆိုသောအခါ နဂါးမင်းက ပင်လယ်ပြင် ၏ အန္တရာယ်ကို သတိပေးလိုသောကြောင့် "အသင်မိန်းခလေး ပင်လယ်ပြင်ဟာ လှိုင်းတံပိုးကြီးမားပြီး အစွန့်ကျယ်ပြောလှပါ တယ်၊ အဘယ်နည်းနှင့်မျှ တဖက်ကမ်းသို့ ဖေါက်ရောက်နိုင်မှာ မဟုတ်၊ အဘယ်ကြောင့် မကြောက်မရွံ့ အသက်စွန့်လာပါ သလဲ"ဟု မေး၏။

ထိုစကားကိုကြားလျှင် ဟေမာက "ကျမမှာ ကြောက်စိတ် လုံးဝမရှိပါ၊မဟာတိတ္ထမြို့ကိုသွားနေတဲ့ ကျမချစ်လင်ကို တွေ့မြင် ချင်တဲ့ အာသာဇောတွေသာ ရှိပါတယ်၊ ကျမ အကြောင်းမဲ့ ကူးခတ်နေခြင်းမဟုတ်ပါ၊ကျမရဲ့ အချစ်တဏှာ ကိလေသာမီးက

နှိုးဆော်နေတဲ့အတွက် ကူးခတ်နေရပါတယ်"ဟု ပြန်ပြောလေသည်။

ထိုအခါ နဂါးမင်းက "အသင်မိန်းကလေး၊ သင်တို့သိဟိုင္ဒ့ ကျွန်းမှာ လူများဟာ တရားနှလုံးနဲ့ ပြည့်စုံတယ်လို့ ကြားဘူးပါတယ်၊ သင်ကတော့ တရားမသိ မိုက်မဲမိလှပါတကား"ဟု ပြောလေသည်။

ဟေမာသည် ထိုစကားကိုကြားလျှင် မခံချိမခံသာဖြစ်လှ၍ "ကျမ တရားသိပါတယ်၊ ကျမဟာ ဓမ္မစကြာသုတ်ကို အမြဲရွတ်ဆိုနေသူဖြစ်ပါတယ်၊ တရားနှင့်ဝေးသူမဟုတ်ပါ"ဟု ရှက်စနိုး ပြန်ပြောလိုက်ရင်းတရားကို ပြန်လည်သတိလည်ကာ သံဝေဂ ရမိလေသည်။ နဂါးမင်းလည်း ဓမ္မစကြာဟူသော တရားတော်အသံကို ကြားကာမျှနှင့်နာယူလိုစိတ်ပြင်းပြသဖြင့် ဟေမာအား ဓမ္မစကြာတရား ဟောပြရန်တောင်းပန်ပြီး ပင်လယ်ပြင်၌ပင် မိမိတန်ခိုးဖြင့် ရတနာမဏ္ဍပ်နှင့်တကွ ပတ္တမြားပလ္လင်ကို ဖန်ဆင်းကာ ဟေမာအား ဆယ်တင်ပေးလေသည်။

ဟေမာလည်း ဓမ္မစကြာသုတ်ကို အစအဆုံး ရွတ်ဆိုရှင်းလင်း ဟောပြလေသည်။ နဂါးမင်းသည် အလွန်နှစ်သက်ဝမ်းမြောက်လှသဖြင့် တရားတော်၏ကျေးဇူးကို ဆပ်သည့်အနေဖြင့် ရတနာအတိပြီးသော နတ်ဝတ်တန်းဆာနှင့် မနောမယ ပတ္တမြားကို ပေးအပ်ကာ မဟာတိတ္ထမြို့ရှိ ဟေမာ၏ ချစ်လင်အိပ်စက်ရာ ညောင်စောင်းထက်သို့ တန်ခိုးဖြင့် ပို့ဆောင်ပေးလိုက်လေသည်။

ကုန်သည်လုလင်သည် နတ်ဝတ်တန်းဆာတို့ဖြင့် အလွန်လှပသော မိမိချစ်ဇနီးကို တွေ့မြင်လိုက်ရသောအခါ အလွန်ဝမ်းမြောက်အားရလျက် အကြောင်းစုံကို မေးမြန်းလေသည်။

ဟေမာကလည်း အဖြစ်အပျက်ကို ပြန်ပြောပြလေရာ ဓမ္မစကြာတရား၏ တန်ခိုးဂုဏ်ကို ဇနီးမောင်နှံနှစ်ယောက် ချီးမွမ်းမကုန်ဖြစ်လေသည်။

မဟာတိတ္ထမြို့သားတို့လည်း ဟေမာကိုငှင်း၊ ဟေမာ၏ အဘိုးမဖြတ်နိုင်သော မနောမယပတ္တမြားကိုငှင်း၊ တွေ့မြင်ကြရသောအခါ အံ့ဩကြလျက် အချို့လည်း ချီးမွမ်းဂုဏ်တင်၍ အချို့လည်း မနာလိုဝန်တို ဖြစ်ကြလေသည်။ မနာလိုသူအချို့သည် ဘုရင်မင်းမြတ်ထံသို့ သွားရောက်၍ "မနောမယ ပတ္တမြားကို" သိမ်းယူရန် လျှောက်တင် ကုန်းချောကြလေသည်၊ မင်းကြီးလည်း ဟေမာအား ခေါ်ယူ၍ ပတ္တမြားကိုဆက်သစေရာ၊ ပတ္တမြားသည် ဟေမာ၏လက်မှ လွတ်သည်နှင့်တပြိုင်နက် ကျောက်ခဲပကတိမျှ ပြောင်းလဲသွားလေသည်၊ မင်းကြီးနှင့် မှူးမတ်များမှာ အံ့ဩ ထိတ်လန့်ကြ၍ ဟေမာအား မေးမြန်းသော် ဟေမာက ဓမ္မစကြာတရား ဟောကြားခဲ့၍ နဂါးမင်းထံမှ ရရှိခဲ့ပုံများ အစမှအဆုံးတိုင် ပြန်ကြားလျှောက်ထားလေသည်။

မင်းကြီးလည်း အားရတော်မူ၍ မိမိ၏နိုင်ငံတွင်း၌ ဓမ္မစကြာတရား ပြန့်ပွားအောင် အားထုတ်ဆောင်ရွက်ပေးပါရန် တောင်းပန်လျက် အသပြာတထောင်နှင့်တကွ မဟာတိတ္ထသဘော်ဆိပ်မြို့ကိုပါ အပိုင်စား ပေးသနားလိုက်လေသည်။ ထိုအခါမှစ၍ သီဟိုဠ်တကျွန်းလုံးတွင် ဓမ္မစကြာသုတ်ကို ရွတ်ဖတ်သံမစဲအောင် ပြန့်ပွားသွားလေသည်။ မြို့စား ဇနီးမောင်နှံလည်း အသက်အတိုင်းနေ၍ စုတေသော် ကောင်းမှုအကျိုးအားဖြင့် နတ်ပြည်သို့ စံမြန်းကြရလေသတည်း။

(မဓုရသဝါဟိနီဝတ္ထုမှ)

# ဓမ္မစကြာပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အမွှန်း

က။ ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊
ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံတံ နိဗ္ဗာန ပါပကံ။ ။

ခ။ သဟံပတိ နာမကေန၊
မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ၊ ပကာသေန္တော၊
လောကနာထော အဒေသယိ။ ။

ဂ။ နိန္ဒိတံ သဗ္ဗ ဒေဝေဟိ၊
သဗ္ဗ သမ္ပတ္တိ သာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ဓမ္မ စက္ကံ ဘဏာမဟေ။ ။

နိဒါန်း

ဧဝံမေသုတံ၊ ဧကံသမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ၊ တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။

ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။ ကတမေ ဒွေ ယောစာယံ အတ္တ ကိလမထာ နုယောဂေါ ဒုက္ခော အနရိယော အနတ္ထ သံဟိတော။

## လမ်းစဉ်မှန်

ဧတေခေါ ဘိက္ခဝေ ဥဘောအန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ကတမာစ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။ အယံခေါ သာဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

## ဒုက္ခသစ္စာ

ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏံမ္ပိဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါဒုက္ခော၊ ယံပိစ္ဆံ နလဘတိ၊ တံပိဒုက္ခံ၊ သံခိတ္တေန၊ ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ၊

### သမုဒယသစ္စာ

ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြတတြ ဘိနန္ဒိနီ၊ သေယျထိဒံ၊ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။

### နိရောဓသစ္စာ

ဣဒံခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယောတဿာယေဝ၊ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိ နိဿဂ္ဂေါ မုတ္တိ အနာလယော။ ။

### မဂ္ဂသစ္စာ

ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ သစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာ အာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။

### ဒုက္ခသစ္စာဉာဏ် ၃ - ပါး

ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ပညာဥဒပါဒိ၊ဝိဇ္ဇာဥဒပါဒိ၊ အာလောလော ဥဒပါဒိ။

တံခေါ ပနိဒံ ဒုက္ခံအရိယသစ္စံ ပရိညေယျန္တိမေ ဘိက္ခဝေ၊ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု ‌စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယသစ္စာဉာဏ် (၃)ပါး

ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိ မေဘိက္ခဝေ၊ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိမေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိမေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## နိရောဓသစ္စာဉာဏ် (၃)ပါး

ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စန္တိ မေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံသစ္ဆိကာ တဗ္ဗန္တိ မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံသစ္ဆိကတန္တိ မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ။

## မဂ္ဂသစ္စာဉာဏ် (၃)ပါး

ဣဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယ သစ္စန္တိမေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံခေါပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိမေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

တံခေါပနိဒံ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိမေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဘုရားအဖြစ် ဝန်ခံခြင်း

ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယ သစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ နသုဝိသုဒ္ဓံ အဟောသိ။ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိ သမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

ယတောစခေါမေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံတိပရိဝဋ္ဋံ ဒွါဒသကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။ အထာဟံ ဘိက္ခဝေ သဒေဝကေလောကေ၊ သမာရကေ၊ သဗြဟ္မကေ၊ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယအနုတ္တရံသမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိပစ္စညာသိံ။

ဉာဏဉ္စပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါမေ စေတောဝိမုတ္တိ အယမန္တိမာဇာတိ၊နတ္ထိဒါနိ ပုနဗ္ဘဝေါတိ၊ ဣဒမဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတောဘာသိတံ အဘိနန္ဒုန္တိ၊ ဣမသ္မိံ စ ပနဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ၊ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံနိရောဓ ဓမ္မန္တိ။

## နတ်ဗြဟ္မာတို့ ကြွေးကြော်ခြင်း

ပဝတ္တိတေစ ပန ဘဂဝတာ ဓမ္မစက္ကေ ဘူမာဒေဝါ သဒ္ဒမနုဿာဝေသုံ၊ ဧတံဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိ ဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ တိ။

ဘူမာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာဒေဝါ သဒ္ဒမနုဿာဝေသုံ၊ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ၊ ယာမာဒေဝါ၊ တုသိတာဒေဝါ၊ နိမ္မာနရတိဒေဝါ၊ ပရနိမ္မိတဝသဝတ္တီဒေဝါ၊ ဗြဟ္မကာယိကာဒေဝါ၊ သဒ္ဒမနုဿာဝေသုံ။ ဧတံဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ

ဗြဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိံ တိ။

## လောကဓါတ် တုန်လှုပ်ခြင်း

ဣတိဟတေန ခဏေန တေန လယေန၊ တေနမုဟုတ္တေန၊ ယာဝဗြဟ္မာလောကာ သဒ္ဒေါအဗ္ဘုဂ္ဂစ္ဆတိ။ အယဉ္စ ဒသ သဟဿိ လောကဓာတု သကမ္ပိ သမ္ပကမ္ပိ၊ သမ္ပဝေဓိ၊ အပ္ပမာဏောစ ဥဠာရော ဩဘာသော လောကေပါတုရဟောသိ။ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝ ဝန္တိ။

## အရှင်ကောဏ္ဍည အမည်ရခြင်း

အထခေါ ဘဂဝါဣမံ ဥဒါနံ ဥဒါနေသိ။ အညာသိဝတ ဘော ကောဏ္ဍညော၊ အညာသိဝတဘော ကောဏ္ဍညောတိ။ ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညော တွေဝနာမံ အဟောသိ။

## ဟေိဘိက္ခုဖြစ်ခြင်း

အထခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠ္ဟ ဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတ ကထံကထော ဝေသာရဇ္ဇပတ္တော အပရပစ္စယော သတ္ထု သာသနေ ဘဂဝန္တံ တေဒဝေါစ။

လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိတေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒန္တိ။ ဟေိ ဘိက္ခုတိ ဘဂဝါအဝေါစ၊ သွာက္ခာတော ဓမ္မော စရဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။ သာဝတဿ အာယသ္မတော ဥပါသမ္ပဒါ အဟောသတိ။

ဓမ္မစက္ကပ္ပဝတ္တန သုတ္တံ နိဋ္ဌိတံ။

(ဆရာတော် ဦးဗုဓ်မှ)

စတုသစ္စံ၊ သစ္စာလေးပါးကို။ ပကာသေန္တော၊ ပြတော်မူသော။ လောကနာထော၊ လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သဟံပတိ နာမကေန၊ သဟံပတိ အမည်ရှိသော။ မဟာဗြဟ္မာန၊ မြတ်သောဗြဟ္မာမင်းသည်။ ယာစိတော၊ တရားဟောစိမ့်သောငှာ တောင်းပန်အပ်သည်ဖြစ်၍။ ဣသိပတန နာမကေ၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့၏ ကောင်းကင်မှ သက်ရာ ကောင်းကင်သို့တက်ရာဖြစ်၍ ဣသိပတန အမည်ရှိသော။ မိဂဒါယေ၊သားတို့အား ဘေးမဲ့ ပေးရာ မိဂဝုန်တော၌။ ပဉ္စဝဂ္ဂိနံ၊ ငါးယောက်အစု ရှိခြင်းကြောင့် ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခုနံ၊ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနံ၊ အဿဇိ ရဟန်းတို့အား။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော ဓမ္မဝရံ၊ မြတ်သောတရားဖြစ်သော။ ယံဓမ္မစက္ကံ၊အကြင်ဓမ္မစကြာဒေသနာကို။ အဒေသယိ၊ ဟောတော်မူပြီ။ သဗ္ဗဒေဝေဟိ၊ ခပ်သိမ်းကုန်သော သမ္မုတိနတ်၊ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ်တို့သည်။ ဝါ ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည်။နန္ဒိတံ၊ နှစ်လိုအပ်သော သဗ္ဗသမ္ပတ္တိသာခကံ၊ ခပ်သိမ်းသော လောကီ လောကုတ္တရာ ပစ္စုပ္ပန်သံသရာ စည်းစိမ်ကိုယူပြီးစေတတ်သော။ တံဓမ္မစက္ကံ၊ ထိုဓမ္မစကြာဒေသနာတော်ကို။ သဗ္ဗလောက ဟိတတ္ထာယ၊ ခပ်သိမ်းသော လောက၏ အစီးအပွားအကျိုးငှာ။ ဟေ၊ အိုအရှင်သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

## နိဒါန်း

ဘန္တေ ကဿပ၊ အရှင် မဟာကဿပ၊ ဣဒံ သုတ္တံ ဤဓမ္မစက္ကပ္ပဝတ္တန သုတ်ကို။ မေမယာ၊ အကျွန်ုပ် အာနန္ဒာထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သံမုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဧကံ၊ တပါးသော။သမယံ၊ အခါ၌။ ဘဂဝါ၊မြတ်စွာဘုရားသည်။ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ ဝိဟရတိ၊ နေတော်မူ၏။ တတြခေါ၊ ထိုဣသိပတန မိဂဝုန်တောဝယ် နေတော်မူသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ပဥ္စဝဂ္ဂိယေ၊ ပဥ္စဝဂ္ဂီအမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာမန္တေသိ။ မိန့်တော်မူ၏။

## အယုတ်တရားနှစ်ပါး

ဘိက္ခဝေ၊ ရဟန်းတို့။ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သောသူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေအန္တာ၊ ဤအယုတ်တရားအစုတို့ကို။ နသေဝိတဗ္ဗာ၊မမှီဝဲအပ်ကုန်။ ဒွေအန္တာ၊ ရဟန်းတို့ မမှီဝဲအပ်ကုန်သော အယုတ်တရား နှစ်ပါးအစုတို့သည်။ ကတမေ၊ အဘယ်သည်တို့နည်း။ ဟီနော၊ ယုတ်သော။ ဂါမ္မော၊ ရွာသူတို့၏ဥစ္စာဖြစ်သော။ ပေါထုဇ္ဇနိကော၊ ပုထုဇဉ်တို့၏ အလေ့အကျက်ဖြစ်သော။ အနရိယော၊ အရိယာတို့၏ဥစ္စာမဟုတ်သော။ အနတ္ထသံဟိတော၊ စီးပွားချမ်းသာ ဖြစ်ကြောင်းနှင့် မစပ်သော။ ကာမေသု၊ တေဘူမက တရားတည်းဟူသော ဝတ္ထုကာမတို့၌ ကာမသုခလ္လိကာနုယောဂေါ၊ ဆန္ဒရာဂတည်းဟူသော ကိလေသာကာမနှင့် ယှဉ်သောချမ်းသာကို အဖန်တလဲလဲ ခံစားခြင်းဟုဆို

အပဲ့သော။ ယောစာယံ ယောစအယံအန္တော၊ အကြင်အစုသည်ရှင်း။ ဒုက္ခော၊ ဆူးညှောင့်ကိုမှီ၍အိပ်ခြင်းစသည်ဖြင့် ဆင်းရဲကိုဆောင်တတ်သော။ အနရိယော၊ အရိယာမဟုတ်သော တိတ္ထိတို့၏ဥစ္စာဖြစ်သော။ အနတ္တသံဟိလော၊ စီးပွားချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော။ အတ္တကိလမထာနုယောဂေါ၊ မိမိကိုယ်၏ပင်ပန်းခြင်းကို အဖန်တလဲလဲဖြစ်စေတတ်သော။ ယောစာယံယောစအယံအန္တော၊ အကြင်အစုသည်ရှင်း၊ ဒွေအန္တော၊ အယုတ်တရားနှစ်ပါး အစု မည်ကုန်၏။

## အလယ်ဖလတ်အကျင့်လမ်းစဉ်

ဘိက္ခဝေ၊ ရဟန်းတို့။ တေခေါ ဥဘောအန္တော၊ ထိုကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ ဟူသော အယုတ်တရား နှစ်ပါးအစုတို့ကို။ အနုပဂမ္မ၊ မကပ်မူ၍၊ ဟထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကိုပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကိုပြုတတ်သော။မဇ္ဈိမာ၊ကာမသုခလ္လိကာနုယောဂ, သဿတဒိဋ္ဌိ ဟူသောတခုသောအစု၊ အတ္တကိလမထာနု ယောဂ၊ ဥစ္ဆေဒဒိဋ္ဌိ ဟူသောတခု သော အစု၏အလယ်၌ဖြစ်သော။ ပဋိပဒါ၊ ဝဋ္ဋဆင်းရဲမှထွက်မြောက်ခြင်းကို အလိုရှိ ်သော သူတို့သည် ကျင့်အပ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်းတည်းဟူသော သဥပဒါဒိသေသနိဗ္ဗာန်အကျိုးငှါ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှါ။ သမ္ဗောဓာယ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှါ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ၊ သံဝတ္တတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကိုမြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကိုပြုတတ်သော။ ယာမဇ္ဈိမာပဋိပဒါ၊ အကြင်အလယ်ဖြစ်သော အကျင့်သည်။ ဥပသမာယ၊ ကိလေသာ ငြိမ်းခြင်း တည်းဟူသော သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှာ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသနိဗ္ဗာန် အကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။ သာမဇ္ဈိမာပဋိပဒါ၊ ထိုအလယ်ဖြစ်သော အကျင့်သည်။ ကတမာစ၊ အဘယ်နည်း။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ အယမေဝမဂ္ဂေါ၊ ဤမဂ္ဂင်လျှင်တည်း။

ဣဒံ-မဂ္ဂင်္ဂ၊ ဤမဂ္ဂင်သည်။ သေယျထာကတမံ၊ အဘယ်နည်း။

သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။
သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။
သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။
သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။
သမ္မာအာဇီဝေါ၊ ကောင်းစွာအသက်မွေးခြင်း။
သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။
သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။
သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။
ဣဒံ မဇ္ဈိမာတံ၊ ဤရှစ်ပါးသော သဘော တရားသည် မဂ္ဂင်္ဂ၊ မဂ္ဂင်မည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို သိခြင်းကိုပြုပြတတ်သော။ အယံခေါ သာမဇ္ဈိမာ ပဋိပဒါ၊ ဤမဂ္ဂင်ရှစ်ပါး တည်းဟူသော အလတ်ဖြစ်သောအကျင့်သည်။ ဥပသမာယ၊ ကိလေသာငြိမ်းခြင်းတည်းဟူသော သဥပါဒိသေသ နိဗ္ဗာန်အကျိုးငှာ။ အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာသိခြင်းငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန် အကျိုးငှာ၊ သံဝတ္တတိ၊ ဖြစ်၏။

## ဒုက္ခသစ္စာသရုပ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ပဋိသန္ဓေ နေရခြင်းသည်လည်း ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။

ဇရာပိ၊ ဆိုးရွားဟောင်းမြင်း အိုမင်းရင့်ရော်ခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။

ဗျာဓိပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။

မရဏံပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်း ရဲ ခြင်း ၏ အကြောင်းဖြစ်၏။

အပိယေဟိ၊ မချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းယှဉ်ရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။

ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်းကင်းကွာ ရှဲခွာဖယ်ကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။

ယံပိစ္ဆံ၊ အကြင်ပဋ္ဌိသန္ဓေ နေရခြင်း စသော သဘောတရား ငါ့အား မဖြစ်ပါမူကောင်းလေစွ စသည်ဖြင့် တောင့်တခြင်းကို။ နလဗ္ဘတိ၊ မရအပ်။ တံပိ၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။

သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ၊ ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဣဒံခေါ ပန မေ့ဇာတံ၊ ဤဇာတိ အစရှိသော တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

## သမုဒယသစ္စာသရုပ်

။ ဘိက္ခဝေ၊ ရဟန်းတို့။ ယာယံတဏှာ၊ အကြင်လောဘသည်။ ပေါနောဗ္ဘဝိကာ၊ တဖန် ဘဝသစ်ကို ဖြစ်စေတတ်သော အလေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်ခြင်း တပ်မက်ခြင်း ဖြစ်၍ဖြစ်၏။ တတြတတြ၊ ထိုထိုကိုယ်၏အဖြစ် ထိုထိုအာရုံ၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်တတ်၏။ ဣဒံ သောတဏှာ၊ ဤတဏှာသည်။ သေယျထာကတမာ၊ အဘယ်နည်း။ ကာမတဏှာ၊ ရူပါရုံစသော ဝတ္ထုကာမကို တပ်ဟတ်သော တဏှာလည်းကောင်း။ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာလည်းကောင်း။ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာလည်းကောင်းတည်း။ ဣဒံခေါ ပန မေ့ဇာတံ၊ ဤတဏှာ တည်းဟူသော သဘောတရား

သည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သောသစ္စာမည်၏။

## နိရောဓ သစ္စာသရုပ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဟယာ ယေဝတဏှာယ၊ ထိုကာမတဏှာ စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏သာလျှင်။ ယော အသေသဝိရာဂ နိရောဓော၊ အကြွင်းအကြွင်းမဲ့ တပ်ခြင်းကင်းရာ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော စာဂေါ၊ အကြွင်စွန့်ရာ ဖြစ်သော နိဗ္ဗာန်သည်။ ယော ပဋိနိဿဂ္ဂေါ၊ အကြွင်ဝေးစွာ စွန့်ရာ ဖြစ်သောနိဗ္ဗာန်သည်။ ယာမုတ္တိ၊ အကြွင်လွတ်ရာဖြစ်သော နိဗ္ဗာန်သည်။ ယော အနာလယော၊ အကြွင်ကပ်ငြိခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံခေါ ပနခမ္မဇာတ္တံ၊ ဤနိဗ္ဗာန်တည်းဟူသော သဘောတရားသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် အပ်သော သစ္စာမည်၏။

## မဂ္ဂသစ္စာသရုပ်

ဘိက္ခဝေ၊ ရဟန်းတို့။ အရိယော၊ မြတ်သော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်သည်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဣဒံ-မဂ္ဂံ၊ ဤမဂ္ဂင်သည်။ သေယျထာဣတမံ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။ သမ္မာသင်္ကပ္ပေါ၊ ကောင်းစွာကြံခြင်း။ သမ္မာဝါစာ၊ ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော၊ ကောင်းစွာပြုခြင်း။ သမ္မာအာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း။ သမ္မာဝါယာမော၊ ကောင်းစွာအားထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းစွာ အောက်မေ့ခြင်း။ သမ္မာသမာဓိ၊

ကောင်းစွာတည်ကြည်ခြင်းတည်း။ဣဒံခေါ ပန ဓမ္မဇာတံ၊ဤမဂ္ဂင် ရှစ်ပါး တရားသည်လျှင်၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

(သစ္စာလေးပါးတို့ သရုပ်အားဖြင့် ပြတော်မူပြီး၍ သစ္စလေးပါး၌ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဟူသော အပြင်သုံးပါးကို ပြတော်မူခြင်းငှာ၊ ဣဒံဒုက္ခံ အစရှိသော ဒေသနာတော်ကို မိန့်တော်မူသည်)။

## ဒုက္ခသစ္စ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတဏှာကြဉ်သော တေဘူမက တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော အရိယသစ္စံ၊ အရိယသစ္စာ မည်၏။ ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား ဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကိုမြင်တတ်သော ပညာမျက်စိသည်။ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ ဒုက္ခသစ္စာကို သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ပညာ၊ ဇာတိဒုက္ခ စသည်ကို အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။ ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။အာလောကော၊ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာ အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခံအရိယသစ္စံ၊ ထိုဒုက္ခ ဖြစ်သော အရိယသစ္စာကို။ပရိညေယျံ၊ဤတရားကား ဒုက္ခတည်း။ ဤဒုက္ခကား ဤမျှသာတည်း။ ဤထက်အလွန် ဤမှအောက် အယုတ်မရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍ သိအပ်၏။ ဣတိ၊ ဤသို့။ မေ မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရား တို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

## ဒုက္ခသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဒုက္ခ ဖြစ်သော အရိယသစ္စာကို။ ပရိညာတံ၊ ဤတရားကားဒုက္ခတည်း၊ ဤဒုက္ခကား ဤမျှသာတည်း၊ ဤထက်အလွန် ဤမှအောက် အယုတ်မရှိဟု ထက်ဝန်းကျင်မှ ပိုင်းခြား၍ သိအပ်ပြီ။ ဣတိ၊ ဤသို့။ မေ မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ ဒုက္ခသစ္စာကို မြင်တတ်သော ပညာ မျက်စိသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

## သမုဒယသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤတဏှာဟူသော လောဘသည် ဒုက္ခသမုဒယံ၊ ဒုက္ခ၏အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယ သစ္စာမည်၏။ ဣတိ၊ ဤသို့။ မေ မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊

ဘုရားဖြစ်သည်မှရှေး၌၊ အနနုဿုတေသု၊ မကြားစဘူးကုန်သော ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏ၊ သမုဒယ သစ္စာကိုသိခြင်းသည် ပညာ တရားကိုယ်အားဖြင့်တပါးဖြစ်သော၊ အခြင်းအရာအားဖြင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟူ၍ သုံးပါး၊ ရူပတဏှာ၊ သဒ္ဒတဏှာ၊ ဂန္ဓတဏှာ၊ ရသတဏှာ၊ ဖောဋ္ဌဗ္ဗတဏှာ ဟူ၍ အာရုံ (၆-ပါး)အားဖြင့် တဆယ့်ရှစ်ပါး၊ အဇ္ဈတ္တ ဗဟိဒ္ဓသန္တာန် (၂ ပါး)အားဖြင့် သုံးဆယ့်ခြောက်ပါး အတိတ် အနာဂါတ် ပစ္စုပ္ပန်ကာလ (၃-ပါး)အားဖြင့် တရာ့ ရှစ်ပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းသည်။ ဝိဇ္ဇာသမုဒယသစ္စာ ကို ထိုးထွင်း၍သိခြင်းသည်။ အာလောကော၊ သမုဒယ၏သစ္စာ ကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင်အလင်းသည်။ ဥဒပါဒိ၊ ထင် ရှားဖြစ်၏။

## သမုဒယသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခသမုဒယံအရိယသစ္စံ၊ ထိုဒုက္ခ၏အကြောင်းဖြစ်သော အရိယသစ္စာကို။ ပဟာတဗ္ဗံ၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ သမ္ပယုတ်ကို သောတာပတ္တိမဂ်ဖြင့် ကာမရာဂကို အနာဂါမိမဂ်ဖြင့် ရူပရာဂ အရူပရာဂကို အရဟတ္တမဂ်ဖြင့် ပယ် အပ်၏။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ဗုဒ္ဓေ၊ ဘုရား ဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ် သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## သမုဒယသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုဒုက္ခ၏ အကြောင်းဖြစ်သော အရိယသစ္စာကို။ ပဟီနံ၊ မဂ်လေးပါးဖြင့် အကြွင်းမဲ့ ပယ်အပ်ပြီ။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## နိရောဓသစ္စာ၌ သစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤနိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ နိရောဓသစ္စာကို သိတတ်သော ဉာဏ်သည်။ ပညာ၊ တရားကိုယ်အားဖြင့် တပါး။ သဉပါဒိ သေသ၊ အနုပါဒိသေသအားဖြင့် နှစ်ပါး။ သုညတ အနိမိတ္တ အပ္ပဏိဟိတအားဖြင့် သုံးပါးရှိ၏ဟု အပြားအားဖြင့် သိခြင်းစသည်။ ဝိဇ္ဇာ၊ နိရောဓသစ္စာကို ထိုးထွင်း၍ သိ ခြင်း သည်။ အာလောကော၊ နိရောဓသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ ဟည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## နိရောဓသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်၏။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓ သစ္စာကို မြင်တတ်သော ပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## နိရောဓသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဒုက္ခ၏ချုပ်ရာဖြစ်သော အရိယသစ္စာကို။ သစ္ဆိကတံ၊ မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်မှောက်ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ နိရောဓသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## မဂ္ဂသစ္စာ၌ သစ္စာဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤ မဂ္ဂင်ရှစ်ပါးသည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊အရိယသစ္စာမည်၏။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရား

တို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သောဉာဏ်သည်။ ပညာ၊ သမ္မာဒိဋ္ဌိ- စသည်ကို အပြားအားဖြင့်သိခြင်းသည်။ ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်းသည်။ အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးတတ်သော ပညာအရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကိုမြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## မဂ္ဂသစ္စာ၌ ကတဉာဏ်

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါ ပနိဒံ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို။ ဘာဝိတံ၊ ပွားစေအပ်ပြီ။ ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားဖြစ်သည်မှ ရှေး၌။ အနနုဿုတေသု၊ မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာတရားတို့၌။ စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ခြင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝကီဝဉ္စ ယတ္တကံကာလံ၊ အကြင်မျှ လောက်သော ကာလပတ်လုံး။ ဣမေသု စတူသုအရိယသစ္စေသု၊ ဤသစ္စာလေးပါးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါးလေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန် သန့်ရှင်းကြည်လင် စင်ကြယ်သည်။ နအဟောသိ၊ မဖြစ်သေး။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝတတ္တကံကာလံ၊ ထိုဉာဏ် အမြင်မစင် ကြယ်သေးသမျှ ကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရနတ်ပြည် ငါးထပ်နှင့်တကွသော။ သမာရကေ ဝသဝတ္တီနတ်ပြည်နှင့်တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့်တကွသော။ လောကေ၊ ဩကာသလောက၌။ သဿမဏ ဗြာဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားနှင့် တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသောမင်း၊ ကြွင်းသော လူနှင့်တကွသော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို။ အဘိ သမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍ သိပြီဟူ၍။ နေဝပစ္စညာသိံ၊ ဝန်ခံတော် မမူသေး။

## ဘုရားဖြစ်ပြီဟု ဝန်ခံခြင်း

ဘိက္ခဝေ၊ ရဟန်းတို့။ ယတောစခေါ ယဒါကာလေ၊ အကြင် အခါ၌ကား။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤသစ္စာလေးပါး တို့၌။ ဧဝံ၊ ဤသို့။တိပရိဝဋ္ဋံ၊ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်

အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသကာရံ၊ သုံးပါး လေးလီဖြစ်၍ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာ ဘူတံ၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ငါ့အား။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်း ကြည်လင်စင်ကြယ် သည်။ အဟောသိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အထတသ္မိံ ကာလေ၊ ထိုဉာဏ်အမြင် စင်ကြယ်စွာ ဖြစ်သောအခါ၌။ အဟံ၊ ငါဘုရားသည်။ သ ဒေဝကေ၊ ကာမဝစရ နတ်ပြည်ငါးထပ်နှင့် တကွသော။ သ မာရကေ၊ ဝသဝတ္တီ နတ်ပြည်နှင့်တကွသော။ သ ဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့်တကွသော။ လောကေ၊ ဩကာသ လောက၌။ သဿမဏဗြဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿာယ၊ သမ္မုတိနတ်တည်းဟူသောမင်း၊ ကြွင်းသော လူနှင့် တကွသော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတု မရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ် ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ ထိုးထွင်း၍သိပြီဟူ၍။ ပစ္စညာသိံ၊ ဝန်ခံ တော်မူပြီ။

## ပစ္စဝေက္ခဏာဉာဏ်

မေ၊ ငါ့အား။ ဉာဏဉ္စပနဒဿနံ၊ ပစ္စဝေက္ခဏာဉာဏ်အမြင် သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။ မေ၊ ငါ၏။ စေတောဝိမုတ္တိ၊ အရဟတ္တဖိုလ်ဉာဏ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက် တရားတို့သည် မဖျက်ဆီးအပ်။ အယံ၊ ဤကိုယ်၏အဖြစ်သည်။ အန္တိမာ၊ အဆုံး စွန်ဖြစ်သော။ ဇာတိ၊ အဖြစ်တည်း။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဘန်ဘဝသစ်၌ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ ဉာဏဒဿနံ၊ ဤသို့သော ပစ္စဝေက္ခဏာ ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပြီ။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ဣဒဝစနံ၊ ဤဒွေမေဘိက္ခဝေ-စသော စကားတော်ကို။ အဝေါစ၊ မိန့်တော်မူ၏။

## ပဉ္စဝဂ္ဂီတို့ နှစ်သက်ခြင်း

ပဉ္စဝဂ္ဂိယာ၊ ပဉ္စဝဂ္ဂီ အမည်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အတ္တမနာ၊ နှစ်လိုဝမ်းမြောက် ကုန်သည် ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော တရားတော်ကို။ အဘိနန္ဒုံ၊ သာဓု-သာဓု-ဟု ရိုသေစွာဦးဖြင့် ခံယူကုန်၏။

## အရှင်ကောဏ္ဍည သောတာပန်တည်ခြင်း

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ၊ဤဂါထာမဖက် သက်သက်သောအမေးအဖြေဖြစ်သော ဗျာကရိုဏ်းကို။ ဘညမာနေ၊ ဟောတော်မူသည်ရှိသော်။ အာယသ္မတော၊ ရှည်သော သက်တော်ရှိသော။ ကောဏ္ဍညဿ၊ ကောဏ္ဍညထေရ်အား။ ဝိရဇံ၊ အပါယ်သို့လားစေတတ်သော ရာဂအစရှိသော မြူမှုကင်းသော။ ဝိတမလံ၊ အကြွင်းမရှိ။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိုပယ်သဖြင့် ကင်းသော အညစ်အကြေးရှိသော။ ဓမ္မစက္ခုံ၊ သစ္စာလေးပါး တရားကိုမြင်တတ်သော သောတာပတ္တိမဂ်ဉာဏ် တည်းဟူသော မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ယံကိဉ္စိ၊ အလုံးစုံသော တေဘူမကတရားသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ ထိဖြစ်ခြင်း သဘောရှိသော တရားဟူသမျှသည်။ နိရောဓ ဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## နတ်,ဗြဟ္မာတို့ ကောင်းချီးပေးခြင်း

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာတရားတော်ကို။ ပဝတ္တိတေ ပန၊ ဟောတော်မူအပ်သည်ရှိသော်ကား။ ဘူမာဒေဝါ၊ ဘူမစိုးနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကုန်၏။ ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကုန်သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊ မိဂဒါဝုန်တော၌။ လောကသ္မိံ၊ လောက၌။ ကေနစိသာမဏေနဝါ၊ တစုံတယောက်သော ရဟန်းသည်၎င်း။ ကေနစိဗြာဟ္မဏေနဝါ၊ တစုံတယောက်သော ပုဏ္ဏားသည်၎င်း။ ကေနစိဒေဝေနဝါ၊ တစုံတယောက်သော နတ်သည်၎င်း။ ကေနစိမာရေနဝါ၊ တစုံတယောက်သော မာရ်နတ်သည်၎င်း။ ကေနစိဗြဟ္မုနာဝါ၊ တစုံတယောက်သော ဗြဟ္မာသည်၎င်း။ အပ္ပဋိဝတ္တိယံ၊ မတားမြစ်နိုင် မဟောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ တံဓမ္မစက္ကံ၊ ဤဓမ္မစကြာတရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကုန်၏။

ဘူမာနံဒေဝါနံ၊ ဘူမစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ကြားကုန်၍။ စာတုမဟာရာဇိကာဒေဝါ စာတုမဟာရာဇ် နတ်တို့သည်။သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို အနုဿာဝေသုံ၊ တဆင့်ကြွေးကြော်ကုန်၏။ စာတုမဟာရာဇိကာနံ ဒေဝါနံ၊ စာတုမဟာရာဇ်နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသော

အသံကို။ သုတွာ၊ကြား၍။ တာဝတိံသာဒေဝါ၊ တာဝတိံသာနတ်တို့သည်။ ယာမာဒေဝါ၊ ယာမာနတ်တို့သည်။ တုသိတာဒေဝါ၊ တုသိတာနတ်တို့သည်။ နိမ္မာနရတိဒေဝါ၊ နိမ္မာနရတိနတ်တို့သည်။ပရနိမ္မိတ ဝသဝတ္တိဒေဝါ၊ ပရနိမ္မိတ ဝသဝတ္တိ နတ်တို့သည်။ ဗြဟ္မကာယိကာ၊ ဗြဟ္မာပြည်၌ ဖြစ်ကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော် ကုန်သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊မိဂဒါဝုန်တော၌။ လောကသ္မိံ၊ လောက၌။ ကေနစိ၊ တစုံတယောက်သော။ သာမဏေနဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏေနဝါ၊ပုဏ္ဏားသည်၎င်း။ ဒေဝေနဝါ၊ နတ်သည်၎င်း။ မာရေနဝါ၊ မာရ်နတ်သည်၎င်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်၎င်း။ အပၸဋိဝတ္တိယံ၊ မတားမြစ်နိုင် မဟောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မစက္ကံ၊ ထိုဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။ ဣတိ၊ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက်ကြွေးကြော်ကုန်၏။

## မြေလျှင်တုန်လှုပ်ခြင်း

တေနခဏေန၊ ထိုခဏဖြင့်။ တေနလယေန၊ ထိုလယဖြင့်။ တေနမုဟုတ္တေန၊ ထိုမုဟုတ်ဖြင့်။ ယာဝဗြဟ္မ လောကာ၊ အထက်အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသောအသံ

သည်။ အဇ္ဈတ္တိကဿတိ၊ နှိုး၍တက်၏။ အယဉ္စ ဒသ သဟဿိလောက ဓါတု၊ ဤတသောင်းသော လောကဓါတ် စကြာဝဠာသည် လည်း။ သံကမ္ပိ၊ သက်၍သက်၍ လှုပ်၏။ သမ္ပကမ္ပိ၊ တက်၍တက်၍ လှုပ်၏။ သမ္ပဝေမိ၊ ထိုမှဤမှ ယိမ်းကဲ့သို့လှုပ်၏။

## အလင်းရောင်ခြည်ပေါ်ခြင်း

အပ္ပမာဏော၊ အတိုင်းအရှည်မရှိသော။ ဥဠာရော၊ ပြန့်ပြော သော။ ဩဘာသောစ၊ ဒေသနာဉာဏ်ကြောင့်ဖြစ်သော အရောင် အလင်းသည်လည်း။ လောကေ၊ လောက၌။ ဒေဝါနံ၊ နတ်ဗြဟ္မာ တို့၏။ ဒေဝါနုဘာဝံ၊ နတ်ဗြဟ္မာတို့၏ အာနုဘော်ကို။ အတိက္ကမ္မ၊ သာလွန်၍။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။

## ဥဒါန်းကျူးခြင်း

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဒါနံ၊ ဝမ်းမြောက်သောစကားကို။ ဥဒါနေသိ၊ တသောင်းတိုက်သား ကြားသိအောင် မြွက်ဆိုတော်မူ၏။ ကိံ ဥဒါနေသိ၊ အဘယ်သို့ မြွက်ဆိုတော်မူသနည်း။ ဘော၊ အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဘော၊အိုရဟန်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဣတိ၊ ဤသို့။ ဥဒါနေသိ၊ မြွက်ဆိုတော်မူ၏။ ဣတိဟိ၊ ဣတိဝေ၊ ဤသို့ ဥဒါန်းကျူးတော်မူသော ကြောင့်သာလျှင်။ အာယသ္မတော၊ ကောဏ္ဍညဿ၊ အရှင်ကောဏ္ဍညအား။ အညာသိ ကောဏ္ဍညော

တွေ့ဝ၊ အညာသိ ကောဏ္ဍညဟူ၍သာလျှင်။ ဣဒံနာမံ၊ ဤအမည်သည်။ အဟောသိ၊ ဖြစ်၏။

## ရဟန်းအဖြစ်ခွင့်တောင်းခြင်း

အထခေါ၊ ထိုသောတာပန်ဖြစ်ပြီးသောအခါ၌။ အာယသ္မာ အညာသိ ကောဏ္ဍညော၊ အရှင်အညာသိကောဏ္ဍညသည်။ ဒိဋ္ဌဓမ္မော၊ မြင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ ပတ္တဓမ္မော၊ ရောက်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ ဝိဒိတဓမ္မော၊ သိအပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ ပရိယောဂါဠ္ဍဓမ္မော၊ ဥာဏ်ဖြင့်သက်ဝင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ကူးမြောက်ပြီးသောတဆယ့်ခြောက်ပါးသော ယုံမှားခြင်း၊ ရှစ်ပါးသောယုံမှားခြင်းရှိသည်ဖြစ်၍။ ဝိဂတကထံကထော၊ သို့လောသို့လော တွေးတောယုံမှားခြင်းကင်းသည်ဖြစ်၍။ သတ္ထုသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ ဝေသာရဇ္ဇပတ္တော၊ ရဲရင့်ခြင်းသို့ရောက်သည်ဖြစ်၍။ အပရပစ္စယော၊ ကိုယ်တိုင်မျက်မှောက် သိမြင်အပ်သောကြောင့် သူတပါးတို့အား ယုံကြည်ခြင်း မဖြစ်မူ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ လျှောက်၏။

ကိံ အဝေါစ၊ အဘယ်သို့ လျှောက်သနည်း။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်၏။

## ဟေဝိဘိက္ခုခေါ်တော်မူခြင်း

ဘိက္ခုရဟန်း။ ဟေဝိ၊ လာလှည့်။ ဓမ္မော၊ တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာဟောအပ်ပြီ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ အထက်မဂ်သုံးပါးတည်းဟူသော မြတ်သောအကျင့်ကို။ စရ၊ ကျင့်လော့။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ တဿအာယသ္မတော၊ ထို အရှင်အညာသိ ကောဏ္ဍညအား။ သာဝ ဥပသမ္ပဒါ၊ ထို ဟေဝိဘိက္ခုပဉ္စင်း အဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်၏။

ဓမ္မစက္ကပ္ပဝတ္တန သုတ္တံ၊ ဓမ္မစက္ကပဝတ္တနသုတ်သည်၊ နိဋ္ဌိ၊ အပြီးသို့ ရောက်ပြီ။

(ဝါဆိုလပြည့်နေ့၊ အ ရှင် ကော ဏ္ဍ ည ထေရ် သောတာပန် ဖြစ်သည်။ လပြည့်ကျော်တရက်နေ့ ဝပ္ပထေရ် သောတာပန် ဖြစ်သည်။ နှစ်ရက်နေ့ ဘဒ္ဒိယထေရ် သောတာပန် ဖြစ်သည်။ သုံးရက်နေ့ မဟာနာမထေရ် သောတာပန် ဖြစ်သည်။ လေး ရက် နေ့ အဿဇိထေရ် သောတာပန် ဖြစ်သည်။ ငါးရက်နေ့ အနတ္တလက္ခဏာသုတ်ကိုဟော၍ ငါးပါးလုံး ရဟန္တာချည်း ဖြစ်ကုန်၏။)

### ကျမ်းပြီး နိဂုံး

ဣတိမဟိဋ္ဌကာဝါသ နိဝါသိနာ မဟာထေရေန၊
ရစိတော ဓမ္မစက္ကပ္ပဝတ္တနသုတ္တနိဿယော၊
သဟာဿသတနုရုတိ၊ စတုဝဿမှိသာဝဏေ၊
ပုဏ္ဏမေ ပုရေဘတ္တမှိ၊ ပဟာရေကမှိသောရိယေ။

ဣတိဣမိနာ အနုက္ကမေန၊ ဤသို့သော သဒ္ဒါအစဉ်အနက် အစဉ်ဖြင့်။ မဟိဋ္ဌကာ ဝါသနိဝါသိနာ၊ မဟာအောင်မြေဘုံစံ အုတ်ကျောင်းတော်ကြီး၌ သီတင်းသုံးနေသော မဟာထေရ်ရေန၊ စက္ကိန္ဒာဘိသိရိသဒ္ဓမ္မဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု·မဟာထေရ် သည်။ ရစိတော၊ ရေးစီရင်အပ်သော။ ဓမ္မစက္ကပ္ပဝတ္တန သုတ္တ နိဿယော၊ ဓမ္မစက္ကပ္ပဝတ္တနသုတ်၏ နိဿယသည်။ သဟဿသတ နဝုတိစတုဝဿမှို၊ သက္ကရာဇ် ၁၁၉၄·ခုနှစ်၌။ သာဝဏော၊ နံကာလ၌။ ပုဏ္ဏမေပုရေဘတ္တမှို၊ လပြည့်နေ့နံနက်။ ပဟာရေကမှို သောဝရီယေ၊ စနေနေ့ တချက်တီးအချိန်၌၊ နိဋ္ဌိတော ပြီးခြင်းသို့ ရောက်၏။

ဓမ္မစကြာ ပါဠိနိသျ ပြီး၏။

# ကောသလမင်းအိပ်မက် (၁၆) ချက်

ပဋ္ဌမ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး
ရေးသားတော်မူသည်။

(ကောသလမင်းကြီးက မိမိ အိပ်မက်ကို လျှောက်ထားရာ မြတ်စွာဘုရားက ဖြေကြားတော်မူသည့်အတိုင်း အမေး-အဖြေ အချိုး လင်္ကာဖြင့် သီကုံးထားသည်။)

ကောသလ စောလှတဲ့ရာဇာ၊
ဆယ့်ခြောက်ဖြာ အိပ်မက်ခန်း ကျမ်းထွက်သချာ။
မိန့်ခွန်းဖြာ လင်္ကာပြန့်ပျူး၊
သောတု နောင်လာတို့မှတ်စိမ့်ငှာ ရည်ရွယ်တွေး ရေးပြမိန့်ဦး။

၁။ ပထမအိပ်မက်တော်

မေး။ ။ ဥဿဘ နွားလှဘဲ့လေးကောင်၊
ဝှေ့မယောင် ရှောင်ကာပြေးတယ် ဝေးရပ်သီခေါင်။

ဖြေ။ ။ မိုးရိပ်ကယ်မှောင် တိမ်တောင်တက်ချုန်း၊
လျှပ်စစ်ကယ် ရေင်ဝါနှင့် ရွာမလိုဟန်ပုံ ခင်းတယ်၊
ကွင်းပျောက်လို့ဆုံး။

၂။ ဒုတိယအိပ်မက်တော်

မေး။ ။ ချိန်မကျခင်က ရုက္ခတဲ့သစ်ပင်ငယ်၊
ဖူးငုံတံ ပွင့်တံမှီး သီးကြသွယ်သွယ်။

ဖြေ။ ။ မိန်းမငယ် သူငယ်ယောကျ်ား၊
ချစ်မေတ္တာပိုလျှံလို့ ရှယ်မ တန် သန္ဓေ မြတ်ကို စွဲကပ်
လို့ဖွား။

## ၃။ တတိယအိပ်မက်တော်

မေး။ ။ ယနေ့ဖွား နွားလှတဲ့သားငယ်၊
ထည့်ကို မိခင်စို့တယ် ထူးလို့မှတ်ဘွယ်။

ဖြေ။ ။ ကျေးဇူးကြွယ် မွေးမယ်ဘရင်း၊
ဝတ်စားမကုံထံလို့ သမီးထံ့ သားထံ ချော့ရမယ်၊
ပြောင်းပျော့ဝပ်စင်း။

## စတုတ္ထအိပ်မက်တော်

မေး။ ။ နွားငယ်ကို ဝန်ဆောင်ထားလို့ နွားကြီးကိုတဲ့ပြင်ကရံ၊
မရှုန်းနိုင် ပစ်ကာထားတယ် သွားတဲ့ဖြစ်ဟန်။

ဖြေ။ ။မှူမျိုးမှန် ချေငံသိကြား၊
လူကြီးကိုပယ်ခွာလို့ လူငယ်မှာ နိုင်ငံရေးကို ပေးအပ်လို့
ထား။

## ၅။ ပဉ္စမ အိပ်မက်တော်

မေး။ ။ကြုံပြန်ရ အသြတဲ့ရာဇာ၊
ခံတွင်းနှစ်တန်နှင့် မုယောဆန် ယူလို့စားတယ် ခြားလို့
မှတ်ရာ။

ဖြေ။ ။ထိုပဏ္ဏာ နှစ်ဖြာယူစား၊
နှစ်ပ ါးစုံ မကုံထံမှ မမှန်ကန် ဖြန်ကာဖြတ်တယ်၊ ပြီးပြတ်တရား။

## ၆။ ဆဋ္ဌမ အိပ်မက်တော်

မေး။ ။သိင်္ဂီစင် ရွှေလင်ပန်းကိုလ ညစ်ငြမ်းယုတ် မြေခွေးတန်၊
စွန့်ကျင်ငယ်ရေ ပြန်ထားတယ်၊ ကြားရဖြစ်ဟန်။

ဖြေ။ ။မျိုးမမှန်၊ မင်းထံမြှောက်စား၊
ဝတ်စားမကုံထံလို့၊ မျိုးမှန်သူ ကညာရင်းကို သွင်းရဖြစ်လား။

## ၇။ သတ္တမ အိပ်မက်တော်

မေး။ ။အင်းပျဉ်ပေ ါ် လူလွန်ကျစ်လို့၊ခွေးညစ်ကအောက်ဩသာ၊
မသိရှာ လွန်အဖျားကို စားကုန်သည့်တာ။

ဖြေ။ ။လင်ကြီးမှာ ရှာဖွေစုရုံး၊
အိမ်နေသူ လင်ငယ်ထားလို့ စားဆန်ရေ ဟူသရွေ့ကို သုံးရှုပျက်ပြုန်း။

## ၈။ အဋ္ဌမ အိပ်မက်တော်

မေး။ ။ရေပြည့်လျှံအိုး ခံကြီးကိုလ၊ အချည်းနှီးအိုးငယ်ရံ၊
ပြည့်ရာမှာ ထပ်ခ ါလောင်းလို့၊ မရှိရေ အိုးငယ်ပေ ါင်းကို စောင်းမကြည့်ပြန်။

ဖြေ။ ။မင်းကြီးထံ သုံးရန်မှုများ၊
ဝတ်စားသုံးရန်ဘို့ ကိုယ့်ဥစ္စာ အိမ်ကောင်မှုကို စောင်းမရှုအား။

## ၉။ နဝမအိပ်မက်တော်

မေး။ ။ခပ်သိမ်းသူ ချီးရေခပ်ကြတယ်၊ ထူးမြတ်တဲ့ကန်မဟာ။
အနားကြည် အလယ်နောက်တယ်၊ ဖြိုးမောက်လို့သာ။

ဖြေ။ ။တိုင်းစွန်မှာ ရပ်ရွာစည်ကား၊
မင်းစိုးရာဇာတို့ နေပြည်မှာ ခွန်တော်ခွဲတယ်၊ မွဲလို့ပျက်ပြား။

## ၁၀။ ဒသမ အိပ်မက်တော်

မေး။ ။အိုးအတန် ဆန်တော်ခပ်ပါငဲ့၊ ပျော့မနပ်မတော်မှန်၊
မင်းသုံးထွေ ကျက်ပုံကွဲတယ် လွဲရက်ရှိပြန်။

ဖြေ။ ။မိုးမမှန် ရွာဟန်ကွက်ကြား၊ နှစ်ပျက်ကယ်မအောင်ရေနှင့်
အောင်သုံးရေ အမည်ကွဲတယ် လွဲတဲ့စပါး။

## ၁၁။ ကောဒသမအိပ်မက်တော်

မေး။ ။တသိန်းတန် စန္ဒကူး၊ နွေ့ကြူးပုတ် ရက်တက်ရေ၊
အဘိုးငယ်မတန်ဘဲ လဲထပ်ကြပေ။

ဖြေ။ ။မြတ်ဗုဒ္ဓေ စိန္တေမိန့်ကြား၊
ဘိုးနဂ္ဃ မမြတ်ကိုတဲ့ ပစ္စယာလေးဖြာရပ်ကယ်နှင့် လဲထပ်လို့စား။

## ၁၂။ ဒွါဒသ အိပ်မက်တော်

မေး။ ။ဗူးတောင်းကွဲ ပေါ်မြဲတဲ့ဓမ္မတာ၊
ရေပြင်မှာမတည်ဘဲ လဲနစ်သည်သာ။

ဖြေ။ ။သီလဝါ ပညာရှိများ၊
ရဟန်းရှင်လူတို့၊ ကျေးဇူးမှု ဂုဏ်သိရ်ပြုတတ်တယ်၊ ကျိုးယုတ်အလား။

## ၁၃။ တေရသမ အိပ်မက်တော်

မေး။ ။ကျောက်ဆိုင်ခဲ၊ နစ်မြဲတဲ့ဓမ္မတာ၊
ရေပေါ်မှာ လှေအလားသို့ ငွါးငွါးထင်လာ။

ဖြေ။ ။နီတိလာ ပညာမဲ့များ၊
ရဟန်း ရှင် လူတို့ ကျေးဇူးမှု ထင်ပေါ်ကောင်းတယ်၊ ကြောင်းဖြစ်အလား။

## ၁၄။ စုဒ္ဒသမ အိပ်မက်တော်

မေး။ ။ကိုယ်တဆုပ်ကယ်နှင့် ပိန်စုပ်မစွ ဖါးသူငယ်၊
မြွေကြီးကို ကိုက်ကာဝါးလို့ စားခဲ့ပြန်တယ်။

ဖြေ။ ။မိန်းမငယ် ဆိုးကျယ်ညစ်ညမ်း၊
မှုမျိုးကို သူစိရင်လို့ ကိုယ့်လင်ကို အနိုင်ကျင့်တယ်၊ ဘေးသင့်ခမန်း။

## ၁၅။ ပန္နရသ အိပ်မက်တော်

မေး။ ။ရွှေအလား ငှက်များတဲ့ဟသ်ာ၊
ကျီးနက်ကို ခြံရံခ,တယ်၊ ရှေးကကြမ္မာ။

ဖြေ။ ။မျိုးယုတ်မာ ရာဇာဖြစ်လား၊
အမျိုးမြတ်သူတို့ ရှေ့တူရှု ခ,ဝပ်ညောင်းတယ်၊ ကြောင်းသင့်အလား။

## ၁၆။ သောဋသမ အိပ်မက်တော်

မေး။ ။ကျွားသစ်သားကိုလ ဆိတ်စားလို့နေကုန်ပြီ၊
ဆိတ်ကိုမြင် သစ်တွေပုန်းတယ်၊ ထုံးနှင့်မည်။

ဖြေ။ ။သုလင်္ဃီ ဒုသီတို့နှိမ်နင်း၊
သီလဝံအရှင်မြတ်ကယ်တို့ဒုသီကိုအမြင်ကပ်သောကြောင့်
တောရပ်သို့ချဉ်း။

နိဂုံး။ ။ကောသလ စောလှတဲ့ရာဇာ၊
ဆဲ့ခြောက်ဖြာ အိပ်မက်ကြီး ပြီးနိဌာတာ။
မိန့်ခွန်းဖြာ၊ လက်ာသန့်ရှင်း၊
နောက်သားရှင်လူတို့ သူမြင်တာ မှန်မလွဲတယ် မြဲမှတ်ကြမင်း။

# သတ္တဋ္ဌာန ဘုရားရှိခိုး

(က) ပဌမံ ဗောဓိပလ္လင်္ကံ၊
ဒုတိယဉ္စ အနိမိသံ။
တတိယ စင်္ကမဉ္စေဝ၊
စတုတ္ထံ ရတနာဃရံ။

(ခ) ပဉ္စမံ အဇပါလဉ္စ၊
မုစလိန္ဒဉ္စ ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ၊
သတ္တဋ္ဌာန အဟံ နမေ။ ။

(က) ၁။ ပဌမံ၊ ရှေးဦးစွာသော။ ဗောဓိပလ္လင်္ကံ၊ အတောင်တရာ ကြီးစွာမြင့်ခေါင်၊ ဗောဓိညောင်မှ၊ လေးတောင်ထွာစွန်း၊ သေန်ခန်းဝယ်၊ ခြူးပန်း ခြူးနွယ်၊ အံ့ဘွယ်ရတနာ၊ ဆန်းကြယ်စွာသား၊ သစ္စာလေးဆင့်၊ ပွင့်တော်မူရာ၊ ပလ္လင်သာကို၎င်း။

၂။ ဒုတိယံ၊ နှစ်ကြိမ်မြောက်သော။ အနိမိသဉ္စ၊ ရွှေညောင်ရွှက်ဝိမ်း၊ ငါးမာရ်ငြိမ်း၍၊ ရှေ့ယိမ်း မြောက်တွင်၊ သေန်ခွင်ဝယ်၊ ပလ္လင်ရတနာ၊ မာရ်အောင်ရာဟု၊ သကျာဓိပတိ၊ ထွတ်ဘုန်းရှိလျှင်၊ မျက်စိမမှိတ်၊ ဖိုလ်စိတ်ရည်ရော်၊ တံ့ရပ်မျှော်၍၊ နေတော်မူရာ၊ အနိမိသာ၊ ရပ်ခန်းဝါကို၎င်း။

၃။ တတိယံ၊ သုံးကြိမ်မြောက်သော။ စက်မဋ္ဌ၊ ဗောဓိပင်မှ။ အနိမိသ၊ ဌာနရှစ်ပါး။ အလယ်ကြားတွင်၊ အလျားရှေ့နောက်၊ အခေါက်ခေါက်လျှင်၊ တံ့ထောက်မနား၊ စင်္ကြံသွား၍၊ ရွှေဖဝါး တော်ကြာ၊ စက်ချရာဟု၊ ရတနာအတိ၊ ဝင်းပြောင်ညီသား၊ သိရိ လျှံဝါ၊ စင်္ကြံသာကိုရှင်း။

၄။ စတုတ္ထံ၊ လေးကြိမ်မြောက်သော။ ရတနာဃရဋ္ဌ၊ ဗောဓိ ပင်မှ သမိပဟု။ သာလှမြေပြင်၊ ဗာယပ်ခွင်ဝယ်၊ ခဲအင်လှစွာ၊ ဘိမမ္မာကို၊ စိတ်ဖြာခွဲခြမ်း၊ ဉာဏ်တော်လျှမ်း၍၊ စူးစမ်းဆင်ခြင်၊ စံရှင်ပျော်ရာ၊ ရတနာဃရ၊ ကျော်ပေါ်ပြသား၊ ဒေဝဖန်ဆန်း၊ ရွှေအိမ်နန်းကိုရှင်း။

(ခ) ၅။ ပဉ္စမ၊ ငါးကြိမ်မြောက်သော။ အဇပါလဋ္ဌ၊ ဗောဓိပင်မှ။ ပြုဗ္ဗဒိသာ၊ ရှေ့မျက်နှာ၌၊ ကောင်းစွာရောက်ထ၊ မြမြသွန်းသွန်း၊ရွှေရည်ဆမ်းသို့ရိပ်နန်းဝင်းပြောင်၊ ဆိတ်ကျောင်း ညောင်မှာ၊ ခြောက်ရောင်ထွန်းပ၊ သုံးလူ့ဘဟု၊ မွေမွေ့လျော်၊ နေတော်မူမှုန်း၊ အရပ်ဆန်းကိုရှင်း။

၆။ ဆဋ္ဌမံ၊ ခြောက်ကြိမ်မြောက်သော။ မုစလိန္ဒဋ္ဌ၊ ရွှေငွေ့ သန္တာ၊ နီလာပတ္တမြား၊ ငါးပါးအရောင်၊ ဝင်းဝါပြောင်သား၊ ရွှေညောင်တော်ရှေ့၊ တောင်စပ်ကွေ့တွင်၊ ချမ်းမြေ့မိုးပြင်း၊ ရွာဘိခြင်းကို၊ ရေမင်းနာဂါ၊ ပါးပျဉ်းကာ၍၊ ချမ်းသာရိပ်မြုံ၊ ပျော်ပိုက်တုံသည်၊ မုစလိန္ဒာ၊ ရွှေကြာနံလှိုင်၊ ပန်းစုံအိုင်ကိုရှင်း။

၇။ သတ္တမံ၊ ခုနှစ်ကြိမ်မြောက်သော။ ရာဇာယတနဋ္ဌ၊ ရတနာသိရိ၊ ဗောဓိပင်ဝန်း၊ တောင်ရပ်စွန်းတွင်၊ လင်းလွန်းမြတ်ညို၊ ပင်ရိပ်ခိုရှဲ၊ ဗြဟ္မစိုရ်လေးပါး၊ တရားထုံလျှက်၊ သုံးဘုံမြကွင်း၊ တရားမင်း၏၊ ပျော်ခင်းစံရာ၊ ရာဇာယတန၊ ရပ်ဇေယျကိုရင်း။

ဤသို့မြတ်စွာတင်အပ်ရာသား၊ ရတနာထူးလည်၊ ရပ်ခုနစ်မည်ကို၊ အဟံ-အကျွန်ုပ်သည်။ နမေ၊ နမာမိ။ ကုမုဒြာ၊ ရွှေကြာပွင့်ငုံ၊ ဆယ်ချောင်းရုံလျှက်၊ ကြည်ယုံမြတ်နိုး၊ ဦးထိပ်မိုးရှဲ၊ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။ ။

မဟာဝိဇ္ဇာ
စာပေ

မဟာဝိဇ္ဇာစာပုံနှိပ်တိုက် နှင့် စာပေဖြန့်ချီရေးဌာန၊
အမှတ်-၂၁၄၊ လမ်း-၃၀၊ ရန်ကုန်မြို့။

၁၃၃၂-၃။